


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မောင်ဆန္ဒ (လယ်ဝေး)

# ကံသုံးပါးဆင်ခြင်ဖွယ် ဇာတ်ဝတ္ထုများ

မြတ်ပန်းရဂုံစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၇၁၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၅၁၉၁၁၀၈
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
ထုတ်ဝေသူ - သင်းသင်းမွန် (သင်းစာပေ)
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
(၁)ရပ်ကွက်၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်
(၀၄၂၃၂)
အတွင်းဖလင် - အောင်သိန်းစိုး
ကွန်ပျူတာစာစီ - စံတော်ချိန်
စာပြင် - သိန်းအေး (ဇေတဝန်)
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအောင်သန်းစိုး လှိုင်ရောင်စုံပုံနှိပ်တိုက်
၁၉၃၊ လမ်း ၄၀၊ ကျောက်တံတား
(၀၇၉၂၆)
အုပ်ရေ - ၅၀၀
တန်ဖိုး - 1950 ကျပ်

BURMESE CLASSIC .com

# မာတိကာ

တက္ကသိုလ်သျှင်သီရိ၏ အမှာစာ — က
ဦးမောင်မောင်အေး၏ အမှာစာ — ဇ
စကားဦး — ည
၁။ တောင်မြင်းမိုရ် ဖြိုသည့်ကံ — ၄
၂။ မသေမီက ပုပ်နေသူ — ၁၈
၃။ ပုညကုသလ — ၂၈
၄။ လောဘဒဏ် — ၄၂
၅။ နှတ်ချစ်ဆေး — ၅၂
၆။ ဖောက်ပြန်ယွင်းမှား ရေလား — ၆၄
၇။ ရှုန်းထွက်နိုင်သူ — ၇၄
၈။ မုသားဆိုက ရေကျ — ၈၄
၉။ ဝစီသစ္စာ — ၉၂
၁၀။ ကုန်းချောသူ — ၁၀၂
၁၁။ အတိတ်ကောင်း နိမိတ်ကောင်း — ၁၁၂
၁၂။ ဝစီကြမ်းတမ်း နှုတ်သရမ်းလေသူ — ၁၂၀
၁၃။ ပီယဝါစာ — ၁၃၀
၁၄။ အကျိုးမဲ့စကား — ၁၃၈
၁၅။ ရွှေသဝဏ်လွှာ — ၁၄၄
၁၆။ တစ်သက် နှစ်ဘဝ — ၁၅၂
၁၇။ အမွှတ္တသိုလ် — ၁၆၀
၁၈။ ကုဋေလေးဆယ်တန် ဖွဲ့တစ်ဆုပ် — ၁၆၈
၁၉။ ကေသာဋက — ၁၇၈
၂၀။ ခွေးကျင့်ခွေးကြံ — ၁၈၈
၂၁။ အမှန်လမ်း — ၁၉၄

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## မဟာသဒ္ဓမ္မဇောတိကဓဇ
## တက္ကသိုလ်သျှင်သီရိ (မမ္ဗာစရိယ–ဘီအေ) ၏
## အမှာစာ

ကမ္ဘာလောကကြီးတစ်ခုလုံး၏ သာယာတိုးတက်ပြန့်ပြောမှု၊ ငြိမ်းချမ်းသာယာမှုတို့ကို ဖန်တီးကြသူများမှာ လူသားများပင် ဖြစ်ပါသည်။ ထိုလူသားများ အကျင့်သီလ လုံခြုံစွာ စောင့်ထိန်းကြလျှင် ကမ္ဘာလောကကြီးသည် ကပ်သုံးပါးကင်းဝေးပြီး ဘေးအန္တရာယ်ကင်းကာ စားဝတ်နေရေး ပေါကြွယ်ဝပြီး သာယာမည်၊ ငြိမ်းချမ်းပါမည်။ လောဘ၊ ဒေါသ၊ မောဟတရား များပြီး အကုသိုလ် ဒုစရိုက်တရားများတို့ ပြုလုပ်သူ များပြားလာ၍ သီလတရားကို မစောင့်ထိန်း နိုင်ကြလျှင် ဤကမ္ဘာလောကဝယ် ငတ်မွတ်ဘေး၊ ရောဂါဘေး၊ လက်နက်ဘေး ဟူသော ကပ်ကြီးသုံးပါး ဆိုက်ရောက်ပြီး လူသားအားလုံး ဆင်းရဲရောက်ပြီး ပျက်စီးဆုံးရှုံး ကြရပါမည်။

ဤသီလတရားဟူသည် ကမ္ဘာဦးအစ ပေါ်ခဲ့သောတရား ဖြစ်ပါသည်။ ထိုသီလတရားပျက်ကြ၍ လူ့သက်တမ်းများ ဆုတ်ယုတ်သလို အစာအာဟာရများလည်း ဆုတ်ယုတ်လာကြသည်။ ထိုသီလတရားများ ပျက်ပြားမှုကြောင့် လူ့သက်တမ်းအဆင့်ဆင့်တွင် ဒုစရိုက်ဆယ်ပါးတရားများ အဆင့်ဆင့် ပေါ်ပေါက်လာခဲ့ရပါသည်။

**မြတ်ပန်းရဂုံစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သီလတရားသည် လူသားတို့၏ ကိုယ်ချင်းစာတရား (ဝါ) မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားပေါ်တွင် အခြေခံထားခြင်း ဖြစ်ပါသည်။ မိမိအပေါ် ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ မကောင်းမှု ဒုစရိုက် ပြုလာလျှင် မည်သူမျှ လိုလားကြမည်မဟုတ်ပါ။ ထို့အတူ မိမိက သူတစ်ပါးအား ပြုမူလျှင်လည်း ကြိုက်လိမ့်မည် မဟုတ်ဟူသော အသိတရားကို သတိထားဆင်ခြင်လိုက်လျှင် သီလစောင့်ထိန်းပြီးဖြစ်ပါသည်။

ဤ "ကံသုံးပါးဆင်ခြင်ဖွယ် ဇာတ်ဝတ္ထုများ" စာအုပ်တွင် စာရေးသူ မောင်ဆန္ဒ(လယ်ဝေး)က ဤသဘောကို မီးမောင်းထိုးပြထားပါသည်။

ထိုသတိထား ဆင်ခြင်မှု စိတ်အမူအကျင့်ကို အသိနှင့်ယှဉ်၍ လေ့ကျင့်ပျိုးထောင်ယူကြရသည်။ သတ္တဝါတို့၏ စိတ်သဘောသည် မကောင်းမှု၌သာ မွေ့လျော်တတ်သော သဘောရှိသည်။ ထိုသို့ သဘောရှိသော စိတ်ကို ကောင်းမှု၌ မွေ့လျော်လာအောင်၊ ကောင်းမှု လုပ်လျှင် မည်သို့သော ကောင်းကျိုးရရှိခံစားရသည်၊ မကောင်းမှု လုပ်လျှင် မည်သို့သော မကောင်းကျိုး ခံစားရသည်ကို အသိ၊ သတိ နှင့် ဗဟုသုတရှိရန် လိုအပ်ပါသည်။ ထိုသို့ သိရှိလာမှ ကောင်းမှု၌ မွေ့လျော်လာအောင် ပျိုးထောင်ယူရပါသည်။

လောကလူသား၏ အသိုင်းအဝိုင်းတွင် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ ဘွဲ့ထူးဂုဏ်ထူးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်ကျင့်တရားကောင်းသူ၊ သီလရှိသူကိုသာ





လူတို့ ချစ်ခင်ကြသည်။ ကြည်ညိုလေးစားကြပါသည်။ ကိုယ်ကျင့်တရား မကောင်းသူကို ရွံရှာချသည်။ ရွံမုန်းပါသည်။

"အသက်ရှည်လိုက်တာ သီလကောင်းတာကိုး" ဟု ပြောကြသည်။ အလှအပ၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဘေးရန်ကင်းခြင်း၊ လိုအင်ဆန္ဒ ပြည့်ဝခြင်းတို့သည် သီလရှိသူများ၊ သီလဖြည့်ကျင့်ခဲ့သူများ ရရှိသော ဆုလာဘ်ဖြစ်သည်။

လောကနိယာမတရားအရ ဒုစရိုက်မကောင်းမှု ပြုရခြင်းကို ရှက်ခြင်းနှင့် ကြောက်ခြင်း တရားနှစ်ပါးသည် လောက လူ့အဖွဲ့အစည်း တိုးတက်တည်တံ့ရေးအတွက် ထိန်းမတ်ပေးသော တရားများ ဖြစ်ကြသည်။ မကောင်းမှု ဒုစရိုက်မှ ရှောင်ကြဉ်မှုသည်ပင် သီလစောင့်ထိန်းခြင်း မည်ပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ အမြင့်ဆုံးရည်မှန်းချက်သည် မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးပင်ဖြစ်သည်။ ရည်မှန်းချက်ရောက်အောင် ကိုယ်ကျင့်တရား(သီလ)ပိုင်းနှင့် အလုပ်တရား(ပညာ)ပိုင်းတို့ကို ဖြည့်ကျင့်ရသည်။ ဝိပဿနာတရား အားထုတ်ကြရာတွင် အကျင့်သီလ ပြည့်စုံမှသာ ရနိုင်ပါသည်။

ဤ "ကံသုံးပါးဆင်ခြင်ဖွယ်ဇာတ်ဝတ္ထုများ" စာအုပ်တွင် စာရေးသူက မကောင်းမှု ဒုစရိုက်တရားများကို ရှောင်နိုင်ပြီး ကောင်းမှု သုစရိုက်တရားများကို ပြုနိုင်ကြရန် (ဝါ) သီလကို လုံခြုံစွာ ထိန်းနိုင်ကြရန် အကောင်းနှင့်အဆိုး၊ ဒုစရိုက်ဇာတ်လမ်း၊ သုစရိုက်ဇာတ်လမ်းများကို ယှဉ်ထိုးပြသွားသည်မှာ လူငယ်၊

www.burmeseclassic.com



လူလတ်၊ လူကြီးတို့အတွက် အတုယူစရာ၊ မှတ်သားစရာ ကောင်းသော အသိပညာပေး စာအုပ်ကောင်း ဖြစ်ပါသည်။

မောင်ဆန္ဒ(လယ်ဝေး)၏ စာပေရေးသားမှု တင်ပြမှုများနှင့် ပတ်သက်၍ စာရေးသူက အထူးအားရ ချီးမွမ်းမိသည်မှာ ဗုဒ္ဓတရားများကို ခေတ်စနစ်နှင့်အညီ လူငယ်၊ လူလတ်၊ လူကြီး စိတ်ဝင်စားအောင် ရေးသားပြနိုင်ခြင်း ဖြစ်ပါသည်။

ဤနိုင်ငံသို့ ဗုဒ္ဓစာပေအဆုံးအမတို့သည် ပါဠိဘာသာဖြင့် ရောက်လာ၍ ပညာရှိဆရာတော်တို့က မြန်မာလူသားတို့ သိရှိခံစားနိုင်အောင် ပါဠိအနက်ပေး(နိဿယ) ခေါ် မြန်မာပြန်ပြသည်။ စာသင်သား ရဟန်းသာမဏေတို့အဆင့်သာ သိနိုင်ကြသည်။

အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ခေမာ၊ ရှင်အုန်းညိုတို့က ထိုခေတ် ခေတ်စားသော ပျို့၊ ကဗျာလင်္ကာဖြင့်လည်းကောင်း၊ ပါရာယနဝတ္ထု ဟူသော မြေစမ်းခရမ်းပျိုး မြန်မာ ပါဠိရော စကားပြေဖြင့်လည်းကောင်း ရေးသားပြခဲ့ကြသည်။

ပင်းယ ၊ ကုန်းဘောင်ခေတ်တွင် မူ မင်းဘူးဆရာတော် ဦးသြဘာသက ဇာတ်ကြီး(၁၀)ဘွဲ့ စသော မြန်မာစကားပြေ၊ တောင်ဖီလာဆရာတော်က ပဿဝမနဝတ္ထုဟူသော မြန်မာ စကားပြေများဖြင့် ရေးသားပြလာပါသည်။

သို့သော် ဗုဒ္ဓ၏ တရားအဆုံးအမဟူသော သုတ္တန်၊ အဘိဓမ္မာ တရားတို့သည် ပါဠိဘာသာ မတတ်ကြသော လူသားအများ လောကထဲသို့ ကျယ်ပြန့်စွာ ထိုးဖောက် မဝင်ရောက်နိုင်ခဲ့ပါချေ။





စာတတ် ပေတတ် ဆရာတော် သံဃာတော်များ ဟောကြားသမျှသာ တတ်သိနားလည်ခဲ့ကြရသည်။

ထိုမှနောက် ဗုဒ္ဓ၏တရားအဆုံးအမများကို လယ်တီဆရာတော်ဘုရားက ဒီပနီဟူသောအမည်ဖြင့် ရေးသားတင်ပြခဲ့ရာ ဗုဒ္ဓဘာသာဝင်တို့အကြားတွင် ဗုဒ္ဓ၏အဆုံးအမတရားများ ကျယ်ပြန့်စွာ လေ့လာသိရှိခွင့် ရခဲ့ပါသည်။

ဤစာရေးသူပင် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများကို ငယ်စဉ်က အဘိုး ဖတ်သည်များကို ယူဖတ်မိခဲ့ပြီး လယ်တီဆရာတော် ကို အားကျမိခဲ့သည်။ ငါသာ ဗုဒ္ဓစာပေတွေကို လေ့လာသင်ယူပြီးလျှင် လူသားအားလုံး နားလည်အောင် ထိုတရားများကို လယ်တီဆရာတော်လို မြန်မာဘာသာဖြင့် ရေးသား၍ ဗုဒ္ဓဘာသာဝင်အများ သိရှိနားလည် ကျင့်ကြံအားထုတ်နိုင်အောင် လုပ်မည်ဟု စိတ်ဆုံးဖြတ်ခဲ့ပြီး ယခုစာရေးသူ တက္ကသိုလ်သျှင်သီရိ (မဟာစရိယ-ဘီအေ) ကလောင်အမည်ဖြင့် စာရေးနေခြင်း ဖြစ်ပါသည်။

ဤမှာဘက်ခေတ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက် ပိဋကတ် မြန်မာပြန်များ ပေါ်လာခဲ့၍ ပါဠိစာပေမတတ်ကြသော ဗုဒ္ဓဘာသာဝင်တို့အတွက် အတော်ပင်အကျိုးများခဲ့ပါသည်။ သို့သော် ပါဠိကို တိုက်ရိုက်ဘာသာပြန်ထားသဖြင့် ဖတ်ရသည်မှာ မသွက်လက်၍ လူငယ်လူရွယ်တို့က များစွာ စိတ်ဝင်စားမှု မရှိပါ။

ထိုအချိန်မှာပင် ဆရာဦးကြီးမောင်(ငွေဥဒေါင်း)က ဗုဒ္ဓစာပေများထဲမှ မှတ်သားဖွယ်၊ အတုယူဖွယ်ကောင်းသော ဗုဒ္ဓခေတ်က



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းများကို ပုံနှိပ်စာပန်းချီ ဟူ၍ အမည်သုံးပြီး ရေးသား ပြခဲ့ရာ လူငယ်၊ လူလတ်၊ လူကြီးတို့ အလွန်စိတ်ဝင်စားပြီး လေ့လာဖတ်ရှုကြသည်ကို တွေ့ရပါသည်။ စာရေးသူအလည်း ဆရာကြီး ငွေဥဒေါင်းကို အားကျပြီး ဓမ္မရသဝတ္ထုအဖြစ် စမ်းသပ်ရေးကြည့်ပါသည်။ ထင်သလောက်မလွယ်ပါ။

ယနေ့ခေတ် လူငယ်၊ လူလတ်၊ လူကြီးများ ပုံနှိပ်စာပေနှင့် တွေ့ ထိနိုင်အောင် ဆရာဦးကြီးမောင်(ငွေဥဒေါင်း)ကဲ့သို့ ပုံနှိပ်စာ ပန်းချီဝတ္ထုများကို ဓမ္မရသမြောက်ရေးဖွဲ့နိုင်သူ တစ်ဦးဦး ပေါ်လာလျှင်ကောင်းမည်ဟု စိတ်ထဲတွင် ဆန္ဒတဖွားဖွား ဖြစ်မေါ် မိပြီး ကိုယ်တိုင်လည်း ကြိုးစားကြည့်မိပါသည်။

ထိုကာလအတွင်းမှာပင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၌ မောင်ဆန္ဒ (လယ်ဝေး)၏ ဓမ္မရသဝတ္ထုကလေးများကို တော်တော်များများ ရှာဖွေဖတ်မိသောအခါ ဒုတိယစာပန်းချီရှင်တစ်ဦးပေါ်ပေပြီဟု စာရေးသူမှတ်ထင်ခဲ့ပါသည်။ စာရေးသူ အယ်ဒီတာချုပ် အဖြစ် ဆောင်ရွက်နေသော ဓမ္မဝိရ ဂျာနယ်တွင် မောင်ဆန္ဒ(လယ်ဝေး) ပို့သမျှ ဓမ္မရသ ဝတ္ထုများကို မပြတ်ထည့်ပေးခဲ့ပါသည်။

ဤအမှာစာရေးနေသည့်အချိန်အထိ လူချင်းကား မတွေ့ဖူး သေးပါ။ မိန္ဒကုတ်စာပေတတ်ဘုန်းကြီးလူထွက်လား၊ ပုံနှိပ်စာပေကို စိတ်ဝင်စားပြီး အဖတ်အကုတ် ကြိုးစားလေ့လာပြီး ရေးနေသူလား စာရေးသူမသိပါ။

မည်သို့ဆိုစေ၊ ယနေ့သူ၏ ပုံနှိပ်စာပေပါ အကြောင်းအရာများ ကို စာပန်းချီဆန်ဆန် (စာရေးသူအဆို ဓမ္မရသဝတ္ထု) ဖွဲ့နွဲ့ရေးသား





ပြီး လူငယ်၊ လူလတ်၊ လူကြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ထိုသို့ဖတ် သဖြင့် အသိတရားရအောင် လုပ်ပေးနိုင်သော ဉာဏ်စွမ်းရည်ကို စာရေးသူက အထူးချီးကျူး လေးစားမြတ်နိုးခဲ့ရပြီး တစ်ဖက် တစ်လမ်းက သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေသူ ဟု မှတ်တမ်းပြုထားမိပါသည်။

အသင် စာရှုသူ၊ ယခု ဤ "ကံသုံးပါးဆင်ခြင်ဖွယ်ဇာတ် ဝတ္ထုများ" ဟူသော ဓမ္မရသစာစုကို ခံစားကြည့်ပါ။ သင့်၌ မည်မျှ အသိဉာဏ်တိုးပြီး ဒုစရိုက်၊ သုစရိုက်ကို ခွဲခြားသိကာ သီလတရား၌ အသိဉာဏ်တိုးပြီး ထိန်းသိမ်းနိုင်မည်ကို သိလာပါမည်။

ဤဓမ္မရသ စာစုကို ဖတ်ရှုရသောအားဖြင့် ရခဲလှသောလူ့ဘဝ ၌ သင်ရလာသော လူ့ဘဝ၏ တန်ဖိုးကို သဘောပေါက်နားလည် သွားလိမ့်မည်ဟု ယုံကြည်မိပါသည်။

ငရဲ ဟူသော ဆင်းရဲနှင့်ကင်းပြီး နတ်ရွာသုဂတိ ချမ်းသာ နိဗ္ဗာန်ကို ရရှိခံစားနိုင်ပါစေ ...။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သိရိ(ဓမ္မာစရိယ-ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်

သက်ပြည့်အငြိမ်းစားယူပြီးနောက် ကိုယ်ပိုင်အချိန်ရလာသည့်အခါ မိမိဝါသနာပါရာ စာအုပ်ပြုစုသည့် အလုပ်ကို စိတ်တိုင်းကျလုပ်ခွင့်ရရုံသာမက စာပေမျိုးစုံကိုပါ ဖတ်ခွင့်ရခဲ့ပါသည်။

စာအုပ်စာပေကို ဖတ်ရှုလေ့လာရင်း ဗုဒ္ဓ၏ လက်ဝဲရံ အရှင်မဟာမောဂ္ဂလန်၏ ရဟန္တာမထေရ်ကြီးဖြစ်ပါလျက် အတိတ်ဘဝက မိဘနှစ်ပါးအား နှိပ်စက်ခဲ့သည့် အပြစ်ကြောင့် ခိုးသားငါးရာ၏ နှိပ်စက်မှုကို မရှုမလှခံရပုံ၊ အတိတ်ဘဝက ရဟန္တာထေရ်ရီအား ဝစီကံဖြင့် ပြစ်မှားမိခဲ့၍ မျက်မှောက်ဘဝတွင် အချောအလှပဂေးဖြစ်ပါလျက် ပြည့်တန်ဆာဖြစ်ရသည့် 'အမ္ဗပါလီ၏ဖြစ်စဉ်တို့ကို ဆင်ခြင်မိရာမှ ဘဝတစ်လျှောက် ကံသုံးပါးနှင့်ပတ်သက်၍ ဆင်ခြင်ဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ လိုက်နာဖွယ်တို့ကို သင်ခန်းစာပေးနိုင်မည့် နိပါတ်တော်လာ ဝတ္ထုများကို စုစည်းထုတ်ဝေချင်သည့် ဆန္ဒဖြစ်ပေါ်လာပါသည်။ ကျွန်တော်၏ဆန္ဒကို မောင်ဆန္ဒ(လယ်ဝေး) နှင့် တိုင်ပင်အကူအညီ တောင်းရာ၎င်းကလည်း လိုလိုချင်ချင် ပြုစုပေးပါသည်။

မြတ်ပန်းရဂုံစာပေ



ပြုစုပြီးစာမူ ကောင်းသည်ထက် ကောင်းစေရန်အလို့ငှာ ဆရာတက္ကသိုလ်သျှင်သီရိအား ဖတ်ရှု တည်းဖြတ် ပေးပါရန် မေတ္တာရပ်ခံရာ ဆရာကလည်း စိတ်အားထက်သန်စွာ ဖတ်ရှုပေးပြီး အမှာစာပါ ရေးပေးပါသည်။

ဤစာအုပ်ကို စီစဉ်ထုတ်ဝေရာတွင်လည်း ဈေးနှုန်းသက်သက်သာသာဖြင့် ဖတ်ရှုသူအရေအတွက်များများသို့ ဗုဒ္ဓစာပေများ ပျံ့နှံ့ရောက်ရှိစေလိုသောဆန္ဒကိုမူ မြတ်ပန်းရဂုံ စာအုပ်တိုက်က ဖြည့်ဆည်းပေးပါသည်။

စာဖတ်သူများအနေဖြင့် ဤ ကံသုံးပါးဆင်ခြင်ဖွယ် ဇာတ်ဝတ္ထုများ စာအုပ်ကို ဖတ်ရှုပြီး ကာယကံ၊ ဝစီကံ၊ မနောကံ မိမိ၏ အလုပ်သုံးပါးကို ဆင်ခြင်ကာ ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်ကိုဆောင်လျက် လက်တွေ့ပြုကျင့်လိုက်နာခြင်းဖြင့် ကံကောင်းသူများ ဖြစ်ကြပါစေ ဟု ဆန္ဒပြုအပ်ပါသည်။

မောင်မောင်အေး (အမ်အမ်အေ)
စာတည်းမှူးချုပ်(ငြိမ်း)
နယူးလိုက်အော့ဖ်မြန်မာသတင်းစာ

ရက်စွဲ။ ၂၀၀၈ ခုနှစ် ၊ ဇူလိုင်လ ၁၀ ရက်။

မြတ်ပန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



## စကားဦး

ရဟန်းတို့ ၊ တရားငါးမျိုးနှင့်ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲ၌ ဖြစ်ရ၏။ အဘယ်တရားငါး မျိုးတို့နည်းဟူမူ... အသက်ကိုသတ်လေ့ရှိ၏။ မပေးသည့်ကို ယူလေ့ရှိ၏။ ကာမဂုဏ်တို့၌မှားယွင်းစွာကျင့်လေ့ရှိ၏။ မဟုတ်မမှန်စကားဆိုလေ့ရှိ၏ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောသေရည်သေရက်ကို သောက်စားလေ့ ရှိ၏။ ထို တရားငါးပါးနှင့် ပြည့်စုံသူသည် ငရဲထိန်းတို့က ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲ၌ ဖြစ်၏။

မြတ်ဘုရားသည် အပါယ်ဘုံ၌ ကျစေနိုင်သည့် ဒုစရိုက် အမှု အဖြစ်ကို အင်္ဂုတ္တိုရ်ပါဠိ အဓမ္မစရိယသုတ်တွင် ဤသို့ ပြတ်ပြတ် ထင်ထင် ဟောမိန့်ခဲ့၏။

ဒုစရိုက်တရား အားဖြင့် (၁၀) ပါးရှိသည်။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ရာ မှောက်မှားခြင်း ဟူသည့် ကာယဒုစရိုက် (၃)ပါး ဖြစ်သည်။ မုသားပြောဆိုခြင်း၊ ကုန်းချောစကား ပြောဆိုခြင်း၊ ကြမ်းတမ်းရိုင်းပျသည့် စကားပြောဆိုခြင်း၊ အကျိုးမရှိသော စကား ပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်(၄)ပါး ဖြစ်သည်။ သူတစ်ပါးပစ္စည်း ရရန်ကြံခြင်း၊





သူတစ်ပါးပျက်စီးရန်ကြံခြင်း၊ မှားယွင်းသော အယူကို လက်ခံ ခြင်းသည် မနောဒုစရိုက် (၃)ပါး ဖြစ်သည်။

ဤသို့သော ဒုစရိုက်တရားကို ကျူးလွန်လျှင် သော်လည်း ကောင်း၊ ကျူးလွန်စေရန် တိုက်တွန်းလျှင်သော်လည်းကောင်း၊ ကျူးလွန်သည်ကို ချီးမွမ်းပြောဆိုလျှင်သော်လည်းကောင်း၊ အတူတူ တွဲဖက်ပါဝင်လျှင်သော်လည်းကောင်း ပစ္စုပ္ပန်ဘဝတွင် ဆင်းရဲသကဲ့ သို့ နောင်ဘဝတွင်လည်း ငရဲသို့ ကျရောက်သည်။

ငရဲဘုံကား ရှစ်ထပ်ရှိသည်။ သိဉ္စိုဝ်း၊ ကာလသုတ်၊ သင်္ဃာ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိတို့ဖြစ် သည်။ အနိမ့်ဆုံး ငရဲဖြစ်သည့် သိဉ္စိုဝ်းငရဲသည်ပင် လူတို့ သက်တမ်း အားဖြင့် အနိမ့်ဆုံး အနှစ်ကိုးသန်း အရေအတွက်ရှိသည်။ အဝီစိငရဲ သက်တမ်းသည် အန္တရကပ် တစ်ကပ်မျှ ရှည်ကြာသည်။ ငရဲကျပြီ ဆိုလျှင် လွတ်လမ်းမမြင်ပေ။

ငရဲဟူသည် ချမ်းသာခြင်းကင်းသော ဘုံဘဝဖြစ်သည်။ ငရဲ ထိန်းနှင့် ငရဲခွေးတို့၏ နှိပ်စက်မှု အမြဲခံရသည်။ ငရဲမီး ဟပ်မှုကိုအမြဲ ခံစားရသည်။ ဤသို့ ပြင်းထန်သော ဝေဒနာ ခံစားရသော်လည်း အသက် မသေနိုင်။ ဆင်းရဲကြောင်းဖြစ်သော အကုသိုလ်ကံ မကုန်သေးသမျှ အသက်ရှင်လျက် ဆက်တည် နေသည်။ ဆင်းရဲကြောင်းဖြစ်သော အကုသိုလ်ကံ ကုန်မှသာ ငရဲသားဘဝမှ သေဆုံး၍ အခြားဘဝသို့ ပြောင်းရသည်။

ဒုစရိုက်၏ ဆန့်ကျင်ဘက်မှာ သုစရိုက်ဖြစ်သည်၊ ကောင်းမှု ကုသိုလ်တရား ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကံ၊ ကံ၏ အကျိုး ကို ယုံကြည်၏။ မကောင်းမှုပြုလျှင် မကောင်းကံ ခံရသည်၊ ကောင်းကျိုးပြုလျှင် ကောင်းကျိုးချမ်းသာရသည်၊ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" ဟူ၍ ရှင်တော်ဘုရား ဟောကြားခဲ့သည်။ ဘုရားရှင်သည် လေးဆယ့်ငါးဝါ မတ်လုံး နေ့မအား ညမနား ဟောကြားခဲ့သော မဗ္ဗခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၏ အနှစ်ချုပ်မှာ ဤတရားသာလျှင် ဖြစ်သည်။

မကောင်းမှုကို အဘယ့်ကြောင့် ရှောင်ရမည်နည်း...။ အပါယ် ငရဲနှင့် ဆင်းရဲကို မတွေ့ကြုံစေလို၍ မြစ်တားခြင်းဖြစ်သည်။ ကျူးလွန်သော အပြစ်အလျောက် ငရဲ၌ကျခံရရာ သံသရာမှ လွတ်မြောက်ဖို့ မလွယ်တော့ပေ။ မြတ်ဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝက၊ တန်ခိုးဧတဒဂ်ရသော အရှင်မဟာ မောဂ္ဂလန်လောင်းသည် တစ်ခုသောဘဝတွင် မိဘနှစ်ပါးကို ရိုက်ပုတ်ညှဉ်းဆဲဖူးသည်။ ယင်းအပြစ်ကြောင့် အဝီစိကျသည်။ ထိုမှ လွတ်မြောက်သော်လည်း ဘဝများစွာ ဝဋ်ခံရသည်။နောက်ဆုံး အန္တိမဘဝ၊ နိဗ္ဗာန်မကူးမီ၌ပင် ထိုဝဋ်ကြွေး ပေးဆပ်ရသည်။ ခိုးသားဓားပြတို့၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် အရိုးအသား မွကြေသည်အထိ ခံရသည်။ ထို့အတူ အရှင်ဒေဝဒတ်သည် ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုခြင်း၊ သံဃာကို ဂိုဏ်းကွဲ အောင်ပြုခြင်းတို့ကြောင့် လောဟဂုမ္ဘီငရဲတွင် အနှစ်ခြောက်သောင်း ကျခံနေရသည်။

ထိုသို့ ဆင်းရဲဒုက္ခမကျစေရန်ရည်ရွယ်လျက် သုတ္တန်၊ ဇာတက၊ နိပါတ်တော်လာ ထေရုပ္ပတ်များကို ထုတ်နုတ် တင်ပြအပ်ပါသည်။

ဒုစရိုက်တရား(၁၀)ပါးကို သာဓကထုတ် ဇာတ်ရုပ်တစ်ခု ညွှန်ပြထားပါသည်။ ဤအမှုပြုလျှင် ဤသို့ခံကြရမည်၊ ရှောင်ကြဉ်ပါလေ ဟု သတိပေးအပ်ပါသည်။

မြတ်ပန်းရဂုံစာပေ



သုစရိုက်တရား (၁၀)ပါးကိုလည်း တစ်ခုချင်း ခွဲခြမ်းတင်ပြထားပါသည်။ ဤအမှုပြုလျှင် ဤသို့ကောင်းကျိုးသုခ ခံစားရမည်၊ အားထုတ်ကြပါလေ ... ဟု တိုက်တွန်းအပ်ပါသည်။

မြတ်ဘုရား ဟောကြားခဲ့သည့် ဇာတ်သာဓကများမှာ များပြားလှသည်။ စံပြုစရာ သာဓကများ အမြောက်အမြားရှိပေသည်။ သို့သော် သင့်နိုးရာရာ ထုတ်ပြခြင်း ဖြစ်ပါသည်။

ဤသာဓကတစ်ခုကို ဖတ်ရ၍ သတိတရားရပြီး မကောင်းမှု ဒုစရိုက်အမှုကို ရှောင်ရှားနိုင်ပြီဆိုလျှင် ငရဲလမ်းပိတ်ပြီ ဟု ဆိုနိုင်ပေသည်။

ငရဲကို ကျစေနိုင်သည့် ဒုစရိုက်တရားကို ရှောင်ရှားရန် သတိပေးသော်ငြားလည်း လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းနေသော ပုထုဇဉ်အဖို့ အမှားမရှိဟု မဆိုနိုင်။ မှားနိုင်ပေသည်။ မှားပင်မှားသော်လည်း ငရဲမကြီးစေချင်။ အဝီစိကျသည်ထိ ငရဲကြီး၌ ကျခံရလျှင် ဘဝတစ်ခုလုံး စုံးစုံးမြုပ်ပြီဟု ဆိုနိုင်သဖြင့် သတိထားကြပါ။ အသိတရား ရှိကြပါ။ ငရဲမကြီးပါစေနှင့် ... ဟု တိုက်တွန်းလိုက်ရပါသည်။

အများသတ္တဝါတို့ ဆင်းရဲ နှင့် ငရဲ ကင်းကြပါစေ...။

မောင်ဆန္ဒ(လယ်ဝေး)

မြတ်ပန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပါဏာတိပါတ (သူ့အသက်သတ်ခြင်း)

ဒုစရိုက်တရား (၁၀)ပါး၌ ကာယဒုစရိုက် (၃)ပါး ရှိသည်။ သူ့အသက်သတ်ခြင်းသည် တစ်ပါး အပါအဝင် ဖြစ်သည်။

ပါဏာတိပါတ၏ တရားကိုယ်မှာ ဒေါသဖြစ်သည်။ ဒေါသသည် သူတစ်ပါးကို နှစ်နာအောင် ပြုတတ်၏။

လူသည် အနိုင်ရချင်၏။ မိမိနှင့် ဆက်ဆံသူကို အနိုင်ရအောင် ဒေါသ အသုံးပြုသည်။ ဒေါသဖြင့် အနိုင်ရအောင် ပြုခြင်းသည် အမှုပြယုဂ် ဖြစ်၏။

ဒေါသဖြင့် အနိုင်ယူလျှင် ဒုစရိုက်မှု ကျူးလွန်ခြင်း ဖြစ်သည်။ မေတ္တာဖြင့် အနိုင်ယူလျှင် သုစရိုက်မှုပြုခြင်း ဖြစ်သည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်" ဟူသော ဗုဒ္ဓ၏အလိုအရ သုစရိုက်အမှုသာ ပြုရာသည်။ ယင်း အတွက်ကြောင့် ပါဏာတိပါတ သိက္ခာပုဒ်ကို စောင့်ရာ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ရာ၏။

သူ့အသက်ကို မသတ်မိအောင် ရှောင်ကြဉ်ရုံဖြင့် ကျေနပ် မနေသင့်။ သူတစ်ပါး အသက်ရှည်အောင် စောင့်ရှောက်ရာ၏။ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုရှိအောင် အားထုတ်ရာ၏။ မြင့်မြတ် သူတို့သည် ဒုစရိုက်ရှောင်ရှားပြီး သုစရိုက်အမှုပြုရုံမက ပုညကိရိယာ

**မြတ်ပန်းရုံစာပေ**

www.burmeseclassic.com

www.burmeseclassic.com




အဆင့်ရောက်အောင် ကြိုးစားကြသည်။ ပုညကိရိယာသည် သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းသဘော ဖြစ်သည်။ လူတိုင်းသည် တစ်ပါး သူ၏အကျိုးကို အနစ်နာခံ ဆောင်ရွက်ဖို့လိုသည်။ ဤသို့ ဆောင်ရွက်လျှင် လောကကိုမမွကြီးစိုးလျက် ငြိမ်းချမ်းပေမည်။

ရှောင်ကြဉ်အပ်သော ပါဏာတိပါတ (သူ့အသက်သတ်ခြင်း) ကို မရှောင်ကြဉ်၍ ငရဲကျ၊ အကျိုးမဲ့ ပျက်စီးရမှုကို "မသေမီက ပုပ်နေသူ"တွင် ဖတ်ရှုရမည် ဖြစ်ပြီး ရှောင်ကြဉ်သဖြင့်၊ သုစရိုက်မှု ပြုသဖြင့် ပုညကိရိယ အဆင့်ရောက်အောင် ပါရမီဖြည့်ဆည်းသဖြင့် ကောင်းကျိုးရသည်ကို "ပုညကုသလ" တွင် ဖတ်ရှုရမည်ဖြစ်ပါသည်။

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လက် အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာမျှုံးလျက်၊ ခွေ့ရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွသည်၊ ရှောင်က အပြန်အကျိုးတည်း။



# ကောင်းမြင်းမိုရ်ဖြို့သည့်ကံ



www.burmeseclassic.com

www.burmeseclassic.com

## တောင်မြင်းမိုရ် ပြီးသည့်ကံ

ကြားရသည့်သတင်းက ရာဇဂြိုဟ်မြို့သူမြို့သားများ ချောက်ချားသွားစေသည်။

"မိုက်မဲလိုက်တဲ့သတ္တဝါတွေ၊ လက်ဝဲရဲ့ အဂ္ဂသာဝကကြီးကိုများ ရက်ရက်စက်စက် လုပ်ရက်လိုက်ကြတာ"

လူတိုင်း တက်တခေါက်ခေါက်၊ စုတ်တသတ်သတ်၊ တဖျစ်တောက်တောက်။

ယောက်ျားသားများက အံတကြိတ်ကြိတ်နှင့် ကြိတ်မနိုင်ခဲမရဖြစ်နေသော်လည်း မိန်းမသားများကမူ မျက်ရည်စို့ရွဲ ငိုပွဲဆင်ကြသည်။ ကိုယ့်မိ ကိုယ့်ဘ၊ ကိုယ့်ရင်သွေးဆုံးလျှင်ပင် ဤမျှအပူမီးတောက်မည်မထင်။ အရှင်မြတ်ကြီးဆုံးပါးမှုကြောင့် အစားထိုးမရသည့် ဆုံးရှုံးခြင်း ဆုံးရှုံးရသည်ဟု တွေးလျက် ဝမ်းပန်းတနည်း ဖြစ်ကြကုန်သည်။

"နေဦးဗျ၊ ကျုပ်မရှင်းလို့ မေးပါရစေ ... တန်ခိုးရှင်ရဟန်းကြီးက ဒီငမိုက်သားတွေ လုပ်ကြံမယ်ဆိုတာ မသိဘူးလား ..."

"သိတာပေါ့"

"သိတယ် ... သိရင် ကာကွယ်သင့်တာပေါ့။ မကာကွယ်ချင်လည်း ကြို ရှောင်တိမ်းပေါ့"





"ရှောင်တယ်လေ ..."

"ဟင် ..."

"အရှင်မြတ်ကြီးက ခိုးသားတွေလုပ်ကြံမယ်ဆိုတာ သိတော့ ကျောင်းကင်ထက် ပျံတက်နေလို့ မတွေ့ရဘူးတဲ့"

"အင်းပေါ့၊ ဒါဖြင့် ..."

"နှစ်ကြိမ်တိုင်တိုင် တန်ခိုးနဲ့ရှောင်နေပြီးတော့ သူ့ရဲ့ အတိတ်ဘဝကို ပြန်ကြည့်တဲ့အခါ ပေးဆပ်ရမယ့် ဝဋ်ကြွေးရှိတာကို သိလို့ မရှောင်တော့ဘဲ အနိုင်စက်ခံလိုက်တာ ..."

"ဟုတ်တယ် ... ဝဋ်ကြွေး၊ အတိတ်ဝဋ်ကြွေး၊ ပေးဆပ်ရမယ် ... ကျုပ်နားမရှင်းဘူး"

"ကိုင်း၊ ကိုရင် နားရှင်းအောင်ပြောနေဖို့ အချိန်မရသေးဘူး။ အရှင်မြတ်ကြီးရဲ့ ရုပ်ကလာပ် သဂြိုဟ်ဖို့ကိစ္စရှိနေတယ်။ လူတွေ ဣသိဂိလိတောင်ကို သွားနေကြပြီ ။ နောက်ဆုံး ပူဇော်ခွင့်ရှိတုန်း ပူဇော်ရအောင်၊ သွားစို့"

"ဪ ... ဪ၊ အင်း ... အင်း"

× × ×

အသက်ဝိညာဉ်မဲ့နေပြီဖြစ်သည့် အရှင်မြတ်ကြီး၏ရုပ်ခန္ဓာက မြင်မကောင်း၊ ရှုမကောင်း။ အဘယ်မျှ ထုန့်ရိုက်ပုတ်ခြေဖျက်ထားသည်မသိ၊ အရိုးများ သွင်သွင်ကျိုး၊ အမှုန့်ဖြစ်ပြီး အသားစိုင်ကြီးသာ စုပုံထားသည့်အလား ဖြစ်နေသည်။

"ရက်စက်လိုက်တာ ..."

"ရက်စက်ရုံတင်မကဘူး၊ မိုက်မဲတာ...အသိဉာဏ်မဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ကြီးကလည်း သည်းခံနိုင် လွန်းတယ်။ ဒီလောက် အရိုက်အနှက်ခံရတာ ရှုန်းထွက်ရောပေါ့"

လူတစ်ယောက်၏ မှတ်ချက်စကားကြောင့် အဘိုးအို တစ်ယောက်က လည်ပြန်လှည့်ကြည့်သည်။ "မင်းဘာမှမသိဘဲနဲ့ စွတ်ပြောမနေနဲ့" ဟူသော အမူအရာဖြင့် ကြည့်၍ စောစောက မှတ်ချက်ချသူ ငြိမ်ကုပ်သွားသည်။

"ပြောရရင် ဒီဘေးကို တန်ခိုးတော်နဲ့ ရှောင်နိုင်တယ်ကွဲ့၊ ပေးဆပ်ရမယ့်ဝဋ်ကြွေး ရှိနေလို့ သည်းခံလိုက်တာ။ အေး..လူဆိုး ဓားပြတွေက စိတ်ကြိုက်ပြုမူသွားပြီး သေပြီထင်လို့ စွန့်ပစ်ထားချိန်မှာ အရှင်မြတ်ကြီးက ဘုရားရှင်ထံ တန်ခိုးနဲ့ ကြွသွားသေးတယ်"

"ဟုတ်တယ် ... ဒီပုံမျိုးနဲ့ ဘယ်လိုသွားဖူးနိုင်လဲ"

"ဩော် ... အတွေးထိမ်သကိုး။ အရှင်မြတ်ကြီးက ဧတဒဂ်ဘွဲ့ ထူးရထားတဲ့ တန်ခိုးရှင်လေ ... ဘုရားရှင်ကလွဲရင် တန်ခိုးအကြီးဆုံးဆိုတာ မေ့နေပြီလား"

"မေ့တော့ မမေ့ပါဘူး။ မြင်ရတဲ့အခြေအနေက ..."

"ဒီလို ... ဒီလို ။ ဝေဒနာကို သေလုမြောပါး ခံစားရတဲ့ အရှင် မြတ်ကြီးဟာ သတိနဲ့ထိန်းချုပ်ပြီး သမာဓိရအောင်ယူတယ်။ ပြီးတော့ ဈာန်အဆင့်ဆင့် ဝင်စားပြီး စတုတ္ထဈာန်ရောက်အောင် ကြိုးစားတည်ဆောက်တယ်။ ပြီးတော့ အပိုင်းပိုင်းပြတ်ကျေနေတဲ့ အရိုးတွေကို ပကတိအနေအထားရောက်အောင် တည်ဆောက်တယ်။ နောက်ဆုံး ပကတိ ကိုယ်ခန္ဓာ ရချိန်ကျမှ တန်ခိုးတော်နဲ့ ကြွချီသွားသတဲ့"





မသိရသေးသူများက ထိုသတင်းကြားတော့ အံ့ဘနန်းဖြစ်ကုန်သည်။ အရှင်မြတ်ကြီး၏ တန်ခိုးဂုဏ်ကို ချီးကျူးစကား ဆိုသည်။ ဘုရားရှင်အား ရှိသေမှုအပေါ် ထောမနာပြု သည်။

"ဒါနဲ့ မရှင်းလို့ မေးပါရစေ ... ဒီလောက် အငြိုးအတေးနဲ့ လုပ်ကြံတာ ဘာအကြောင်းရှိလို့လဲ"

"တိတိကျကျတော့ မပြောတတ်ဘူး။ အရှင်မြတ်ကြီးက တန်ခိုးကြီးတယ်လေ... နတ်ပြည်ကိုလည်း တန်ခိုးနဲ့တက်နိုင်တယ် ။ ငရဲပြည်လည်း တန်ခိုးနဲ့ သွားနိုင်တယ်။ နတ်ပြည်ရောက်တော့ ကြုံတွေ့တဲ့ နတ်သား၊ နတ်သမီးတွေကို ဘယ်လိုကောင်းမှုပြုလို့ ဒီ ဘဝမျိုး ရ လာတာလဲ၊ အကျိုးအကြောင်း မေးတယ်။ ဒီတော့ ကောင်းမှုကုသိုလ်ကို ပြောပြဟောကြားထားတယ်။ ဒီအကြောင်းတွေ အရှင်မြတ်ကြီးက လူ့ပြည်မှာ ပြန်ဟော မဟုတ်လား ...."

"ဟုတ်တယ်၊ ကျုပ်တို့လည်း နာဖူးတာပဲ"

"ပြောရရင် အရှင်မြတ်ကြီး လုပ်ဆောင်မှုကြောင့် သာသနာတော်ကို ကြည်ညိုသူတွေ များသထက်များလာတယ် ..."

"ဟုတ်ပြီ၊ ကျုပ် သဘောပေါက်ပြီ။ ဒါဆို ဒီကိစ္စဟာ တိတ္ထိတွေရဲ့ လက်ချက်ဖြစ်မယ်"

"ဒါတော့ တိတိကျကျ စွပ်စွဲလို့ မရသေးဘူး။ ဘုရင် မင်းမြတ် က စုံစမ်းနေဆဲပဲလေ ..."

ကြားရသူတိုင်း တောက်ခေါက်သည်။လက်စားချေလိုစိတ် ဖြစ်နေကြတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား ရဟန်းတို့ ငါ၏သားတော် မောဂ္ဂလန်ဟာ သူပြုခဲ့သော မကောင်းမှုကံကြောင့် ပြန်လည်ပေးဆပ်ရတာဖဲ့"

ဘုရားရှင်ထံမှ ဤသို့နှစ်သိမ့်စကား ကြားရသော်လည်း ပုထုဇဉ်သားတို့ကမူ မကျေချမ်းနိုင်သေး။

တိတ္ထိတို့၏ငွေပေးခိုင်းစေချက်ကြောင့် အရှင်မြတ်ကြီးကို လုပ်ကြံကြောင်း တရားခံများကိုယ်တိုင်က ဖြောင့်ချက်ပေးသည်။ သာသနာတော်၏ ရန်ဆူးရန်ညှောင့်ဖြစ်သည့် တိတ္ထိတို့ အကြံက ထင်းထင်းကြီး ပေါ်လွင်သွားသည်။ ထိုအခါ တိတ္ထိ များနှင့်အတူ တရားခံများကို ဖမ်းဆီးလိုက်သည်။

နန်းရင်ပြင်တွင် ကျင်းတူးလျက် တစ်ယောက်တစ်ကျင်းကျ ကိုယ်တစ်ဝက်မြှုပ်ထားလိုက်သည်။ အပြစ်အလျောက် ပြစ်ဒဏ်ပေးမည် ဆိုတော့ တရားခံများ တုန်လှုပ်ကုန်သည်။ ငိုကြွေး တောင်းပန်ကြသည်။

"အဟား ဟား ဟား။ ခုတော့ သေရမှာ ကြောက်တယ် ပေါ့။ အရှင်မြတ်ကြီးကို ရိုက်ပုတ်တုန်းက သတ္တိမျိုး မွေးကြစမ်းပါ တော့လား"

တရားခံများကိုကြည့်၍ လှောင်ပြောင်ကြသည်။ ရှုတ်ချ ကားဆိုသည်။ စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ကြည့်လျက် အပြစ်တင်ကြသည်။

အပြစ်အလျောက် ရက်စက်စွာ အပြစ်ဒဏ်ပေးသော်ငြား သည်း ကြိတ်မနိုင် ခံမရ ဖြစ်နေသည့်ပရိသတ်ကို ဘုရားရှင်က အမျက်ဖြေ တရားဟောသည်။





"ချစ်သားရဟန်းတို့ ဒေါသမဖြစ်ကုန်လင့်။ သူပြုသည့်ကံ သူ့ထံပြန်ကျရောက်သည်ဟူသော တရားနှလုံးသွင်းလော့"

"မှန်ပါမြတ်ဘုရား၊ အရှင်မြတ်ကြီးဟာသူပြုခဲ့တဲ့ မကောင်း မှုကံကြောင့်လား ဘုရား။ ဘယ်လို မကောင်းမှုကြောင့် ဒီပုံ ခံရ တာလဲ ဘုရား"

တရားနာပရိသတ်၏ အမေးကြောင့် အတိတ်က ပြုမိသော အရှင်မြတ်ကြီး၏မကောင်းမှုကံကို ထုတ်ဖော်ဟောပြ လေတော့သည်။

× × ×

အရှင်မောဂ္ဂလာန်လောင်းသည် တစ်ခုသော အခါတွင် ဗာရာဏသီပြည်၌ လူလာဖြစ်သည်။ မျက်မမြင်မိဘ နှစ်ပါးကို ရိုသေစွာ လုပ်ကျွေးခဲ့သော သားလိမ္မာလေးတစ်ယောက် ဖြစ်သည်။ သား၏အလိုက်သိမှု၊ တာဝန်ကျေပွန်မှုကြောင့် မိဘများ ကျေနပ်ရသည်။ ပင်ပန်းဆင်းရဲမှုကိုသိသော မိခင်ကြီးက သား သက်သာစိမ့်သောငှာ အိမ်ထောင်ပြုရန် တိုက်တွန်းသည်။

"ကျွန်တော်အိမ်ထောင်ပြုလို့ မဖြစ်ပါဘူးအမေ ... ခုအတိုင်း ပဲ အဖေ အမေတို့ကို လုပ်ကျွေးနေပါရစေ ..."

"မဟုတ်သေးဘူး သား ... သား ပင်ပန်းတာ အမေတို့သိ တယ်။ မိဘနှစ်ပါးလည်း ကြည့်ရ၊ စားဝတ်နေရေးအတွက်လည်း ရှာရဆိုတော့ ခေါင်းတစ်လုံးနဲ့ ရေအိုးနှစ်လုံး ရွက်နေရသလို ဖြစ်နေတယ်။ တာဝန်ခွဲဝေယူမယ့် အဖော်ကောင်း လိုတယ် ..."

"အဖော်ကောင်း၊ အဟက် ... အဖော်က ကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မဟုတ်ဘူးအမေ။ ဝန်ထုပ်ဝန်ပိုးဖြစ်မယ့် အိမ်ထောင်ရှင်မ ဆိုရင် ခက်မယ်"

"ဒါတော့ သားက ရွေးယူပေါ့"

"ရွေးယူ...ဟုတ်တယ်။ ယူတာကတော့ရွေးယူကြတာပဲပေါ့အမေ။ ဒါပေမဲ့ လူကဲခတ်တတ်ဖို့ကမလွယ်ဘူး အမေ။ အမေတို့ကို ကူဖော်ဖြစ်စေချင်လို့ အိမ်ထောင်ပြုလိုက်မှ ကူဖော်မဟုတ်ဘဲ ပူဖော် ဖြစ်နေရင် ..."

"အမယ်လေး သားရယ်၊ အမေတို့က ချွေးမနဲ့ တည့်အောင် ပေါင်းတတ်ပါတယ်။ သားကိုချစ်တဲ့ အမေကသားနဲ့ဆက်ပြီး တော်ရတဲ့ ချွေးမကိုလည်း ချစ်မှာပါနော်"

အတန်တန်ငြင်းပယ်သော်လည်း မိဘများက တိုက်တွန်းလွန်းမက တိုက်တွန်းသဖြင့် သင့်တော်မည်ထင်သည့် အမျိုးသမီးကို လက်ထပ် ယူလိုက်သည်။

အစပိုင်းတွင် ပြောစရာမလိုအောင် အဆင်ပြေသည်။

"အစ်ကိုသာ စိတ်ဖြောင့်ဖြောင့် စီးပွားရှာပါ။ အဖေနဲ့အမေ့အတွက် မပူနဲ့။ လိုလေသေး မရှိအောင် ပြုစုပါမယ် ..."

ဇနီးသည်၏စကားကြောင့် နောက်ပိုင်း စိတ်ချလက်ချထားပြီး စီးပွားရှာခဲ့သည်။ ကိုယ်လည်း သက်သာ၊ မိဘများလည်း အဆင်ပြေ၊ အနေအစားလည်း ပိုချောင်လည်လာသဖြင့် စောစောစီးစီး အိမ်ထောင်မပြုဖြစ်သည်မှာ မှားလေစွဟုပင် နောင်တရမိသည်။

သို့သော် ဤကာလက မကြာလိုက်။ စိတ်အနှောင့်အယှက်





ဖြစ်စရာစကားများ နေ့စဉ်ကြားလာရသည်။

"အစ်ကို့ မိဘတွေက တော်တော် ပစိပစပ် များတာပဲ။ ဟိုဟာ စားချင်တယ် ... ဟိုဟာလုပ်ချင်တယ် ... ဒီနေရာ မနေချင်ဘူး၊ ဟိုနေရာ ပို့နဲ့ တစ်ခုပြီးတစ်ခု တောင်းဆိုနေတာပဲ"

"စိတ်ရှည်ရှည်ထားပါညီမရယ် ... လူကြီးဆိုတော့ အချိုလေး စားချင်သလိုလို၊ အဖန်လေး စားချင်သလိုလို ဖြစ်တတ်တာပဲ။ ညီမ တတ်နိုင်ရင် ကျွေးလိုက်။ မစီစဉ်ပေးနိုင်ရင်လည်း အစ်ကို လာတော့ ပြော၊ အစ်ကို စီစဉ်ပေးပါ့မယ် ..."

"အစ်ကိုစီစဉ်ပေးမှာ သိပါတယ်။ တကယ်ဆို ကိုယ်က လူကြီး၊ သိတတ်ရမယ်။ ရှာရဖွေရတဲ့လူက ဘယ်လောက် ပင်ပန်းတယ်။ ငါတို့က အမြိုင့်သား ထိုင်စားနေတာပါလားဆိုတဲ့ အသိနဲ့ ဆင်ခြင်သင့်တာပေါ့ ..."

"အိုကွယ် ... အစ်ကို မပင်ပန်းပါဘူး။ မျက်မမြင် မိဘနှစ်ပါး လုပ်ကျွေးခဲ့တာ ကြာပါပြီ။ ပင်ပန်းတယ်ဆိုတဲ့အတွေး တစ်ခါမှ မဖြစ်ဖူးဘူး။ လုပ်ကျွေးခွင့်ရတာမဲ ဝမ်းသာလှပါပြီ"

မိဘနှစ်ပါးနှင့် ပတ်သက်ပြီး မကျေနပ်ချက်များကို တိုင်တည်လာလျှင် ဇနီးသည်ကျေနပ်အောင် ချော့ရသည်။ တစ်ဖက်ကလည်း မိဘများကို လိုအပ်သည်များရှိပါက မိမိကိုသာ ပြောရန် တောင်းပန်ရသည်။

ဤသို့ နှစ်ဖက်ကျေနပ်ရန် ကြားဝင်စေ့စပ်ပြီးနောက်အတန်ကြာမှ ငြိမ်သက်သွားသည်။ နှစ်ဖက်စလုံး အဆင်ပြေကုန်ပြီဟု တွေးထင်ချိန်မှာပင် ပြဿနာက တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မိဘတွေနဲ့ အတူတူ မနေနိုင်ဘူး"

ဇနီးသည်ထံမှ တုန်လှုပ်ချောက်ချားစရာ တောင်းဆိုချက်ကို ကြားရ၍ စိတ်ဆင်းရဲရသည်။ ဘာအကြောင်းကြောင့်လဲ၊ ဘာအဆင်မပြေတာရှိလို့လဲ ဟု မေးမိသည်။ အကြောင်းပြစရာမဖြေဘဲ၊ မိဘများနှင့် အတူမနေချင်သည့် အကြောင်းကိုသာ ထပ်တလဲလဲ ဆိုသည်။

"ညီမရယ် ... ကိုယ့်မှာ ဒုက္ခိတမိဘနှစ်ပါး ရှိတယ် ဆိုတာ ညီမလည်း သိနေသားပဲ။ ဒီမိဘနှစ်ပါးကို စောင့်ရှောက်စေချင်လို့ ညီမနဲ့ အိမ်ထောင်ပြုခဲ့တာ ..."

"ဘာ... ရှင် ကျွန်မကိုယူတာ ချစ်လို့မဟုတ်ဘူးပေါ့။ ရှင့်မိဘတွေ အလုပ်အကျွေးပြုဖို့ ကျုပ်ကို ကျွန် မယားသဘောနဲ့ လက်ထပ်တာပေါ့"

"ဒီသဘောပြောတာ မဟုတ်ပါဘူး။ ကိုယ့်တာဝန်ကို ခွဲဝေယူနိုင်တဲ့ ဇနီးကောင်း ရှာခဲ့တဲ့ သဘောပြောတာပါ"

"ဒါပေမဲ့ ရှင့်မိဘတွေကို အလုပ်အကျွေးမပြုနိုင်တော့ဘူး။ ဘယ့်နှယ် ရှင်၊ လူအိုက လူအိုလို မနေဘူး။ ဟိုနေရာပါ ဒီနေရာပါနဲ့။ ဒီမယ် ကျွန်မအပြတ်ပြောမယ်။ ရှင့် မိဘတွေချစ်ရင် မိဘတွေနဲ့နေ ... ကျုပ်ကိုချစ်ရင် ကျုပ်နဲ့နေဖို့ ကြိုးစား ..."

ဆုပ်စူးစားရူးမည့်ကိန်းကို ဇနီးသည်က ဖန်တီးလိုက်သည်။ ပျော်ရွှင်စရာကောင်းမည့် အိမ်ထောင်စုလေး တစ်ခုအဖြစ် ဖန်တီးတည်ဆောက်ခဲ့သည့် စိတ်ကူးယဉ်အိမ်ထောင်ရေးလည်း ပျက်စီးသွားတော့သည်။





"ဒုက္ခိတ မိဘနှစ်ပါးကို ပစ်ထားရင် ပတ်ဝန်းကျင်က ကဲ့ရဲ့စရာ ဖြစ်မှာပေါ့ ညီမရယ် ..."

"ပစ်မထားချင်ရင် တစ်ခါတည်း လက်စဖျောက် စီရင်လိုက်"

"ဘာ ..."

"ရှင့်မိဘနှစ်ပါးကို လှည်းပတ်ခေါ်သွား။ တောထဲရောက်မှ သတ်ပြီးထားခဲ့"

"ဘာ ... သတ်ရမယ်၊ ငါက ငါ့မိဘတွေကို သတ်ရမယ် ဟုတ်လား"

"ရှင်ကြိုက်ရာလမ်း ရွေးလေ ... ကျုပ်ကို မြတ်နိုးပါတယ်၊ တကယ်သံယောဇဉ် ရှိတယ်ဆိုရင် ကျုပ်ပြောသလိုသာ လက်စဖျောက်လိုက်။ ရပ်ရွာကမရိပ်မိအောင် ဟိုးအဝေးကဆွေမျိုးတွေဆီသွားချင်တယ် ဆိုလို့ ပို့ပေးတယ်လို့ ပြောလိုက်မယ် ..."

"မင်း တော်တော် ရက်စက်ပါလား ..."

"ရှင် ကျွန်မအပေါ် ဘယ်လိုသဘောထား ဆက်ဆံတယ် ဆိုတာ ဆန်းစစ်လိုက်တာပဲ"

ရက်စက်သည့် အကြံအစည် ကို ပေးပြီး ဇနီးသည်က ကျောခိုင်းသွားသည်။ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖို့သာ ရှိတော့သည်။

× × ×

"အမေ ... လူဆိုးတွေ၊ တောပုန်းဓားပြတွေ ကျွန်တော်တို့ လှည်းကို ဝိုင်းထားပြီ အမေ ..."



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးကို နေရေးထိုင်ရေး အဆင်ပြေသည့်အရပ် ကို ပို့ပေးမည်၊ ထိုအရပ်တွင် မိသားစုအခြေချလျှင် ပို အဆင် ပြေမည်ဟု ပရိယာယ်ဖြင့် ခေါ်ထုတ်ခဲ့သည်။ ထိုသို့ မထုတ်လာမီကတည်းက ဇနီးသည်ဖြစ်သူသည် ပိပိရိရိ အကွက်ဆင်ထားသော ဇာတ်လမ်းကို သတင်းလွှင့်ထားသည်။

မျက်မမြင်မိဘနှစ်ပါးကိုတင်လျက် လှည်းမောင်းလာစဉ် မိဘများ၏ မျက်နှာကို မကြာခဏ ခိုးကြည့်မိသည်။ အဆင်ပြေရာ အရပ်တွင် ပြောင်းရွှေ့နေထိုင်မည်ဆိုသည်ကလွဲ၍ ဘာမျှသိမထားသော မိဘများက စကားတွေ ရွှင်နေသည်၊ ပျော်နေသည်။ သား အပေါ် အထင်တကြီးအားကိုးနေသော မိဘများကို ရက်ရက်စက်စက် မြုကျင့်ရတော့မည်။

"တော့်မိဘတွေ ပြန်မပါလာမှ အိမ်ပြန်ခဲ့" ဟု တစ်ချက် လွှတ်မှာလိုက်သည့် စကား နာယူပြီး လုပ်ကြံဇာတ် ဖန်တီးလိုက်သည်။ မိဘနှစ်ပါးက တစ်ဦးကိုတစ်ဦးဖက်လျက် ထိတ်လန့်နေသည်။ သားအတွက်လည်း ရတက် အေးပုံမရ။

"သား ... ဓားပြတွေ လူများတယ် မို့လား။ မခုခံနဲ့ သား။ တောင်းပန်လိုက်ပါ။ ဒုက္ခိတမိဘနှစ်ပါးကို ဆွေမျိုးတွေဆီပို့ဖို့ ခေါ်လာတာပါ၊ တခြားဘာမှ ပါမလာဘူးလို့ ပြောပြ သား ..."

"လူအင်အား များတယ်ဆိုပြီး ပိုလ်ကျတာ ... ဒါမျိုးတော့ သားမခံဘူး။ အမေတို့ လှည်းပေါ်မှာပဲနေ ..."

"သား ... သား၊ မလုပ်နဲ့။ မတူရင် မတုနဲ့ သား"

သားအတွက် စိုးရိမ် ပူပန်နေသော မိဘနှစ်ပါးရှိရာ





ပြန်လာသည်။ တောပုန်းဓားပြအသွင်ဆောင်လျက် မိဘများကို ရိုက်နှက်လိုက်သည်။

မိခင်ကြီးမှာ တုတ်နှင့်တစ်ချက်ရိုက်လိုက်တိုင်း နာကျင်စွာ ညည်းညူသည်။ ထိုသို့ ညည်းညူရင်းကပင် သားအပေါ် ချစ်စိတ်၊ ကြင်နာစိတ်ဖြင့် ကိုယ်လွတ်ရုန်း ပြေးရန် တိုက်တွန်းသည်။ အော်ဟစ်ရင်း "သားရေ ... ပြေး ပြေး၊ လွတ်အောင်ပြေး၊ အမေတို့ကို မငဲ့နဲ့ သား ... အမေတို့က အသက်ကြီးပြီ။ ငါ့သားလေးက လူ့လောကမှာ လူလုပ်ဖို့ အချိန်တွေ အများကြီးရှိသေးတယ်။ ပြေး၊ ပြေး၊ လွတ်အောင် ပြေး၊ သား"

အယောင်ဆောင် ဓားပြလုပ်လျက် မိဘနှစ်ပါးကို ရိုက်ပုတ်သတ်ဖြတ်နေသော်လည်း မိခင်စကားကြားတော့ ဆက်ရိုက်နိုင်စွမ်း မရှိတော့။ သားအပေါ် ထားရှိသော မိဘမေတ္တာကို နားလည်သွားပြီး တုတ်ကို ပစ်ချသည်။ အမေ့ခြေသလုံးကိုဖက်လျက် ဝန်ချတောင်းပန်မိသည်။

လူဆိုး ဓားပြ မဟုတ်ဘဲ သူတို့ကို ရိုက်ပုတ်သူမှာ သားကိုယ်တိုင်ဖြစ်မှန်းသိသော် ဝမ်းနည်းကြသည်။ သို့သော် သားအပေါ် ကြည်ဖြူစွာ ခွင့်လွှတ်နိုင်ခဲ့သည်။

ထိုစဉ်ကပြုခဲ့သော မကောင်းမှုကံကြောင့် အရှင်မောဂ္ဂလန်လောင်း အမျိုးသားကောင်းသည် အဝီစိငရဲကျခဲ့သည်။ ငရဲတွင် ဒုက္ခဆင်းရဲကြီးစွာခံပြီး လွတ်မြောက်သောအခါတွင်လည်း အလားတူဝဋ်ကိုခံရသည်။နောက်ဆုံးဘဝ၊ သံသရာမှကူးမြောက်မည့် ဘဝ၌ပင် ပြုမိသောမကောင်းမှုဝဋ်ကြွေးကို ပေးဆပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးကို ညှဉ်းဆဲခဲ့သောအပြစ်က ပြန်လည်ပေးဆပ်၍ဖြင့် မကုန်နိုင်အောင် ခံစားခဲ့ရပေသည်။

× × ×

သင်ခန်းစာ

သူ့အသက်ကိုသတ်လျှင် ငရဲကျ၏။ အမိအဖကို စော်ကားသူကား ဗဋ္ဋနန္တရိယကံ ထိုက်လျက် မဟာအဝီစိငရဲသို့ ခုန်ဆင်းနစ်မြုပ်ရလေ၏။

ကျမ်းကိုး

ဓမ္မပဒဋ္ဌကထာသနီ



# မသေမီကပုပ်နေသူ



www.burmeseclassic.com

www.burmeseclassic.com

# မသေမီက ပွင့်နေသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေ၏။ သာသနာတော်ကြီး ထွန်းလင်းတောက်ပနေသဖြင့် လူတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ထိတွေ့ခွင့်ရကြသည်။ ဆည်းကပ်ခွင့်ရကြသည်။ သာဝတ္ထိမြို့တွင် လူဦးရေ ခုနစ်ကုဋေ ရှိသည့်အနက် ငါးကုဋေသည် သောတာပန် သူတော်ကောင်းများဖြစ်ကုန်၏။ တရားမမွှနှင့် မွေ့လျော် နေကြကုန်၏။

သာဝတ္ထိပြည်သား အမျိုးသားကောင်းတစ်ယောက်သည်လည်း မြတ်ဘုရား၏ သာသနာတော်၌ သက်ဝင်ယုံကြည်မိ၏။ သူသည် မြင့်မြတ်သောရဟန်းဘဝ ခံယူလိုက်၏။ သူ့အမည်ကား တိဿ ဖြစ်၏။ ထို့ကြောင့် တိဿရဟန်းဟု ခေါ်ကြ၏။

တိဿရဟန်းသည် ဂန္ထဓုရ ဟူသော စာပေသင်ယူ၏။ ထို့အတူ ဝိပဿနာဓုရဟူသော ကမ္မဋ္ဌာန်း စီးဖြန်း၏။ ရဟန်းဟူသည် ထိုတာဝန်နှစ်ရပ်ကို ထမ်းဆောင်ရာ၏။ နှစ်ပါးစုံ မတတ်နိုင်က တစ်ပါးကို ထမ်းဆောင်မှသာ တာဝန်ကျေသည်။ တိဿရဟန်းကမူ မူရနှစ်ပါးစလုံး ကြိုးပမ်းအားထုတ်သည်။





တိဿရဟန်းသည် သူသင်ကြားရသည့် ဓမ္မစာပေကြောင့် အတော်အတန် တရားအသိ ရှိလာသည်။ ဤလောက၌ ပုဂ္ဂိုလ်မရှိ။ သတ္တဝါဟူ၍ မရှိ။ ရုပ်၊နာမ်သာရှိသည်။ ယင်းရုပ်၊နာမ်လည်း အမြဲတမ်း ဖြစ်ပျက်နေ၏။ ထို့ကြောင့် လောကဟူသည် ရုပ်၊နာမ်တို့၏ ဖြစ်ပျက်အစဉ်သာတည်း ဟူသောအမြင် ရှိလာသည်။ တိဿရဟန်းသည် သာသနာတော်၌ သဒ္ဓါစိတ်ဖြင့် ရဟန်းပြုလာသူဖြစ်သည်။ သာသနာတော်အပေါ် သံသယမရှိ။ မိမိ ကိုယ်ကိုယ်သာ သံသယ ဖြစ်သည်။ ကြိုးစားအားထုတ်ပါလျက် တရားထူးမရသဖြင့် သံသယ ဖြစ်နေသည်။ သို့သော် တရားအားထုတ်ခြင်းကို မလျှော့။

တိဿရဟန်းသည် စာပေကို တိုးမြှင့်လေ့လာ၏။ တရားကို အရှိန်မြှင့်အားထုတ်၏။ ထိုသို့ အားထုတ်နေစဉ် ကိုယ်ခန္ဓာ၌ အဖုငယ်တစ်ခု ပေါက်လာသည်။ သာမန် အပူဖုဟုသာ မှတ်ယူလျက် ဥပေက္ခာပြုလိုက်သည်။

အနာဖြစ်စတွင် အဖုငယ်သည် မုန်ညင်းစေ့ခန့်သာရှိသည်။ သို့သော် တဖြည်းဖြည်း ကြီးလာသည်။ ပဲစေ့ခန့် ဖြစ်လာသည်။ သူ အလေးမထား။ ထို့နောက် ကလောစေ့ခန့် ကြီးလာသည်။ သူ့စိတ်ထဲ စိုးရိမ်စိတ် အနည်းငယ် ဝင်လာသည်။ တဖြည်းဖြည်းနှင့် သျှိသျှားသီးခန့် ဖြစ်လာသည်။ သူ လျစ်လျူရှု မနေသာ။ ဆေးဝါးများ ရှာသည်။ ဟိုဆေးနှင့် ပျောက်နိုး၊ ဒီဆေးနှင့် ပျောက်နိုး စမ်းသပ်ကြည့်သည်။ အနာဖုများက ပေါက်ကွဲကုန်သည်။ သင်နံ့ရည်တွေ ၊ ပြည်တွေ ... သွေးပုပ်တွေ ယိုစိမ့်နေသည်။ အနာတွေက တစ်လုံးပြီး တစ်လုံး ပေါက်ကွဲကုန်သည်မှာ တောင်ထိပ်ပွဲတွင် မီးရှူးမီးပန်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲသည့်အလား ပေါက်ကွဲနေသည်။ စီးကျသော သွေးပြည်တို့ကို သုတ် မနိုင်။ သိမ်း မနိုင်။ ထူးပေါက်က စိမ့်ထွက်နေသော ရေအလား တဗွက်ဗွက် စိမ့်ထွက်နေသည်။

အစပိုင်းတွင် အတူနေရဟန်းများက စောင့်ရှောက်သည်။ ဖေးမသည်။ သွေးပြည်တို့ကို သုတ်သင်ပေးသည်။ သို့သော် အနာမှ ထွက်သော အနံ့အသက်ဒဏ်ကို မခံနိုင်တော့။ ပုပ်အဲ့အဲ့ ညှီစို့စို့ အနံ့ဒဏ်ကို မခံနိုင်၍ စွန့်ခွာကုန်ကြသည်။

တစ်ကိုယ်လုံးက အပုပ်နံ့တွေ လှိုင်နေသဖြင့် မသေမီက ပုပ်နေသူ ပုတိဂတ္တတိဿဟု ခေါ်ကြပေသည်။

× × ×

ပုတိဂတ္တတိဿရဟန်းသည် အနာကြောင့် အိပ်ရာထက်မှ မရွေ့နိုင်။ လူးတိုင်း၊ လှိမ့်တိုင်း ကျောက်တုံးနှင့် တင်လှိမ့်ခံရသည့်အလား နာကျင်နေသည်။ ပုပ်အိ ရိရွဲနေသော အနာတို့က တိုက်စားသဖြင့် အရိုးတို့ ကြေကုန်သည်။ ကျိုးကုန်သည်။ အရိုးအဆစ်များဖြင့် တည်ဆောက်ထားသော ခန္ဓာအိမ်သည် အရိုးမဲ့သဖြင့် မရွေ့နိုင်။ သွေးပြည် အလိမ်းလိမ်း ဖြစ်နေ၍ နေရထိုင်ရခက်သည့်အထဲ မရွေ့လျားနိုင်သဖြင့် စိတ်ညစ်ရသည်။ တင်းထားသည့် စိတ်ဓာတ်သည်လည်း တားဆီးမရအောင် လျော့ကျသွားသည်။

စိတ်ဓာတ်ကျသဖြင့် သမာဓိ မထူထောင်နိုင်။ သမာဓိ မရခြင်းသည် မျက်စိအမြင် မရခြင်းပင်။ မြင်စရာကို မမြင်နိုင်အောင် ဝေဒနာက နှိပ်စက်နေသည်။ ရုပ်နာမ်ကို ကြည့်ရှု ဆင်ခြင်သင့်လျက်





မကြည့်နိုင်၊ မမြင်နိုင်။ ထိုအခါ ဖြစ်ခြင်း၊ ပျက်ခြင်းကို မမြင်တော့။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော မဆင်ခြင်နိုင်သော ပုတိဂတ္တတိဿသည် ငါစွဲ မဖျောက်နိုင်။ ရုပ်ခန္ဓာ က နာကျင်သည်ကို ငါ နာကျင်လှပြီ ... ဝေဒနာ သည်းထန်လှပြီ ... ဟုသာ တွေးနေရာ မသက်မသာ ညည်းညူလိုက်သည်။

၊ အလိုလေးလေး ... ကယ်မည့်သူ မရှိတော့ဘူးလား ဗျာတို့။

ပုတိဂတ္တတိဿ ညည်းညူလိုက်သံကို အခြားရဟန်းတို့က မကြား။ သို့သော် ဂန္ဓကုဋီတိုက်တွင်းမှ လောကဓာတ် တစ်ခွင်လုံး ရှုကြည့်ဆင်ခြင်သော ဘုရားရှင်ကကြားသည်။ မြတ်ဘုရား၏ ဉာဏ်ကွန်ရက်တွင် ပုတိဂတ္တတိဿအသွင် ထင်လာသည်။ ခံစားနေရသည့် ဝေဒနာအနေအထားကို သိရသည်။ သူ၏ ပြုဖူးသော ရှေးရှေးက ပါရမီ၊ ကျွတ်သင့် ကျွတ်ထိုက်သော ဥပနိဿယ ရှိမရှိ ကြည့်သော် ရှိကြောင်းမြင်၏။ ဘုရားရှင်သာ ကြွသွားလျှင် ပုတိဂတ္တတိဿ ဝမ်းမြောက်မည် ။ သူ၏ရောဂါအခြေအနေ မေးမြန်းလျှင် ရောဂါတစ်ဝက် လျော့ကျသွားမည်။ အကယ်၍ ဘုရားရှင်ကသာ စောင့်ရှောက်လျှင် ရောဂါအလုံးစုံ ဆက်သာသွားမည်။ ဤအခြေ အနေကို မြင်သော ဘုရားရှင်သည် ဂန္ဓကုဋီမှ ထွက်လာသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား ၊ အဘယ်ကို လှမ်းကြွမှာပါလဲ ဘုရား"

ပုတိဂတ္တတိဿ သီတင်းသုံးနေသည့် ကျောင်းတိုက်သို့ ခြေဦးလှည့်နေသော ဘုရားရှင်ကို မေးလျှောက်ချင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မသင့်ဟု အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး တွက်သည်။ ခပ်မဆိတ်၊ လက်အုပ်ချီလျက် ဘုရားရှင်နောက်ပါးက လိုက်ခဲ့သည်။

"ဘုရားရှင် တိဿရဟန်းဆီ ကြွတယ် ..."

"ဒုက္ခပါပဲ၊ အနားအကပ်မခံနိုင်အောင် ပုပ်အဲ့နေတဲ့ အနံ့ရှူရိုက်မိတော့မယ် ..."

"ဟော ... ရဟန်းကြီးနေတဲ့ ကျောင်းတိုက်ထဲ ဝင်သွားပြီ"

ရဟန်းများ အချင်းချင်း လက်တို့ပြောသည်။ ဘယ်လိုလဲဟူသော အမေးဖြင့် တစ်ယောက်ကို တစ်ယောက်မေးသည်။ ဘယ်သူမှ မစဉ်းစားတတ်။ မြတ်ဘုရား၏ စိတ်ထားကို မှန်းဆရခက်နေသည်။ မလှမ်းမကမ်းက တိတ်ဆိတ်စွာ လိုက်သွားရုံက လွဲ၍ အခြား မရှိတော့။

ဘုရားရှင်သည် တိဿ လဲလျောင်းရာ ညောင်စောင်းတွင် ထိုင်သည်။

"ချစ်သား တိဿ၊ အနာရောဂါ သက်သာရဲ့လား"

"မသက်သာပါ ဘုရား ၊ ဝေဒနာက တိုး၍ တိုး၍သာ သည်းနေပါတယ် ဘုရား"

"ခန္ဓာကိုယ်ကို ငါလို့ အစွဲမထားနဲ့ တိဿ၊ ထိခိုက်လျှင် နာကျင်တတ်တဲ့ ဒီခန္ဓာဟာ ငါလို့ စွဲထင်လိုက်တာနဲ့ နာကျင်မှု ခံစား ရမှာပဲ"

မြတ်ဘုရားသည် ပုတိဂတ္တတိဿ၏ အနာတို့ကို မရွံ့ မရှာ ကိုင်တွယ်သည်။

မြတ်ပန်းရဂုံစာပေ



"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ သူနာပြုစုဖို့ တပည့်တော် တာဝန်ဖြစ်ပါစေ ..."

သာသနာ့ဦးသျှောင်ဖြစ်သည့် ဘုရားရှင်က သာမန် ရဟန်းတစ်ပါးကို သူနာပြုစု ပေးနေခြင်းမှာ မလျော်။ အခြား တစ်ပါးသာသနာမှ တွေ့သော် ကဲ့ရဲ့စရာဖြစ်မည်။ မသင့်ဟု မြင်၍အရှင်သာရိ ပုတ္တရာက အလျင်အမြန်နေရာယူလိုက်သည်။ ပြုစုခွင့်တောင်းလိုက်သည်။

"ချစ်သားတို့၊ မိဝေး ဖဝေး နေကြရသည့် ရဟန်းများအဖို့ အချင်းချင်း မစောင့်ရှောက်လျှင် ဘယ်သူက လာစောင့်ရှောက်မည်နည်း။ ရဟန်းတစ်ပါး ဝေဒနာခံစားနေရသည်ကို လျစ်လျူရှုထားခြင်းမှာ မလျော်။ ငါ့သာသနာတော်တွင် ဤ အမှုမျိုး မဖြစ်သင့်၊ မဖြစ်ထိုက်။ အချင်းချင်း စောင့်ရှောက်ကြ၊ ညီညီညွတ်ညွတ် သီတင်းသုံး ရန်သာ ငါလိုလားသည်" ဘုရားရှင်က ထွေထွေထူးထူး မမိန့်သော်လည်း၊ အပြုအမူက ထိုစကား မိန့်သည့်အလား ဖြစ်နေသည်။ ချို့ယွင်းချက်ရှိသဖြင့် လက်ျာရံ အဂ္ဂသာဝက ဗုဂ္ဂိုလ်ကြီး မနေနိုင်။ ဘုရားရှင်ကိုယ်စား ဝင်ရောက်စောင့်ရှောက်ရသည်။

"သရက်ခေါက်ခွာပြီး ရေနွေးနဲ့ ပြုတ်၊ ပြီးတော့ အဲဒီ သစ်ခေါက်ရေနဲ့ စေးကပ်နေတဲ့ သင်္ကန်းတွေခွာ၊ ခွာထားတဲ့ သင်္ကန်းကို သစ်ခေါက်ရေနဲ့ ပြုတ်၊ ပြီးတော့ တိဿရဟန်းရဲ့အနာကို သစ်ခေါက်ရေ နဲ့ ဖန်ဆေး၊ ရေနွေးကြက်သီးနွေး နဲ့ အနာတွေ ပွတ်ပေး ၊ ဆေးကြောပေး၊ စောစောက လျှော်ဖွပ်ထားတဲ့ သင်္ကန်းခြောက်ရင် ပြန်လည်ဝတ်ရုံပေးလိုက် ..."

မြတ်ဝန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရား၏ ကြွင်နာမှု၊ ယုယမှုမြင်ရသော် ပုတိဂတ္တတိဿ ကျေနပ်သွားသည်။ အားတက်သွားသည်။ နာကျင်နေသည့် ဝေဒနာသည် ရေနွေး၊ အဝတ်ခြောက်တို့ဖြင့် ထိတွေ့ရသဖြင့် အထူးသက်သာသွားသည်။ ထိုအခါ နှစ်သက်ပီတိ ဖြစ်မိသည်။ ထို့နောက် ငြိမ်းအေးခြင်း ဖြစ်ရသည်။ ချမ်းသာသုခလည်း ဖြစ်လာသည်။ ဝေဒနာသက်သာလာသဖြင့် တည်ကြည်သော သမာဓိလည်းဖြစ်လာသည်။ ထိုအခါ မိမိလုပ်ရမည့်အလုပ်ကို ပုတိဂတ္တတိဿ သတိရသွားသည်။

"ချစ်သား ပုတိဂတ္တတိဿ၊ ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်း၍ စွန့်ပစ်ရလျှင် ဘာမျှအသုံးမကျသော ဖွဲ၊ ထင်း အလား ဖြစ်လိမ့်မည်။ ဤခန္ဓာသည် မကြာမီကာလတွင် မြေပြင်၌ လဲလျောင်းရလိမ့်မည်"

ခန္ဓာကိုယ်၏ အသုံးမကျမှုကို လမ်းညွှန်ပြသလိုက်သော် ခန္ဓာကိုယ်အပေါ် စွဲလမ်းစိတ်ပျောက်သွားသည်။ ထိုအခါ ခန္ဓာကိုယ်သည် ငါမဟုတ်၊ သူဖြစ်သည်။ သူ့ဘာသာသူ ဖြစ်နေသည်။ ကိုယ့်အလိုမပါ၊ သူ့သဘောသူ ဆောင်နေကြောင်း မြင်လာသည်။ မိမိအလိုကို မလိုက်၊ သူ့အလိုသာ လိုက်နေရပြီး အမြဲတစေ နှိပ်စက်ဖိစီးနေမှန်း သိလိုက်သည်။ ထိုအခါ ခန္ဓာကိုယ်ကို ခင်မင်တွယ်တာစိတ်ကင်းသွားသည်။ စက်ဆုပ်သွားသည်။ ငြီးငွေ့သွားသည်။ ခန္ဓာကိုယ်၌ တပ်မက်မှု တဏှာကို ပယ်သတ်လျက် ဖြစ်ပျက်ကို မြင်လာသည်။ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် ရှုကြည့်ဆင်ခြင်သော် ဝိပဿနာ ဉာဏ်ဆယ်ပါး နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားသည်။

**မြတ်ဝန်းရဂုံစာပေ**



ရဟန္တာ ပုဂ္ဂိုလ်ကြီးသည် ထိုခဏ၌ပင် ခန္ဓာဝန်ကို ချလိုက်သည်။ အသုံးမကျသည့် ရုပ်ခန္ဓာသည် သေလွန်လျှင် ပုပ်သိုးပျက်စီးသော သဘောရှိတတ်သော်လည်း တိဿရဟန်းကမူ မသေမီကပင် ပုပ်နေသူ ဖြစ်ပေသည်။

× × ×

သဘာဝနှင့် ဆန့်ကျင်လျက် မသေမီကပင် ပုပ်အဲ့သော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်ရသော တိဿသည် ဤသို့ဖြစ်ရခြင်းမှာ ရှေးက သူပြုမိသော ကံကြောင့်ဖြစ်သည်။

တိဿအလောင်းသည် ကဿပဘုရားရှင်လက်ထက်က ငှက်မုဆိုးဖြစ်သည်။ တောကိုဝင်၊ ငှက်ကိုပစ်၊ ဖမ်းဆီး ရောင်းချခြင်းဖြင့် ဘဝ ဝမ်းကျောင်းသူဖြစ်သည်။ သူသည် ငှက်တို့ကိုဖမ်းလျက် လှောင်ထားသည်။ မြို့တက်ရောင်းသည်။ မကုန်သည့် ငှက်များ ပြန်ယူလာသည်။ ပျံထွက်မသွားနိုင်အောင် ငှက်၏ အတောင်နှင့် ခြေတို့ကို ချိုးပစ်သည်။ အသက်မသေသော်ငြားလည်း ပြင်းစွာသော ဝေဒနာ ငှက်တို့ခံစားရသည်။ တစ်ပါးသူကို နာကျင်အောင်ပြု၍ မသေမရှင်ထား၊ သတ်ဖြတ် ရောင်းစားသော တိဿသည် ဤမကောင်းမှု ကံကြောင့် ငရဲကျခံရသည်။ ငရဲ၌ ရက်စေ့သော် ဘုရားရှင် လက်ထက်၌ လူလာဖြစ်သည်။ သူသည် ထိုစဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးအား လှူဒါန်းပေးကမ်းပြီး ကောင်းမှုအဖို့ငှာ အရှင်ဘုရားတို့ သိမြင်သော တရားမြင်ရ၊ သိရပြီး နိဗ္ဗာန်သို့ ကူးမြောက်ရပါလို၏ဟု ဆုတောင်းခဲ့သည်။ ပါရမီဖြည့်ဆည်းခဲ့သည်။ ဤကောင်းမှုကြောင့် နောက်ဆုံးဘဝတွင် တရားထူးရခဲ့သည်။

**မြတ်ဝန်းရဂုံစာပေ**

www.burmeseclassic.com


ပဋိသန္ဓိဒါနှင့်တကွရဟန္တာဖြစ်ခဲ့သည်။

တိဿမထေရ်သည် ရဟန္တာလောင်း ဖြစ်သော်ငြားလည်း ရှေးကပြုဖူးသော မကောင်းမှုကံ ဝင့်ကြွေးပေးဆပ်ဖို့လိုသည်။ ထို့ကြောင့် သူတော်ကောင်းအမှု ပြုနေသော်ငြားလည်း ရောဂါဝင်သည်။ အနာတွေပေါက်သည်။ ငှက်များ၏ အတောင်နှင့်ခြေတို့ကို ချိုးခဲ့သည့်နည်းတူ သူ့ခြေလက်အရိုး အဆစ်များကျိုးကျေခဲ့သည်။ ငှက်များနှယ် သေလုနီးပါး ဝေဒနာခံစားရသည်။

သတ္တဝါတို့မည်သည် ကိုယ်ပြုသောကံက အရိပ်ပမာ လိုက်ပါလျက် အကျိုးပေးခွင့် အခြေအနေကို စောင့်စားနေသည်။ အခွင့်သာသည်နှင့် တိုးဝင်ပူးကပ် နှိပ်စက်တတ်သည်မှာ ဓမ္မတာပင်။

မှတ်သားနာယူသင့်သော သင်ခန်းစာ


မကောင်းမှု ဒုစရိုက်မှု ကျူးလွန်သူသည် ထိုမကောင်းမှုကံကို ခံစားရသည်။ တစ်ပါးသူကို နာကျင်စေက ကိုယ်လည်းနာကျင်မှုဝေဒနာ ခံရသည်။ တစ်ပါးသူကို သတ်ဖြတ်မိက ကိုယ်လည်း သတ်ဖြတ်ခံရသည်။ ရှောင်လွှဲမရပေ။

ကျမ်းကိုး

ဓမ္မပဒ၊ စိတ္တဝဂ်၊ တိဿမထေရ်ဝတ္ထု၊



# ပုညကုသလ



www.burmeseclassic.com

www.burmeseclassic.com

## ပူညကူသလ

မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ညဏ်ကွန်ရက်၌ ဗကပြဟ္မာကို မြင်၏။

ထိုပြဟ္မာသည် လူအဖြစ်၌ အနှစ်တစ်သိန်းမျှ ရသေ့ ရဟန်းပြု၏။ လောကီစျာန်သမာပတ်ကို မပြတ်လေ့လာ၏။ သေလွန်သော် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။ ထိုဘုံတွင် မဟာကပ်ငါးရာပတ်လုံး ပြဟ္မာမင်း ချမ်းသာကို စံစား၏။ တစ်ဖန် စုတေပြန်သော် ၆၄ ကမ္ဘာအသက်ရှည်သော သုဘကိဏ်ဘုံ၌ ဖြစ်သည်။ ထိုမှစုတေပြန်သော် ရှစ်ကမ္ဘာအသက်ရှည်သော အာဘဿရာ ဘုံ၌ ဖြစ်ပြန်သည်။ ပြဟ္မာ့ကိုယ်မှ ရွေ့လျော၍ ပြဟ္မာ့ကိုယ်တစ်ဖန်ဖြစ်ခြင်းကြောင့် ပဋိသန္ဓေတည်ရသည်ကိုမမြင်။ ရှည်လျားသည့် ပြဟ္မာ့သက်တမ်းကြောင့် သေခြင်းကိုလည်းမထင်။ ပြဟ္မာဟူသည် မြတ်သောဇာတ်ဖြစ်၏။ အိုခြင်း၊ နာခြင်းကင်း၏။ ဆင်းရဲကင်းသောနိဗ္ဗာန် ရွှေပြည်သာတည်းဟုမှတ်ယူသည်။

မိစ္ဆာအယူစွဲထင်နေသော ဗကပြဟ္မာအား ချေချွတ်ရန်အတွက် ဘုရားရှင်သည် အာဘဿရာဘုံသို့ ကြွလာသည်။

ဘုရားရှင်သည် ပြဟ္မာ့ဘုံထိ ကြွလာကြောင်း ကြားရသော





မဟာပြဟ္မာကြီးက ခရီးဦးကြိုသည်။ မြတ်သောနေရာ ပေးသည်။ သင့်တင့်လျောက်ပတ်သော အရပ်တွင်ထိုင်လျက် ဦးတင်ရှိခိုးသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ပြဟ္မာ့ပြည်ကို ကြွလာတော်မူပါသလော ... ကောင်းလှပါဘိ။ မြတ်ဘုရား၏ လာခြင်းကား အလွန်ကောင်းမြတ်လှပါဘိ။ မှန်ပါ၊မြတ်ဘုရား၊ အရှင်၏ ပြဟ္မာ့ပြည်သို့ လာလှည့်ကား ကြာမြင့်ပါဘိ။ ဝီရိယစိုက်လျက် ကျင့်ကြံပါ။ အားထုတ်ပါ။ ပြဟ္မာ့ရွာ ရောက်အောင်ကြိုးစားပါ။ ဤပြဟ္မာ့ရွာကား ဆင်းရဲကင်းသည့် နိဗ္ဗာန်ရွှေပြည်ပါတည်း"

ပြဟ္မာ့ဘုံကို အမွန်းတင် လျှောက်ထားနေသည့် ဗကပြဟ္မာကို ဘုရားရှင်က ကြီးစွာသော ကရုဏာဖြင့် ကြည့်သည်။ အမြင်မှား၊ အယူမှားနေသည်ကို ချေချွတ်သင့်ပြီဟု သဘောပိုက်သည်။ ထို့ကြောင့် အထက်ဘုံမှရောက်လာသော ပြဟ္မာများကို သက်သေထားလျက် ဆိုလိုက်သည်။

"အို ... ပြဟ္မာအပေါင်းတို့၊ ဗကပြဟ္မာသည်ကား အဝိဇ္ဇာအမှောင်တိုက်တွင်း ဝင်မှန်းမသိ ဝင်နေဘိတကား ။ သူသည် လှောင်ချိုင့်တွင်းမှ လွတ်ထွက်သောငှက်အလား၊ ချမ်းသာလိုလျှင် ငါ့ထံလာလော့ဟု တကြော်ကြော်ခေါ်နေဘိသည်။ သူသည် ပြဟ္မာသဏ္ဌာန်ကို နိဗ္ဗာန်ဟု မှတ်ယူနေသည်။ အနိစ္စကို နိစ္စထင်နေသည်။ ဒုက္ခကို သုခ ထင်နေသည်။ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို အမှန်မသိဘဲ ပြဟ္မာ့ဘုံကိုနိဗ္ဗာန် ဟု ထင်နေဘိတကား"

"အရှင်ဂေါတမ၊ သဿတဝါဒကို လက်ခံသည်မှာ ရှုံနိုပ်သာမဟုတ်။ ပြဟ္မာဇာတ်ရှိသူ ဤပုဂ္ဂိုလ် ခုနစ်ကျိပ်နှစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံသည်သာ။ဤနေရာ၌ဒွာန်သည်ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ကင်းသောကြောင့် နိဗ္ဗာန်ဓာဝရဟု ခံယူထားကြပါတယ် ..."

ဗကဗြဟ္မာသည် သူ့အမြင်၊ သူ့အသိ ပိုမိုခိုင်မာစေရန် သက်သေထူသည်။ အခြားဗြဟ္မာတို့သည်လည်း သူနှင့် အလားတူ ဉာဏ်ပညာရှိသူများသာဖြစ်၍ ပို၍ ထိုးထွင်းမသိရကား မဟာဗြဟ္မာ ဝါဒကို လက်ခံကြကုန်သည်။

"အချင်းဗြဟ္မာ၊ သင်သည် ဤဗြဟ္မာ့ရွာ၌ နိရဗ္ဗုဒ တစ်သိန်း မျှသာ ခံစားနိုင်သည်။ ကုန်လွန်သော်မရဏတရား မလွန်မြောက်နိုင်။ စုတေရဦးမည်ကို ငါဘုရား မြင်၏။ ငါဘုရားမြင်၏"

ခန္ဒာပြတ်ကြွေ ,သေရဦးမည် ဟူသောစကား ကြားသော် တုန်လှုပ်သွားသည်။ သူ့ဗြဟ္မာသက်ကို ချင့်တွက်လိုက်သည်။

နှစ်ကုဋေတစ်သိန်းသည် ပကောဋိ။
ပကောဋိ သိန်းတစ်ရာသည် ကောဋိပကောဋိ။
ထိုကောဋိပကောဋိ သိန်းတစ်ရာသည် နဟုတ။
နဟုတ သိန်းတစ်ရာသည် အက္ခောဘဏီ။
ထိုအက္ခောဘဏီ သိန်းတစ်ရာသည် ဗိန္ဒု။
ဗိန္ဒု သိန်းတစ်ရာသည် အဗ္ဗုဒ။
ထို အဗ္ဗုဒ သိန်းတစ်ရာသည် နိရဗ္ဗုဒ။
ဤ နိရဗ္ဗုဒ တစ်သိန်းသည် ဗကဗြဟ္မာ၏သက်တမ်း။

ဤရွေ့ ဤမျှ ကာလရှည်စွာ ဗြဟ္မာ့စည်းစိမ်စံရသည် ဖြစ်သော်လည်း သေခြင်းတရား ဆိုစကား ကြားသော် တုန်လှုပ် သွားသည်။ အယောင်ယောင် အမှားမှား ချောက်ချားသွားသည်။





"အရှင်မြတ်။ ကျွန်ုပ်၏ အနာဂတ်အဖြစ်ကို ကြိုတင်သိမြင် ပါလျှင် ကျွန်ုပ်၏ အတိတ်ဖြစ်ရပ်ကိုလည်း သိမည်ထင်ပါသည်။ ဤရွေ့ ဤမျှ ချမ်းသာသုခ ခံစားရအောင် အဘယ်အမှုပြုခဲ့သည်ကို သိပါသလော ..."

"ငါသိသည် ဗကဗြဟ္မာ ..."

"တောင်းပါဘိ ဘုရား၊ ဆင်ခြင်နိုင်ရန် မိန့်တော်မူပါ"

"အချင်းဗက၊ သင်သည် တစ်ခုသောကမ္ဘာတွင် ဟာရာဏသီ ပြည်၌ ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်ခဲ့ပေတယ်။ စည်းစိမ် ချမ်းသာ ရှိခဲ့တယ်။ ဒါပေမဲ့ လောကီစည်းစိမ် ခံစားရတာ ငြီးငွေ့ လာတယ်။ အပြစ်မြင်လာတယ်။ ဒါကြောင့် ပစ္စည်းဥစ္စာကို စွန့် ပြီး တောကို ဝင်ခဲ့ ၊ ရသေ့ရဟန်းပြုခဲ့တယ်"

"ဩော်"

"အချင်း ဗကဗြဟ္မာ၊ ကေသဝရသေ့ဖြစ်စဉ် သင်ဟာ စတုကကသိုဏ်းဝန်းမှီလျက် လောကီဈာန်သမာပတ် မပြတ် လေ့လာခဲ့တယ်။ သင်ဟာ တန်ခိုးအဘိညာဉ်နဲ့ ပြည့်စုံသူ ဖြစ်ခဲ့တယ်"

"မှန်ပါ"

"ထိုစဉ်က လှည်းသားငါးရာရဲ့ အသက်ကို ကယ်တင်ခဲ့ ဖူးတဲ့ ကုသိုလ်ကံကြောင့် သင်ဟာဗြဟ္မာ့ဘုံမှာ စံစားခွင့်ရခဲ့တယ်။ ဗြဟ္မာ့ချမ်းသာကို ဘုံစဉ်တစ်ခုမှ တစ်ခု ကူးပြောင်းခံစားရတဲ့ သင်ဟာ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မကြုံဖူးလေတော့ ထာဝရမြဲသူလို့ မှတ်ယူတာပဲ ဗကဗြဟ္မာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရားထံမှ ထိုစကားကြားသော ဗကဗြဟ္မာ ငိုင်တွေသွားသည်။ သူပြုခဲ့သော ကောင်းမှုကုသိုလ်ကို ပြန်လည်စဉ်းစားကြည့်သည်။ အတိုင်းအဆမရှိ ရှည်ကြာသောဘဝကို မှန်းဆမရ။ သို့ဖြစ်၍မြတ်ဘုရားဟောပြသည့် အတိတ်ဇာတ်ကြောင်းကိုသာ အာရုံပြု နားထောင်ရပေသည်။

× × ×

"အချင်းဗကဗြဟ္မာ၊ သင်သည် ကေသဝရသေ့ဖြစ်စဉ် ပစ္စန္တရာဇ်ရွာ တစ်ခုကိုမှီပြီး ဧဏီဟူသော မြစ်ကမ်း၌ နေခဲ့တယ်"

"မှန်ပါ"

"တစ်နေ့မှာ ခိုးသားငါးရာက ပစ္စန္တရာဇ်ရွာကို တိုက်ခိုက်ဖျက်ဆီးပြီး ကျွဲ၊ နွားနှင့်တကွ ဥစ္စာပစ္စည်းတွေယူ၊ လူကို သုံ့ပန်းအဖြစ်ဖမ်းလာတယ်။ စိုးရွံ့ထိတ်လန့်တဲ့ ကလေးတွေက ငိုယိုတယ်၊ ဒီအသံကြားတော့ သင်က ငါရှိပါလျက် မပျက်စီးစေသင့်လို့ ကြံပြီး တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဆင်မြင်းဗိုလ်ပါ လက်နက်အခြံအရံ ရှိတဲ့ မင်းသဏ္ဌာန်ဖန်ဆင်းလိုက်တယ်။ တပိုးခရာတွေတီးမှုတ်၊ ညာသံပေးလေတော့ ခိုးသားတွေ ကြောက်လန့် ပြေးကုန်လို့ လူအများ အသက်ချမ်းသာရာ ရခဲ့တယ်။ ဒါဟာ သင်ကယ်ဖူးတဲ့ သတ္တဝါတွေ။ သင့်ကြောင့် အသက်များစွာ ချမ်းသာရာရခဲ့တယ် ဗကဗြဟ္မာ"

"မှန်ပါ။ မှတ်သားထားပါ ဘုရား"

"တစ်ခါမှာလည်း ဗာရာဏသီက အမတ်ငါးရာဟာ လှေကိုဖောင်ဖွဲ့မျှောလာတယ်။ သူတို့ဟာ အစားအစာစားပြီး အညစ်အကြေးတွေကို မြစ်ထဲချတယ်။ ဒီအခါ မြစ်တွင်းမှာနေတဲ့ တန်ခိုးကြီးနဂါးက





အညစ်အကြေးကို သူ့ခေါင်းထက် စွန့်ရပါမလားဆိုပြီး ကြီးစွာသောကိုယ်ကို ဖန်ဆင်းလျက် ဖောင်ဖျက်ပစ်ဖို့ ရောက်ရှိလာတယ်"

"မှန်ပါ"

"ရောမ နဂါးကိုတွေ့တော့ ကြောက်လန့်တကြား အော်ဟစ်ကြကုန်တယ်။ ဒီအသံကြားတော့ သင်က ငါရှိပါလျက် အကျိုးမဲ့မပျက်စီးစေရာဆိုပြီး ဂဠုန်ငှက်သဏ္ဌာန် ဖန်ဆင်းလျက် နဂါးကိုခြိမ်းခြောက်လိုက်တယ်။ ဒီနည်းနဲ့ လူအများရဲ့ အသက်ကို သင်ကယ်ခဲ့ပြန်တယ် ဗကဗြဟ္မာ"

"မှတ်ယူထားပါ ဘုရား"

"အချင်းဗြဟ္မာ၊ သင်ဟာ မရုက္ကန္တာရအတွင်း ဒုက္ခဆင်းရဲနဲ့ကြုံတွေ့ရတဲ့ လှည်းသားငါးရာကိုလည်း အသက်ကယ်ခဲ့ပြန်တယ်"

"မိန့်တော်မူပါ မြတ်ဘုရား"

ပျပ်ဝပ်ရိုကျိုးစွာ နာယူလာသော ဗကဗြဟ္မာအား ကေသဝရသေ့ဘဝက ပြုဖူးသော ကုသိုလ်ကံအကြောင်းကို မှတ်သားဖွယ်တန်ဆာဆင်၍ မြတ်ဘုရား ဟောကြားလိုက်ပေသည်။

× × ×

မရုကန္တာရသည် သဲအတိဖုံးနေသော အရပ်၊ လူသားတို့အတွက် သေတွင်း။ နေ့ညမပြတ် အန္တရာယ်ထူပြောသော နေရာ၊ နေ့အခါတွင် နေ ခြစ်ခြစ်တောက်ပူသည်။ သဲမုန်တိုင်းက အဆက်မပြတ် ကျနေသည်။ သဲမှုန်သဲပွင့်တို့သည် အထက်ပျံတက်လိုက်၊ ဘေး ဘယ်ညာ ဝေ့ဝဲတိုက်ခတ်လိုက်နှင့် တည်ငြိမ်မှုမရှိ။ သက်ရှိလူသားသည် ဤမုန်တိုင်းထဲရောက်သွားက ရှင်ဖွယ်ရာသမ်းစ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ပေ။

ဤကန္တာရတွင် နေပူရှိန်က ကြောက်ခမန်းလိလိ။ နေဆယ်စင်းထွက်သည့်အလား အောက်မေ့ရသည်။ နေအရှိန်ကြောင့် သဲပွင့်များက ဒယ်အိုးကင်းထဲထည့်လျှက် မီးပြင်းတိုက် ခံထားရသည့်အလား ပူလောင်နေသည်။ ခြေချဖို့မဆိုထားနှင့် ယောင်ယမ်း ဆုပ်ကိုင်မိလျှင်ပင် လောင်မြိုက်သွားနိုင်သည်။ လန်းဆန်းသော ပန်းတစ်ပွင့်ကို သဲကန္တာရထဲ ပစ်ချလျှင် ချက်ချင်းညှိုးရော် ပျက်စီးသွားနိုင်သည်။

ပူလောင်သော ဤကန္တာရသည် အပြောင်းအလဲ မြန်လှသည်။ ပူလောင်နေရာမှ ချက်ချင်း မိုးမှောင်ကျတတ်သည်။ မှောင်သည်နှင့် အအေးဓာတ်က စွပ်ဝင်လာသည်။ ခိုက်ခိုက်တုန်အောင် ချမ်းသည်။ အပူလွန်ကဲ သကဲ့သို့ အအေးလွန်ကဲတတ်သည်မှာ ဤကန္တာရ၏ ပရိယာယ်ပင်။

ဆိုးရွားသော ရာသီဥတုကြောင့် သက်ရှိသတ္တဝါတို့သည် အသက်ရှင် ရပ်တည်နိုင်ဖွယ်မရှိ။

သို့သော် ဆိတ်ငြိမ်လျှက် လူသူကင်းမဲ့မှုကို မြတ်နိုးသော ကေသဝ ရသေ့သည် ဤအရပ်ကို အမှီပြုနေသော တစ်ဦးတည်းသော သက်ရှိလူသားဖြစ်သည်။ သူကမူ လောကီအဘိညာဉ်စျာန်ရထားသဖြင့် ထိုအန္တရာယ်ကို ကျော်လွှားနိုင်သည်။ ရပ်တည်နိုင်သည်။

လူသူကင်းမဲ့သည့် ဤကန္တာရလွင်ပြင်သည် သူ့အတွက် စျာန်ကစားရာ အရပ်ဖြစ်သည်။ အေးချမ်းမှုရှာရာ အရပ်ဖြစ်သည်။

တစ်နေ့သ၌ ရသေ့သည် မရုကန္တာရလွင်ပြင်ကို ရှု ကြည့်





နေစဉ် ရွေ့လျားနေသော အမှတ်တစ်ခုကို တွေ့လိုက်သည်။ အလို ... ဟု အံ့အားသင့်စွာ ရေရွတ်လိုက်သည်။ စူးစူးစိုက်စိုက်ကြည့်မိသည်။

မိုက်မဲသော လူတစ်စုသည် ကန္တာရလွင်ပြင်ကို ဖြတ်ကျော်ရန် ကြိုးစားနေသည်။ အချည်းနှီးအားထုတ်မှုအတွက် အပြစ် တင်လိုသည်။ သို့သော် မတင်ရက်။ မသိမလိမ္မာသူတွေဖြစ်၍ အားထုတ်နေခြင်းပါလားဟု တရုဏာသက်စွာ တွေးလိုက်သည်။

သေသေချာချာကြည့်တော့ ကုန်သွယ်ရန်အလို့ငှာ ထွက်လာသော လှည်းငါးရာ။ လှည်းတစ်စီး နွားနှစ်ကောင် က, ထားသဖြင့် နွားတစ်ထောင်။ လှည်းဦးစီး ငါးရာ။ ကုန်အပြည့် တင်ထားသည့် ဝန်ကို ရုန်းလျှက် နွားများက တရွေ့ရွေ့ ရွေ့တိုးလာသည်။ ပူလောင်သည့် သဲပြင်ပေါ် ခြေချလိုက်တိုင်း နွားများက ဆတ်ဆတ် တုန်နေသည်။ ခြေကိုခါသည်။ ဒယီးဒယိုင် လှောတ်သည်။ နွားများက ရေငတ်မွတ်နေပုံရသည်။ ပါးစပ်များဖြလျှက် ဟောဟဲလိုက်နေသည်။

နွားများသာမက လှည်းပေါ် ထိုင်လိုက်လာသည့် လှည်းသားများလည်း နွမ်းလျနေပြီ ။ တရှိန်ရှိန် တောက်လောင်နေသော နေပူဒဏ်ကို အောင့်အည်း ခံနိုင်စွမ်း မရှိတော့သည့်ပုံ။ သူတို့သည် ကြိမ်ကိုကိုင်ထားသော်လည်း မြှောက်နိုင်စွမ်းမရှိတော့။ နွားကို အသံပြုမောင်းနိုင်စွမ်းပင် မရှိတော့။ မောင်းနိုင်သည်ထားဦး၊ နွားများသည်လည်း ဆက်သွားနိုင်သည့် ခွန်အားမရှိတော့။

လှည်းကိုရုန်းနေသော နွားတစ်ကောင်သည် သဲပူဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ဟန်ဖြင့် ထမ်းပိုးမှ ရုန်းထွက်သည်။ ထမ်းပိုးကြိုးက ချုပ်ထားသဖြင့် လည်လိမ်ကျသွားသည်။ သဲပြင်ပေါ်တွင် ပက်လက်လဲသွားသည်။ မချိမဆံ့ အော်ဟစ် ညည်းညူရင်း ထိတ်လန့်တကြား ရုန်းကန်နေသည်။

လှည်းဦးစီးသည် လဲကျသွားသော နွားကို ထူမရန် လှည်းပေါ်က ဆင်းသည်။ သဲပြင်ပေါ် အမှုမဲ့ အမှတ်မဲ့ ဆင်းလိုက်သည်တွင် သဲပူဒဏ်ခံလိုက်ရသဖြင့် ဆွေ့ဆွေ့ခုန်နေသည်။ လှည်းပေါ်ပြန်ပြေးတက်သည်။ ထိတ်လန့်တကြား ကြည့်သည်။

ရှေ့ဆုံးက လှည်း ကမောက်ကမ ဖြစ်သွားသဖြင့် နောက်က လိုက်လာသော လှည်းများရပ်တန့်သွားသည်။ ပူလောင်သည့်သဲပြင်ပေါ် ခြေစုံရပ်ရသည်နှင့် နွားများ ဆွေ့ဆွေ့ခုန်နေသည်။ အပူဒဏ်ကို မခံနိုင်သဖြင့် ဆွဲမိဆွဲရာ ပြေးရာ လှည်းတပ်ကြီး ပျက်သွားတော့သည်။

အပြုံပြုံ အလဲလဲ ဖြစ်ကုန်သော လှည်းတပ်ကြီးသည် အော်ဟစ်သံ၊ ညည်းညူသံတို့ဖြင့် ပွက်ပွက်ညံနေသည်။ သံပူ ငရဲကျခံရသည့် ငရဲသားများအလား ဒုက္ခကြီးစွာ ရောက်ကြကုန်သည်။

မိမိ မျက်စိအောက်တွင် ဒုက္ခရောက်နေသော သတ္တဝါတို့အဖြစ်ကို မကြည့်ရက်သဖြင့် ကောသဝ ရသေ့သည် အဘိညာဉ်တန်ခိုးဖြင့် ဖန်တီးလိုက်သည်။ ရသေ့သည် မြင့်မြတ်သောစေတနာ၊ မှန်ကန်သည့် သစ္စာတရား၊ ယုံကြည်အပ်သော အဓိဋ္ဌာန်ဖြင့် မိုးကြီးရွာချလိုက်သည်။ ဂင်္ဂါမြစ်ရေကို မရုကန္တာရထဲ စီးဝင်စေလိုက်သည်။ ထို့ပြင် နေပူဒဏ် ခံနိုင်စိမ့်သောငှာ စိမ်းလန်းသော တောအုပ်ကြီး





တစ်ခုကို ရွှေ့ပေးလိုက်သည်။

ရုတ်ခြည်းပြောင်းလဲသွားသော ရာသီဥတုကြောင့် လှည်းသားငါးရာသည် သေဘေးမှ ကင်းလွတ်သွားတော့သည်။

"ချစ်သားဗကဗြဟ္မာ၊ သင်သည် ကောသဝ ရသေ့ဘဝက ပြုခဲ့သောကောင်းမှု၊ လူအများ၏အသက်ကို ကယ်တင်ခဲ့မှုကြောင့် ယခုဘဝတွင် အသက်ရှည်ကြာနေရသော ဗြဟ္မာဇာတ်ကို ရခဲ့ပေတယ်"

မြတ်ဘုရား၏တရားကို နာရကာ ဗကဗြဟ္မာသည် သူ၏ အတိတ်ဘဝကို သိရသဖြင့် သာဓုခေါ်မိလိုက်ပေသည်။

× × ×

မှတ်သားရန်သင်ခန်းစာ

သူ့အသက်ကို ကိုယ်နှင့်ထပ်တူ စာနာ၊ ကယ်တင်လျှင် အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ ဘေးကင်းခြင်းဟူသော ချမ်းသာနှင့်ပြည့်စုံရ၏။ မြင့်မြတ်သောဘုံဌာန စံမြန်းရ၏။ သုခချမ်းသာနှင့်ပြည့်စုံရာ၏။

ကျမ်းကိုး

ဇိနတ္ထပကာသနီ၊ ဗကဗြဟ္မာချွတ်ခန်း



www.burmeseclassic.com

www.burmeseclassic.com

## အဒိန္နာဒါန (သူ့ဥစ္စာကို မပေးဘဲယူခြင်း)

ကာယဒုစရိုက် သုံးပါးတွင် အဒိန္နာဒါနသည်လည်း တစ်ပါးဖြစ်သည်။ မပေးဘဲ ယူခြင်းတည်း။ ပေး၍ယူလျှင် ကျူးလွန်ရာမရောက်ပေ။

ပေးသည်ဆိုရာ၌ မှန်မှန်ကန်ကန်ပေးခြင်းနှင့် မမှန်မကန်ပေးခြင်းဟူ၍ရှိသည်။ သဘောအားဖြင့် ပြင်ပသရုပ် နှင့် အတွင်းသရုပ်တည်း။ ပြင်ပသရုပ်အားဖြင့် ပေးသော်လည်း အတွင်းသရုပ်မမှန်လျှင် ဤအပြစ်ကျူးလွန်ရာ ရောက်၏။ အကုသိုလ်တည်း။

အဒိန္နာဒါနတွင် လာဘ၊ သဏ္ဌာရ၊ သိလောက ဟူ၍ရှိသည်။

လာဘအရ ပစ္စည်းကို မရရအောင်ယူသည်။ မိမိ အကျိုးသာ သုံးသည်။ လောကအကျိုးမသုံး။ ဤတွင် ပြင်ပ သဏ္ဌာန်အရ အပြစ်မရှိသော်လည်း အတွင်းသရုပ်အရ အပြစ်ရှိသည်။

သဏ္ဌာယအရ အာဏာကို မရ ရအောင်ယူသည်။ ရသောအာဏာကို လောကအတွက်မသုံး။ မိမိအကျိုးအတွက်သာ သုံးသည်။ အပြင်ပုံသဏ္ဌာန်အားဖြင့် အပြစ်မရှိသော်လည်း အတွင်းသဏ္ဌာန်အရ အပြစ်ရှိသည်။

**မြတ်ဝန်းရုံစာစေ**

www.burmeseclassic.com

www.burmeseclassic.com



သိလောကအရ ပညာကို မရရအောင်ယူသည်။ ရသော ပညာကို လောကအတွက် မသုံး ။ မိမိအတွက်သာ သုံးအံ့သည်။ ပြင်ပသဏ္ဍာန် အပြစ်မရှိသော်လည်း အတွင်းသဏ္ဍာန်အားဖြင့် အပြစ် ရှိသည်။

သူ့ဥစ္စာကို မပေးဘဲယူလျှင် ဒုစရိုက်အမှု ကျူးလွန်ရာ ရောက်သဖြင့် အပါယ်ငရဲနှင့် ဆင်းရဲ ရစေ၏။ ယင်းအကြောင်းတို "လောကဒက်" တွင် ဖတ်ရှုလေ့လာနိုင်သည်။

ပေးကမ်းလှူဒါန်းလျှင်မူ ဒါနကုသိုလ် ပြုရာ ရောက်၏။ ဒါနပြုလျှင် ချမ်းသာ၍ နတ်လူတို့ ချစ်မြတ်နိုး၏။ ဤအကြောင်းကို "နတ်ချစ်ဆေး" ၌ ဖတ်ရှုလေ့လာနိုင်ပါသည်။

အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာလည်းမွဲ၊ ဆင်းရဲတော်ဘိ၊ လိုရှိ မရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေ့ခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။



# လောကဒက်



www.burmeseclassic.com

www.burmeseclassic.com

# လောဘဒဏ်

"လောဘသည် အကျိုးမဲ့ကို ဖြစ်စေတတ်သည်။ လောဘသည် စိတ်ကို ပျက်စီးစေတတ်သည်။ မိမိကိုယ်တွင်း စိတ်ထဲမှ ဖြစ်လာသော လောဘဘေးဆိုးကို လောဘရှိသူက မသိချေ။ လောဘကြောင့် လိုချင်တပ်မက်မောနေသူသည် အကျိုးအပြစ်ကို မသိ။ ကောင်းမြတ်သည့် တရားသဘောကို မမြင်။ ယင်း လောဘဖြစ်ပေါ်နေခိုက် အမှောင်တိုက်လွှမ်း၍ အကန်းကဲ့သို့ ဖြစ်နေ၏။ လောဘဟူသော လိုချင်တပ်မက်မောမှုက ထို လိုချင် တပ်မက်မောနေသူကို ဖိစီး နှိပ်စက်တတ်ပေသည်"

လောဘတရားသည် လိုချင်တပ်မက်မှု၊ စွဲလန်းမှု၊ ငြိတွယ်မှု သဘောရှိသည်။ ဤတရားရှိပြီ ဆိုလျှင် ဦးစွာ စိတ်ဆင်းရဲရသည်။ လိုချင်သည်ကို မရ၍ စိတ်ဆင်းရဲသည်။ ရသည်ထက် ပိုရလို၍ စိတ်ဆင်းရဲသည်။ လောဘဖြစ်လျှင် တရားသည်၊ မတရားသည် မဆင်ခြင်။ မရ ရသည့်နည်းနှင့် လိုချင်သည်။ ခိုး၍ ရလျှင် ခိုးယူသည်။ တိုက်မှ ရမည်ဆိုလျှင် လုယက်တိုက်ခိုက်ယူသည်။ အကယ်၍ သတ်ဖြတ်မှ ရမည်ဆိုလျှင် တစ်ပါးသူ အသက်ကို သတ်ယူသည်။ ယင်းသို့ ပြုမူသဖြင့် မျက်မှောက်ဘဝတွင်





အစိုးရ၏အပြစ်ဒဏ်ခံရသည်။ တမလွန်ဘဝတွင် ထိုမကောင်းမှုကံကြောင့် အပါယ်ငရဲ နှင့် ဆင်းရဲမှု ခံရတော့သည်။

သူတော်ကောင်းတို့သည် လောဘကင်းအောင်၊ လောဘနည်းနိုင်သမျှ နည်းအောင် အားထုတ်ကြသည်။

လောဘကြောင့် ပျက်စီးရသော သာဓကကို ဘုရားရှင်က သေရိဝဇာတ်အား ထုတ်နုတ်ဟောပြခဲ့ပေသည်။

× × ×

သေရိဝတိုင်း၌ ဘုရားလောင်းသည် သေရိဝမည်သော ရွှေကုန်သည်ဖြစ်သည်။

တစ်နေ့တွင် သေရိဝတိုင်းမှ နီလဝါဟမြစ်ကို ကူးလျက် အရိဋ္ဌပူရမြို့သို့ ရွှေရောင်း သွားသည်။ ခရီးလမ်းတွင် လောဘရမ္မက်ကြီးသော အခြားရွှေကုန်သည် တစ်ဦးနှင့် ဆုံတွေ့သည်။ ထိုသူက

"အလို ... ဒါက ဘယ်ကိုပါလိမ့်"

သေရိဝရွှေကုန်သည်မှာ သူသွားမည့်ခရီးနှင့် တစ်ကြောင်းတည်းဆီ ဦးတည်နေခြင်းကြောင့် ဣဿာစိတ်ဖြင့် မေးသည်။

"အဆွေ၊ ကျွန်ုပ် အရိဋ္ဌပူရမြို့ကို ရွှေရောင်းသွားမလို့ပါ"

"ဘာ ... ရွှေရောင်းသွားမလို့၊ အရိဋ္ဌပူရမြို့ကို ...ဟုတ်လား။ သင် ဒီကိစ္စမလုပ်သင့်ဘူး"

"ဘာကြောင့်လဲ မိတ်ဆွေ ..."

"အဲဒါ ကျုပ် ဈေးကွက်။ ဒီမြို့မှာ ကျုပ် အမြဲရောင်းနေတာ ... သင် ဝင်လာတော့ ကျုပ်ဈေးကွက် ပျက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မတွေးပါနဲ့ မိတ်ဆွေ ... သမုဒ္ဒရာရေကို ဘယ်သူ ခပ်သုံးသုံး ကုန်ဖို့မရှိပါဘူး။ အရှိဋ္ဌပူရမြို့ဆိုတာ ရွာသိမ်ရွာငယ်လေးမှ မဟုတ်တာ၊ ကျုပ်လာရောင်းရုံနဲ့ ဈေးကွက် မပျက်လောက်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သင်ပြန်ရင် ကောင်းမယ် ..."

"မိတ်ဆွေရာ ... ဘဝတူ ဈေးသည်ချင်း ရိုင်းပင်းရမှာပါ၊ သင်ဆက်ဆံပုံက တွန့်တိုမနေဘူးလား ..."

"တွန့်တိုတယ်ပြောပြော ကျုပ်ကတော့ မလာစေချင်ဘူး၊ အဲ တစ်ခုတော့ရှိတယ်၊ ကျုပ်ရောင်းတဲ့နေရာ ခင်ဗျား မရောင်းပါဘူးဆိုရင်တော့ ..."

"ဖြစ်ပါတယ်၊ ခင်ဗျားဈေးကွက်မို့ဆိုရင် ကြိုက်တဲ့နေရာ ခင်ဗျား ရောင်းပါ၊ မြို့အရှေ့ပိုင်း ခင်ဗျားရောင်းရင် ကျုပ်က အနောက်ပိုင်းပဲ ရောင်းပါမယ်"

သေရိဝက လောဘဇောတက်နေသော ရွှေကုန်သည် အလိုကျသည့် စကား ပြောလိုက်၍ ထိုသူ ကျေနပ်သွားသည်။

"ဒီလိုလား ... ဒါဆို ရတယ်။ အဲ တစ်ခုတော့ရှိတယ်။ ခင်ဗျား ရောင်းပြီးတဲ့နေရာ ကျုပ်လာရောင်းချင် လာရောင်းမှာနော် ..."

"အဟဲဟဲ ... ရပါတယ်ဗျာ၊ မိတ်ဆွေ ရောင်းချပြီးတဲ့နေရာကို ကျုပ်ဝင်ရောင်းချင်လည်း ရောင်းပါမယ်"

သေရိဝသည် မြို့အဝင်တွင် တွေ့ရသော လောဘသားနှင့် အကျေအလည် ညှိနှိုင်းပြီးမှ အရိဋ္ဌပူရမြို့တွင်း ဝင်သည်။

× × ×





ထိုအချိန်က အရိဋ္ဌပူရမြို့တွင် အဘွားအိုတစ်ဦး နှင့် မြေးမကလေးတစ်ယောက် ရှိသည် ။ အဘွားအိုသည် မိဘ ဘိုးဘွားလက်ထက် က ချမ်းသာသူများဖြစ်သည်။ တဖြည်းဖြည်း စီးပွားရေးဆုတ်ယုတ် ပျက်ပြားလာသည့်အပြင်၊ လူများလည်း ပျက်စီးခဲ့ရာ မြေးအဘွား နှစ်ဦးသာ ကျန်ရစ်သည်။ မြေးအဘွားနှစ်ဦးသည် ဘဝဇာတ်စာ အတွက် သူတစ်ပါးအိမ်တွင် အခစားလုပ်လျက် ထိန်းကျောင်းနေရသည်။

"ရွှေသည်... ရွှေသည် ဗျို့ ။ ရွှေယူကြဦးမလား ၊ ကြိုက်ဈေးပေးရင် ရောင်းမယ့် ရွှေလှလှလေးတွေ ပါလာသဗျို့"

လောဘကြီးသော ရွှေသည်သည် ထို မြေးအဘွားအိမ်ရှေ့သို့ ရောက်လာသည်။ ရွှေရောင်းရန် ဈေးခေါ်လိုက်သည်။ ထိုအသံကို ကြားသော မြေးငယ်သည် အိမ်ရှေ့သို့ပြေးထွက်လာသည်။ အဆင်အသွေးရောင်စုံဖြင့် လုပ်နေသော ရွှေများကိုမြင်သော် ဘွားအေထံ ပြန်ပြေးသည်။ လက်ဆွဲခေါ်ငင်လာလျက် ရွှေများကို ပြသည်။ ဝယ်ပေးရန် ပူဆာသည်။

ဘွားအေကြီး စိတ်ညစ်သွားသည် ။ မြေးအတွက် ရွှေလုံးလည်း ဝယ်ပေးချင်သည်။ ဝယ်စရာ ငွေမရှိ။ ရောင်းချစရာ ပစ္စည်း ရှိလို့ ရှိပြား ရှာဖွေရာ အိမ်ထောင့်တစ်နေရာတွင် ပစ်ထားသည့် ခွက်စုတ်တစ်လုံး တွေ့သည်။

"အမောင်... ရွှေကုန်သည့် အမောင်ရယ် ၊ ကျုပ်မြေးလေး ဝတ်ချင်လို့ ရွှေအနည်းငယ်ကို ဟောဒီခွက်နဲ့ လဲပါ"

လောဘသား ရွှေကုန်သည် စိတ်ညစ်သွားသည်။ ခွက်ဖုံးတန်



www.burmeseclassic.com

www.burmeseclassic.com



ရွှဲကို ခွက်စုတ်နှင့်လဲရမည်ဆို၍ ဒေါပွသွားသည်။ သို့သော် ခွက်ကို ယူလျက် စစ်ဆေးကြည့်သော် ရွှေခွက်မှန်း သိလိုက်သည်။ အဖိုးတန် ရွှေခွက်ကို ရွှဲအနည်းငယ် ပေးယူလျှင် အလွယ်နှင့် ရနိုင်ပြီ။ သို့သော် ရွှဲမပေးဘဲ ရွှေခွက်ရရန် လောဘစိတ်ဖြင့် ကြံစည်လိုက်သည်။

"ပဲဝက်မှမတန်တဲ့ ဒီခွက်နဲ့ အဖိုးတန်ရွှဲ လဲသတဲ့၊ ကြားကြားဖူးပေါင်၊ တော်ပြီ အသုံးမကျတဲ့ခွက် ပြန်ယူ"

ရွှဲသည်သည် ခွက်ကို ပစ်ချလျက် ဟိတ်ဟန်ဖြင့် ထွက်သွားတော့သည်။

မကြာမီ ထိုနေရာသို့ ဘုရားလောင်း သေရိဝ ရွှဲကုန်သည် ရောက်လာပြန်သည်။ မြေးငယ်က ဘွားအေကြီးကို ပူဆာပြန်သည်။ စောစောကပင် မမာမခန့် ပြုမူသွားခြင်း ခံခဲ့ရ၍ အဘွားအို တွန့်ဆုတ်နေသည်။ သို့သော် မြေးငယ်ကို ရွှဲဆင်ပေးလိုသဖြင့် တောင်းပန်တိုးလျှိုးလိုက်သည်။

"အမောင်ရယ် ... မောင့်နှမ ဝတ်ချင်လို့ ရွှဲအနည်းငယ်ကို ဒီခွက်နဲ့ လဲပါလား ..."

ရွှဲသည် သေရိဝသည် မြေးအဘွားနှစ်ဦးကို ကြည့်လျက် စာနာစိတ်ဖြစ်သွားသည်။ မျှော်လင့်ချက်နှင့် စောင့်ဆိုင်းနေသော ကလေးမလေး၏မျက်နှာကြည့်ပြီး သနားသွားသည်။ အဘွားအို ကမ်းပေးသော ခွက်ကို ယူကြည့်လိုက်သည်။

"အလို ... အို၊ ဒီခွက်နဲ့ရွှဲ လဲရမှာလား အဘွား"

ခွက်ကိုယူကြည့်သော် ခွက်စုတ်သည် အနှစ်နှစ်အလလ ဗစ်ထား၍ ညစ်ပေနေသော်လည်း ရွှေခွက်ဖြစ်မှန်း သိလိုက်သည်။





ကြောင်းကျိုးမသိ၍ ရွှေခွက်နှင့်ရွှဲ လဲနေသော မြေးအဘွားကို ကြည့်ပြီး အံ့အားသင့်သွားသည်။

"အဘွားမှာ ပိုင်ဆိုင်တာဆိုလို့ ဒီခွက်စုတ်တစ်လုံးပဲ ရှိပါတယ် မောင်ရင်ရယ် ... မြေးလေးဝတ်ဖို့ ရွှဲနည်းနည်းရရင် တော်ပါပြီ"

"ဒီခွက်ကို ကျွန်တော် ဘယ်ဝယ်နိုင်မှာလဲ အဘွား၊ ဒါဟာ အဖိုးတစ်သိန်း တန်တဲ့ ရွှေခွက် အဘွားရဲ့"

"ဟေ ... ရွှေခွက်။ ဟုတ်ရဲ့လား မောင်ရင်ရယ် ... ဒါဟာ တို့ဘိုးဘွားတွေ လက်ထက်က ကျန်ရစ်တဲ့ ပစ္စည်းပါ။ ဟောင်းနွမ်းပျက်စီးနေတဲ့ ခွက်စုတ်ဆိုပြီး လွှင့်ပစ်ထားတာ"

"မှန်ပါတယ်၊ အဘွားရဲ့ ရွှေခွက်နဲ့ ထိုက်တန်တဲ့ပစ္စည်း ကျွန်တော့်မှာ ပါမလာပါဘူး"

"ဩော်...စောစောက လာသွားတဲ့ ရွှဲသမားက လူယုတ်၊ လူညစ်ပတ်ပဲ။ ဒီခွက်ဟာ ပဲဝက်တောင်မတန်ဘူးဆိုပြီးလွှင့်ပစ်ခဲ့တာ ... ကဲ ထားပါလေ ... ဒီခွက်ဟာ မောင်ရင်နဲ့ထိုက်လို့ မောင်ရင့်ထံ ဆိုက်တာပဲ။ မြေးလေးပန်ဖို့ ရွှဲသာပေးပါ။ မောင်ရင်က ရိုးသားမှုအတွက် ဒီရွှေခွက်ကို ယူပေတော့"

သေရိဝ ရွှဲသည်သည် သူ့တွင် ပါလာ သော ရွှဲအားလုံး အပြင်၊ ရောင်းချထားသောငွေမှ ခရီးစရိတ် ဖယ်လျက် အားလုံး ပေးခဲ့ပြီး ရွှေခွက် ယူသွားတော့သည်။

သေရိဝ ထွက်သွားပြီး မကြာမီတွင် လောဘသားရွှဲသည် ပြန်ရောက်လာသည်။

"အဘွားအိုကို သနားလို့ ရွှဲအနည်းငယ် ပေးမယ်၊ ခွက်ဟာတို့



www.burmeseclassic.com

www.burmeseclassic.com



ခွက်စုတ်ပေး” ဟု လီဆယ်ပြောဆိုလာသည်။ ထိုအခါ မြေးငယ်က-

“ဟယ် ... လောဘသား လူယုတ်မာ၊ ရွှေခွက်မှန်းသိလျက် အဖိုးမတန်တဲ့ ခွက်စုတ်လို့ သင် ပြောခဲ့တယ်မဟုတ်လား .... အဲဒါ အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက် ဖဲ့။ ရိုးသားတဲ့ ရွဲကုန်သည်ကို ရွှေခွက်ပေးပြီး ရွှဲယူလိုက်ပြီ။ ဒီမှာ ကြည့်ပါလား ....ရွဲတွေ ...။ သင်လို ယုတ်မာသူ နဲ့ ရွှေခွက်က မတန်ဘူး၊ လောဘသမား ငတ်ကြီးကျရဲ့” ဟု ပျစ်ပျစ်နှစ်နှစ် ပြောဆိုလွှတ်လိုက်သည်။

လောဘသမား ရွဲကုန်သည်သည် အဖိုးတန်ရွှေခွက် လက်လွှတ်လိုက်ရပြီကို သိသော် ရင်တစ်ခုလုံး ဗလောင်ဆူအောင် ပူလောင်သွားသည်။ ပါလာသည့်ရွဲများ လွှင့်ပစ်ပြီး နီလဝါဟုမြစ် ဆိပ်သို့ အပြေးလိုက်သွားသည်။ ရွှေခွက်ကို ပိုက်လျက် လှေနှင့် ပြန်သွားသော ရွဲသည်ကိုမြင်သော် အော်ဟစ်တားမြစ်သည်။ သို့သော် ရွဲကုန်သည် သေရိဝက ပြန်မလာတော့။

လောဘကြီးသဖြင့် အရနည်းရုံတင်မက လုံးလုံးဆုံးရှုံးရ သဖြင့် လောဘစိတ်ဖြင့် ရူးသွပ် သွားတော့သည်။ မြစ်ကမ်း တစ်လျှောက် အော်ဟစ်ပြေးလွှားရင်း “ငါ့ရွှေခွက်ပြန်ပေး ... ယုတ်မာတဲ့ သေရိဝ လှေပြန်လှည့်ခဲ့၊ ငါပိုင်သင့်တဲ့ ရွှေခွက်ပြန်ယူခဲ့” ဟု အော်ရင်း ရင်ကွဲ သေဆုံးသွားတော့သည်။

လောဘကြောင့် တောက်လောင်ရသောမီးကား အရှိန် ပြင်း၏။ ဘဝပင် ဆုံးရှုံးရတတ်ပေသည်။

× × ×





သင်ခန်းစာ

လောဘစိတ်သည် လူကို နှိပ်စက်၏။ ပူပင်လောင် ကျွမ်းရသော သဘောရှိ၏။ လောဘကြောင့် မကောင်းမှုဒုစရိုက် တရားကျူးလွန်လျှင် အပါယ်ငရဲသို့ပင် ကျတတ်ပေသည်။

ကျမ်းကိုး

ဇာတက၊ အပဏ္ဏကဝဂ်၊ သေရိဝ ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

# နတ်ချစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

# နတ်ချစ်ဆေး

အနုဘာရသည် မိမိဘဝကို ရောင့်ရဲနိုင်ခြင်းမရှိ။

"ငါ့ဘဝကဘာကြောင့်များ ဒီလောက်ဆင်းရဲရတာလဲ … ဘဝရပ်တည်နိုင်ဖို့သူတစ်ပါးကိုဘာကြောင့် အားကိုးနေရတာလဲ …"

သူတို့၏ ကျေးဇူးရှင် သုမနသူဌေးကြီးက ထမင်းရည်ခှောင်းစီးမျှ မောင်းတီးလျက် အလှူပေးလေတိုင်း ဤအတွေး တွေးမိသည်။ လှူဒါန်းသည့်အတွက် မနာလိုဝန်တိုစိတ်မဖြစ်။ သူဌေးနှယ် လှူချင်စမ်းပါဘိ ပေးချင်စမ်းပါဘိ ဟု အာသာဆန္ဒ ရှိသည်။ ရှိပင်ရှိငြားသော်လည်း လှူစရာမရှိ ။ ပေးစရာ ဝတ္ထုပစ္စည်းက နတ္ထိ။

သူသည် ဖခင်အရိပ်ကို မှီခိုနေရသည်။ ဖခင် ကိုယ်တိုင်က သူဌေး၏ထမင်းအိုးထမ်း။ အခြေမဲ့ အနေမဲ့။ ဖခင်ကျေးဇူးကြောင့် သူဌေးက အလုပ်ပေးထားသည်ကိုပင် ကျေးဇူးတင်ရသည်။

သူ့တာဝန်က မြက်ရိတ်။ သူဌေးပိုင် ကျွဲနွားများစားဖို့ မြက်ရိတ်ရသည်။ မြက်စဉ်း ရသည်။ မြက်စိမ်း မြက်စိုပေါလျှင် အကြောင်းမဟုတ်။ မြက်ရှားချိန်တွင် ကောက်ရိုး၊ ဖဲမှော်၊ ပြောင်းရိုး ရှာရသည်။ နွားများ စားချင်အောင် ဖွဲနု၊ ဆန်ဆေးရည်တို့ဖြင့် နယ်ဖတ်ကျွေးရသည်။ အစာမဝသဖြင့် နွားများ ပိန်ညှော်နေလျှင်





သူဌေး က စူးစမ်းသည်။ နွားစားကျင်းကို ကြည့်သည်။ စားကျင်းထဲ အစာမရှိလျှင် နေစရာမရှိအောင် ဆူတော့သည်။

အဆူမခံရအောင် မြက်ကို ဂရုတစိုက် ရိတ်ရသည်။

မြက်ရိတ်တာများ ပင်ပန်းတာမှတ်လို့ … ဟု တွေးစရာရှိသည်။ နွားတစ်ကောင်စာ နှစ်ကောင်စာအတွက်တော့ တဖွဲ့နေစရာမဟုတ်။ မြက်တစ်ခြင်း နှစ်ခြင်း ရိတ်ရရုံဖြင့် စကားပြောနေမည်မဟုတ်။ သူဌေး နွားက အကောင်တစ်ရာ နှစ်ရာမဟုတ်။ ငါးရာဇာစ်ထောင်။ မြက်ထမ်းသမား နှစ်ဆယ် အစိတ်က လက်ပန်းကျအောင် ရိတ်ရသည်။ နံနက် ဝေလီဝေလင်းထ ရိတ်ပေမယ့် ဆွမ်းခံဝင်ချိန်အထိ လက်စသတ်၍ မရ။

ကြာတော့ မြက်ရိတ်သမားဘဝကို ငြီးငွေ့လာသည်။ ဆင်းရဲသားဘဝမှ လွတ်မြောက်ချင်သည်။ သူဌေး သုမနနှယ် မကြွယ်ဝချင်နေပါစေ … သူဌေးနီးနီး လှူချင်စမ်းသည်။ ပေးချင်စမ်းသည်။

တစ်နေ့တွင် ဥပရိဋ္ဌအမည်ရှိ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ် ဝင်စားသည်။ သမာပတ် မှ ထသော် ချီးမြှောက် ထောက်ပံ့ရမည့်သူကို လောကအလုံး ဖြန့်ကြက် ကြည့်သည်။ အလှူဒါနပြုလိုစိတ်ရှိပြီး လှူခွင့်မကြုံသဖြင့် အထ မမြောက်သေးသည့် အနုဘာရကို တွေ့သည်။ ချီးမြှောက်သင့်သော ပါရမီကိုမြင်သည်။ သို့ဖြစ်၍ အရှင်မြတ်သည် ကောင်းကင်ခရီးမှ ကြွလာပြီး သူဌေး၏အိမ်ဝယ်ပွင့် ရပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ..."

မြက်ခြင်း ထမ်းလာသည့် အန္တဘာရသည် ဆွမ်းရပ်နေသော အရှင်မြတ်ကို မြင်ရုံဖြင့် ပီတိဖြစ်သွားသည်။ ကြည်ညို စိတ်ဖြစ်သွားသည်။ မြက်ထမ်းကို ပစ်ချလျက် အရှင်မြတ်အပါး ကပ်သွားသည်။

"ဆွမ်းရပါပြီလား ဘုရား"

"ရပါလိမ့်မယ် ဒကာ"

အန္တဘာရသည် မေးမေးပြောပြောဖြင့် သပိတ်ကို လှပ်ကြည့်သည်။ ဆွမ်းဗလာ၊ သပိတ်ဟောင်းလောင်းဖြစ်သော အနေအထား တွေ့လိုက်သည်နှင့် စေတနာစိတ်တွေ လျှံဝေသွားတော့သည်။

"ခေတ္တဆိုင်းငံ့တော်မူပါ။ တပည့်တော်၏ဒါနကို ခံယူတော်မူပါ"

အန္တဘာရသည် အိမ်ထဲပြေးဝင်ခဲ့သည်။ ပြေးဝင်ပင် ဝင်ခဲ့ငြားသော်လည်း သူဘာလုပ်ရမှန်းမသိ။ ဆွမ်းမရသေးသော အရှင့်ကို ဆွမ်းလှူချင်သည်။ လှူချင်သည်ဆိုသော်လည်း သူပိုင်ပစ္စည်းကာမရှိ။ ဤအိမ်၊ ဤပစ္စည်းများက သူဌေးသုမနပိုင်။ ပေးစမ်းဟု ယူ...က် လှူခွင့်ရာ သူ့မှာမရှိ။

သို့သော် သူပိုင်ဖစ္စည်း အနည်းငယ်တော့ရှိသည်။ ယနေ့ နံနက်စာ။ သူ့တစ်ကိုယ်စာ ဝေစုရသည့် နံနက်စာ။ ဤထမင်းနှင့်ဟင်း လောင်းလှူလျှင် သူငတ်မည်။ နံနက်စာ စားဖို့မရှိတော့။ မောပန်းလာသည့် သူ့အနေနှင့် ဝမ်းဟောင်းလောင်း။ ဆာလောင်





မွတ်သိပ်နေသည်။ သို့သော် သူ ယတိပြတ် ဆုံးဖြတ်လိုက်သည်။

"ထမင်းကျက်ပြီလား... ကျက်ရင် ကျွန်တော့်အတွက် ဝေစုပေးစမ်းပါ"

အိမ်၏ထမင်းချက်က သူ့အတွက် ပြင်ဆင်ပေးသည်။ လက်ထဲ ထမင်းပန်းကန်ရောက်သည်နှင့် အဆောတလျင် ပြန်ပြေးထွက်လာသည်။ ရပ်တန့်နေသော မထေရ်မြတ်၏ သပိတ်ထဲအားလုံး လောင်းလှူလိုက်သည်။

မမျှော်လင့်ဘဲ အလှူလေးတစ်ခု ထမြောက်သွား၍ အန္တဘာရ ကြည်နူးသွားသည်။ သူအလုပ်လုပ်နေစဉ် နေပူဒဏ် ခံနိုင်အောင် ခေါင်းပေါင်းထားသည့် ပုဆိုးကို ဖြေသည်။ ဖုန်၊ သဲတို့ ကင်းစင်အောင် ခါသည်။ သင့်ရာ နေရာတွင် ထိုပုဆိုးကို ဖြန့်ခင်းသည်။

"အရှင်မြတ်ဘုရား၊ ဤနေရာမှာ ဆွမ်းဘုဉ်းပေးတော်မူပါ"

အန္တဘာရက ဖိတ်ကြားသဖြင့် အရှင်မြတ်က ထိုင်သည်။ တည်ငြိမ်သော ဣန္ဒြေဖြင့် ဆွမ်းဘုဉ်းပေးသည်။ အန္တဘာရသည် သူပြုသည့်ဒါနအပေါ် နှစ်သက်စွာ အလှူခံ၍ ဝမ်းသာပီတိ ဖြစ်နေသည်။ ဆွမ်းအတွက် အနုမောဒနာတရားကို နှစ်လိုစွာ နာယူသည်။ ကြည်နူးပီတိဖြစ်နေသော စိတ်အဟုန်က တွန်းထိုးလိုက်သဖြင့် မရည်ရွယ်ဘဲ တောင်းဆုပြုမိသည်။

"မှန်ပါ အရှင်မြတ်ဘုရား၊ ဤ ယနေ့ပြုရသော ကောင်းမှုကြောင့် နိဗ္ဗာန်မရမီစပ်ကြား ဘဝခပ်သိမ်း ဆင်းရဲဒုက္ခမမြင်ပါရစေနှင့်။ အလိုရှိက ခဏအတွင်း ပြည့်စုံပါရစေ။ ထမင်းဖြစ်ရာ ဌာနပင် မသိရသော သုခချမ်းသာမှုနှင့် ပြည့်စုံပါရစေဘုရား"



www.burmeseclassic.com

www.burmeseclassic.com



အန္ဒဘာရ ဆုတောင်းသည်နှင့် အရှင်မြတ်က "ဣစ္ဆိတံ ပတ္ထိတံ တုံယှံ ခိပ္ပ မေဝ သမိဇ္ဈတု" လိုအင်ဆန္ဒ ပြည့်ဝစေ ဟူ၍ ဆုပေးလိုက်လေသည်။

× × ×

တစ်သက်တွင် တစ်ကြိမ်မျှမပြုဖူးသော ဒါနကောင်းမှုအတွက် ကြည်နူးရွှင်မြူးစိတ်ဖြင့် ဝင့်ကြွားစွာ အိမ်ထဲ လှမ်းဝင်လိုက်သည်။

"သာဓုဗျာ ... သာဓု ။ အတိုင်းအဆမရှိ ကောင်းချီးခြဲဘာ ပြုပါတယ်"

"ခင် ... ခင်ဗျာ"

"ဪ ... ကျုပ်အိမ်သားတစ်ယောက်က ကောင်းမှုကုသိုလ် ပြုကြောင်း ကြားသိရလို့ သာဓုခေါ်တာပါ"

"အယ် ... ဟို ... ဟို ၊ ကျွန်တော်ပြုတဲ့အလှူကို သူဌေး ဘယ်လို သိလဲ"

အန္ဒဘာရ၏ တအံ့တသြ မေးပုံကြောင့် သူဌေးက ရွှင်မြူးစွာရယ်သည်။

"ကျုပ်ဘယ်လိုသိလဲ ဟုတ်လား ... ထီးချက်စောင့်နတ်သမီး ပြောတာပေါ့"

"ခင်ဗျာ ..."

"ဪ ... အဟက် ဟက်။ ငါ့လူ အံ့သြနေလား။ ဒီလို ဒီလို။ ဒီနေ့ ဒီအချိန်မှာ ထီးချက်စောင့် နတ်သမီးက သာဓုခေါ်သဗျ။ နေ့စဉ်နေ့တိုင်း ကျုပ်လှူဒါန်း ပေးကမ်းနေတာ သာဓုမခေါ်ဘဲ၊ ဒီနေ့မှ





သာဓုခေါ်ရသလားလို့ နတ်သမီးကို ကျုပ်အပြစ်တင်မိတယ် ..."

"ဪ ..."

"ဒီတော့ နတ်သမီး က အသင် သူဌေးကို သာဓုခေါ်တာ မဟုတ်ဘူး၊ အန္ဒဘာရရဲ့အလှူကို သာဓုခေါ်တာ။ သူစားခွင့်ရတဲ့ ထမင်းကို မစား၊ အငတ်ခံပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပေးလှူမှုကြောင့် သာဓုခေါ်တာလို့ပြောတယ်။ ဒီမယ် အန္ဒဘာရ၊ ကျုပ် ဘယ်မျှ လှူဒါန်းတယ်ဆိုတာ မောင်ရင်လေး သိပါတယ် ..."

"ဟုတ်ပါတယ် ခင်ဗျ"

"အဲဒီ လှူဒါန်းမှု အစုစုဟာ မောင်ရင် ဒီနေ့လှူတဲ့ အလှူလောက် အကျိုး မရှိဘူး"

"ဒီလိုလဲ မဟုတ်လောက်ပါဘူး ... သူဌေးရယ်"

"အဟဲ ၊ အားနာစရာ မဟုတ်ပါဘူး၊ အလှူဒါန ပြုတယ်ဆိုတာ သဒ္ဓါတရားရယ်၊ လှူဖွယ်ပစ္စည်းရယ်၊ အလှူခံ ပုဂ္ဂိုလ်ရယ် တိုက်ဆိုင်မှ လှူဖြစ်တာကလား ... အဲဒါတောင် မြင့်မြတ်တဲ့ အကျင့် သီလ ရှိသူကို လှူခွင့်ရရင်လှူရကျိုးက ပိုနပ်တယ်။ ဟော မောင်ရင်လေးက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူခွင့်ရတာ ဘယ်လောက်ကုသိုလ်ထူးလဲ"

အန္ဒဘာရသည် သဒ္ဓါစိတ်ကြောင့် လှူလိုက်သော်လည်း မည်သို့သော အလှူခံပုဂ္ဂိုလ်ဖြစ်သည်ကို မစူးစမ်းမိ။ မတွက်မိ။ ခုတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူလိုက်ရမှန်းသိ၍ ဝမ်းသာသွားသည်။

"အန္ဒဘာရ ၊ ဒီအလှူကို ငါ့ ရောင်းပါ"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ ဒီနေ့ သင်လှူတဲ့အလှူကို ငါ့အလှူ ဖြစ်ပါစေ။ ဒီအတွက် အသပြာတစ်ပြား ပေးပါ့မယ်"

"ခင်ဗျာ ..."

အန္နဘာရ စားခွင့်ရသည့် ထမင်းပွဲ၏ တန်ဖိုးမှာ အသပြာ တစ်ပြား မဆိုထားနှင့် တစ်ချဉ်ရွှေပင်မတန်။ ဈေးကြီးပေး၀ယ်လိုက်ပုံကြောင့် အံ့ဩသွားသည်။ သို့သော် သူ၏သဒ္ဓါတရားဖြင့်လှူခဲ့သော အလှူကို ငွေအသပြာဖြင့် ရောင်းဖို့ စိတ်မကူးမိ။

"ခွင့်လွှတ်ပါ သူဌေးရယ်၊ ကျွန်တော် ,မရောင်းပါဘူး"

"ဘာလဲ၊ နည်းလို့လား။ ဒါဆို နှစ်သပြာယူ"

"ခင်ဗျာ ..."

"ဒါမှ နည်းတယ်ထင်ရင်၊ လေးသပြာယူကွယ်၊ ငါ့အလှူ ဖြစ်ပါရစေ ... ကဲကွာ၊ ပြောနေကြာပါတယ်၊ ဆယ်သပြာပေးမယ်"

"မဟုတ်သေးပါဘူး"

"ကဲ ဈေးဆစ်မနေနဲ့၊ အသပြာနှစ်ဆယ် ယူတော့"

"ကျွန်တော့်သဘောက ဒီလိုမဟုတ်ပါဘူး ၊ သူဌေးက ကျွန်တော့် ကျေးဇူးရှင်ပါ။ ကျေးဇူးပြုသင့်သူပါ။ ဒါပေမဲ့ တစ်သက်မှာ တစ်ခါသာ ပြုဖူးတဲ့ ဒီအလှူကိုတော့"

"ကဲ အသပြာတစ်ထောင်ကွာ၊ ဒါဆိုရင်တော့ ရောင်းသင့်ပါပြီ"

အန္နဘာရဘ၀တွင် အသပြာတစ်ထောင်မဆိုထားနှင့် တစ်ဆယ်ပင်မမြင်ဖူးခဲ့။ မကိုင်ဖူးခဲ့။ အသပြာတစ်ထောင်သည် ဆင်းရဲသားတစ်ယောက်အဖို့ မက်လောက်သည့် ငွေပမာဏ။ သို့သော် အန္နဘာရ မမက်မောမိ။





သူစဉ်းစားသည် ။ ကျေးဇူးရှင် ကျေနပ်အောင် ဘယ်သို့ ပြုရအံ့ဟု တွေးလိုက်သည်။

"သူဌေးခင်ဗျာ ၊ ခဏ သည်းခံစောင့်ပါ။ အလှူကို ပေးလှူခွင့် ရ မရ အရှင်မြတ်ကို မေးပါရစေ ..."

အန္နဘာရသည် ပြောပြောဆိုဆိုနှင့် အရှင်မြတ်ထွက်သွား ရာဘက်သို့ ပြေးလိုက်သွားမိလေတော့သည်။

× × ×

"အသင်ဒကာ၊ သင်ပြုသော ကုသိုလ်ကောင်းမှုကို မျှဝေ ပေးနိုင်ပေတယ်။ သင့်အိမ်တွင် ထွန်းညှိထားသော ဆီမီးတိုင်မှ မီးလာကူးလျှင် မလျော့သွားသော်လည်း ထိုလာကူးသူက မီးရသွား သည့်နည်းတူ၊ အလှူကိုမျှဝေသော်လည်း လျော့ပါးလေသည် မဟုတ်ချေ"

အရှင်မြတ်၏စကားကြားရသော အန္နဘာရ ဒုန်းစိုင်း ပြေး လာသည်။ သူဌေးထံ ပြန်အရောက်တွင် မောဟိုက်နေသည့် လေသံ ဖြင့် "သူဌေးမင်းခင်ဗျာ၊ အမျှ ... အမျှ၊ ယနေ့ပြုတဲ့ ကောင်းမှုအတွက် အမျှပေးဝေပါတယ် ... သာဓုသာ ခေါ်ပါတော့" ဟု ဆိုလိုက်သည်။

သူဌေးသုမနသည် ဒါနကောင်းမှုအတွက် အမျှရလိုက် သဖြင့် မိမိလှူလိုက်ရသည့်အလား ဝမ်းသာပီတိ ဖြစ်သွားသည်။ ယင်း ကောင်းမှုကို ဂုဏ်ပြုလို၍ အန္နဘာရအား အသပြာ တစ်ထောင် ချီးမြှင့်လိုက်သည်။ တစ်ဖန် ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်ရန် နန်းတော်တွင်းဝင်ချိန် အန္နဘာရအား အတူခေါ်ငင်သွားသည်။ ထိုအကြောင်းကို မင်းကြီး ကြားသော် ဝမ်းမြောက်ပီတိဖြစ်လျက် အသပြာတစ်ထောင်

www.burmeseclassic.com



ထပ်မံချီးမြှင့်သည်။

သူဌေးသည် အန္တဘာရအား မြက်ထမ်းသမားဘဝမှ လွတ်မြောက်စေရုံမက သူနှင့်ထပ်တူ သူကောင်းပြုသည်။ မင်းကြီးကလည်း သူဌေးအရာ သတ်မှတ်လျက် သင့်တော်သည့်နေရာတွင် အိမ်ဆောက်နေစေဟု မြေတစ်ကွက် ချီးမြှင့်သည်။ အိမ်ဆောက်ရန် ရှင်းလင်းချိန်တွင် မြေကွက်အပြည့်မျှ ရတနာရွှေအိုးများ တူးဖော်ရရှိရာ အန္တဘာရသည် နေ့ချင်းညချင်း သူဌေးကြီး ဖြစ်သွားတော့သည်။

ဖြူစင်သော ဒါနကောင်းမှု သဒ္ဓါတရားအပြည့်ဖြင့် ပေးလှူခဲ့သည့် ကုသိုလ်ကြောင့် မထင်မှတ်သော စည်းစိမ်ကို ခံစားရပေသည်။

× × ×

သင်ခန်းစာ

ကုသိုလ်ကောင်းမှု တည်းဟူသော ဒါနအမှုကြောင့် ပစ္စုပ္ပန်၊ တမလွန် နှစ်ဘဝ ချမ်းသာရာရပေသည်။

ကျမ်းကိုး

ဓိနတ္ထပကာသနီ၊ အနုရုဒ္ဓါမထေရ်ထေရုပ္ပတ်



## ကာမေသုမိစ္ဆာစာရ
## (ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်း)

ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်းဟူသည် သူတစ်ပါး သားမယား၊ သားသမီးကို စော်ကားခြင်းဖြစ်သည်။ ထိုသို့ စော် ကားခြင်းသည် လောကတို ကမောက်ကမ ဖြစ်စေနိုင်သော အကျင့်ယုတ်ဖြစ်သည်။ တိရစ္ဆာန်နှင့် မခြားနားတော့ပေ။

ကာမဂုဏ်၌ မှားယွင်းသူသည်မည်မျှပင် ဂုဏ်ကြီးစေ၊ စီးပွားချမ်းသာစေကာမူ လူအပေါင်းက စက်ဆုပ်၏။ လူမသိသော်လည်း ကိုယ်စောင့်နတ်ကသိ၍ စက်ဆုပ်၏။

ကာမေသုမိစ္ဆာစာရဆိုရာတွင် သူ့သားမယား၊ သူ့သားသမီးကို မှောက်မှားခြင်းမှာ အောက်ဆုံးအဆင့်ဖြစ်သည်။ အမှန်က ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော ငါးဝအာရုံ ကာမဂုဏ် ကိုယူရမည်။ လူ့ယဉ်ကျေးမှု နယ်ပယ်အရ အာရုံငါးပါး ဖောက်ပြန်လျှင် လောကငြိမ်းချမ်းမှု ပျက်ပြားစေသည်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ရာ၌ လောကမှအရ တစ်ဖက်သား က အလိုတူကျေနပ်သဖြင့် အပြစ်မရောက်သော်လည်း၊ အကုသိုလ်ကမ္မ ကံ ထိုက်ပေသည်။

ကာမဂုဏ်မှု ကျူးလွန်လျှင် ကိုယ်လက်ကိုက်ခဲခြင်း၊ ရုပ်ရည် ရူပကာ လန်းဆန်းမှုမရှိခြင်း၊ အရောင်မှိန်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အင်အားကုန်ခန်းခြင်း၊ ချောင်းဆိုးပန်းနာ ရင်ကျပ်ရောဂါ ရခြင်း၊ မှတ်ဉာဏ်နည်းခြင်း၊ သတိမေ့ခြင်း၊ အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်ကာ ကြုံလှီခြင်း၊ နှလုံး ရောဂါ၊ သွက်ချာပါဒရောဂါ၊ လေငန်း ရောဂါ ဖြစ်ခြင်းစသော ဝေဒနာများ ခံစားရသည်။ သို့ဖြစ်၍ ရှောင်ရှားသင့်ကြောင်း ဘုရားရှင် က ဆုံးမသည်။

“ချစ်သား ရဟန်းတို့ မေထုန်မှုကို ပြုခြင်းထက် မိမိအင်္ဂါကို ရဲရဲပြောင် တောက်လောင်နေသော မီးကျီးတွင်းထည့်ခြင်းက ပို၍ ကောင်း၏။ အဆိပ်ပြင်းသည့် မြွေ၏ခံတွင်းထဲ ထည့်ခြင်းက ကောင်း၏”

ဤသို့ ပြတ်ပြတ်သားသား ဟောမိန့်ခဲ့သည်။ အကယ်၍ မေထုန်မှု မရှောင်ရှားဘဲ မှောက်မှားက အပါယ်ငရဲနှင့် ဆင်းရဲခြင်း ခံရသည်။ လူဖြစ်လျှင်လည်း အမျိုးနိမ့်သော ဇာတ်၌ဖြစ်ခြင်း၊ မိန်းမ သားဖြစ်ခြင်း၊ ယောကျ်ားဖြစ်သော်ငြားလည်း နပုန်းပဏ္ဍုတ် ဖြစ်ရခြင်း တို့ ကြုံတွေ့ရတတ်သည်။

ကာမဂုဏ်မှောက်မှားသည့်အတွက် ဆင်းရဲခြင်း ဖြစ်ရ သည်ကို “ဖောက်ပြန်ယွင်းမှား ငရဲလား ...” ဇာတ်လမ်းတွင် ဖတ်ရှုရ မည်ဖြစ်ပါသည်။ ကိလေသာ ကာမဂုဏ် အာရုံကို ဖယ်ခွာနိုင်သဖြင့် ကောင်းကျိုးချမ်းသာဖြင့် တွေ့ရသည်ကို “ရုန်းထွက်နိုင်သူ” တွင် ဖတ်ရှု နိုင်ပေသည်။

မိတ္တာစာရ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါး လာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုတ်၊ အမျိုးယုတ် ကာ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာကြွေ၊ ယွင်းသွေချို့သိမ်း စိုးရိမ်များစွာ၊ ချစ်သူခွာသည်၊ ရှောင်ခဲ အပြစ်အကျိုးတည်း။

**မြွတ်ပန်းရဂုံစာပေ**

# ဖောက်ပြန်ယွင်းမှားငရဲလား



www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ပြန်ယွင်းမှား ငရဲလား

"မောင်..."

"မောင်လို့ ဆို"

"ဟာကွာ ... ဘာဖြစ်လို့ ကြောင်အော်သလို အနားကပ်ပြီး တညောင်ညောင် အော်နေတာလဲ"

ကြ္ကသိဒါသီ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

လင်သားလုပ်သူက သူ့အပေါ် ဥပေက္ခာပြုနေသည်မှာ ကြာပြီ။ ပေါင်းသင်းစ၊ ချစ်စ၊ခင်စ၊ကြင်နာစကမူ ကြ္ကသိ ... ကြ္ကသိနှင့် တစ်ကြ္ကတည်း ကြ္က၊ တစ်သိတည်း သိနေသော်ငြားလည်း ခုတော့ ဖယ်ကြဉ်သလို ပြုနေသည်။

ဝတ်ရည်ကုန်ခန်းသွားသော ပန်းပွင့်အနား ပျားပိတုန်းတို့ မကပ်သကဲ့သို့ ကြ္ကသိဒါသီထံပါးလည်း လင်သားက မကပ်တော့။

ကြ္ကသိဒါသီသည် ချမ်းသာသည်။

အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်က သူဌေးကြီး၏ တစ်ဦးတည်းသောသမီး။ ဘာမဆို လိုတိုင်းရ၊ တ,တိုင်းပြည့်ခဲ့သူ။ ရွှေဘုံပေါ် စံလျက်၊ အခိုင်းအစေတွေ ဝန်းရံပတ်နေသူ။ သူ့ခြေသူ့လက်နှင့် လုပ်ရသည်မရှိဘဲ "ဟဲ့ ... ဟိုဟာလေး" ဟု လက်ညွှန်လိုက်သည်နှင့်





အလိုလို လက်တွင်းရောက်ရသည့် အနေအထား။

နဂိုအဆင်းရှိသည့်အပြင် အဖိုးတန် ပိုး ဖဲကတ္တီပါ၊ အမွှေးနံ့သာတွေနှင့် ခြယ်သလိုက်တော့ အလှတွင် အယဉ်ပါ ဆင့်လျက် လှချင်တိုင်းလှနေသည်။ ထို အခြေအနေရှိသော မိန်းမသားကို အဘယ်ပုရိသ ယောကျ်ားသားက မစွဲလမ်းဘဲ နေမည်နည်း။ မချစ်ခင်ဘဲနေမည်နည်း၊ လိုချင်သူတွေပေါသည့် ပန်းလေးတစ်ပွင့် ဖြစ်ခဲ့သည်။

သို့သော် ဖခင်သူဌေးက အဆင့်တူ၊ အမျိုးတူ သာကေတ သူဌေးသားနှင့် ထိမ်းမြားပေးခဲ့သည်။

မိဘနှစ်ပါး သဘောတူ ပေးစားသည်ဆိုငြားလည်း ကြ္ကသိဒါသီကမူ မောင့်ကို မြင်မြင်ချင်း ချစ်မိသည်။ သံယောဇဉ် ဖြစ်မိသည်။ သို့ဖြစ်၍လည်း ဩဇာင်နောက် ဆံထုံးပါ အစဉ်အလာအရ မောင့်မိဘအိမ်လိုက်ရတော့လည်း ဝမ်းသာအားရ လိုက်ပါခဲ့သည်။

လင့်အလိုလိုက်၊ လင့်အကြိုက်ဆောင်၊ လင်ဖြစ်ချင်သမျှ အစေခံ မိန်းမသားတစ်ဦးနှယ် မောင့်ကို ပြုစုခဲ့သည်။ အစပိုင်းတွင် ချစ်ရည်ရွှမ်းသော မျက်လုံးအစုံဖြင့်ကြည့်လျက်၊ ယုယုယယ ဆက်ဆံခဲ့သည်။ သို့သော် တစ်နေ့တခြား လျော့ပါးလာသည့် အချစ်ဒီဂရီက အောက်ဆုံးနား ရောက်သွားလေပြီလားမသိ။ သူ့ကို ဖယ်ကြဉ်စ ပြုခဲ့သည်။

"မောင်ရယ် ... လင်သားမရှိတဲ့ မိန်းမသားဟာ ဘယ်လောက်ပင် ဂုဏ်ရှိန်ကြီးပါစေ မတင့်တယ်ဘူးလို့ ဆိုစကား ရှိပါတယ်။ ကြ္ကသိကို အဲဒီဘဝမျိုး ရောက်အောင်တော့ တွန်းမပို့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



က္ကသိဒါသီက ထိုစကားမျိုးဖြင့် မျက်ရည်ခံထိုး ပြောချင်သော်လည်း ပြောခွင့်မရ။ ငါးစိမ်းမြင်၍ ငါးကင်ပစ်လေ သလားမသိ။ ကျသိမှာ ဖခင်အိမ် ပြန်ပို့ခံရတော့သည်။

× × ×

တစ်လင်ကွာ မိန်းမသားဘဝရောက်ရသော ကျသိဒါသီတွင် ဘာအပြစ်ရှိသည်ကိုဝင် မသိခဲ့။ ရုပ်ရည်ကြောင့်လား ...။ ရုပ်ရည်နှင့်ပတ်သက်၍လည်း အပြစ်မဆိုသာ။ ရွှေကြမ်းရေကျိုဟု အမည်တပ်သင့်သောရုပ်ဆင်းမဟုတ်။ ပစ္စည်းဥစ္စာချို့ငဲ့၍လား ...။ ဥဇ္ဇေနီကသူဌေးကြီး၏ သမီးဟူသော ဂုဏ်ရှိန်က အမြိုးမြိုး အရွာရွာ ကျော်ကြားပြီးသား။ လင်သားနောက် လိုက်စဉ်ကပင် မျက်နှာမငယ်ရ အောင် ပစ္စည်းအစုံအလင် လက်ဖွဲ့ခဲ့သည်။ အပြစ်ဆိုစရာမရှိဘဲ အစွန့်ပစ်ခံရ၍ ကျသိဒါသီ ရှက်မိသည်။ စိတ်ဆင်းရဲရသည်။ သို့သော် သာကေတသူဌေးသား စွန့်ပစ်ခံရသော ကျသိဒါသီသည် တစ်လအကြာတွင် ချမ်းသာသူတစ်ဦးက ကြင်ဖက်အဖြစ် သိမ်းပိုက်ခံရပြန်သည်။

အိမ်ထောင်အတွေ့အကြုံရှိသော ကျသိဒါသီသည် ဒုတိယ အိမ်ထောင်နှင့် ရာသက်ပန်ပေါင်းသင်းနိုင်ရန် ပို၍ ကျိုးနွံပြသည်။ ပို၍ တာဝန်ကျေပြသည်။ ပို၍ လိုက်လျောခဲ့သည်။ သို့သော် တစ်လ အကြာတွင် ဒုတိယအိမ်ထောင်ဖက်က စွန့်ပယ်ခဲ့ပြန်သည်။

နှစ်လင်ကွာ ကျသိဒါသီအဖြစ်က အများကဲ့ရဲ့စရာ။





"မိန်းမ ဆိုပေမယ့်အသုံးမကျတဲ့မိန်းမမို့ လင်သားတွေက စွန့်ပစ်တာပေါ့" ဟူသော အမနာပစကား နားထဲရောက် လာသည်။ ကျသိဒါသီ အိမ်ထဲက မထွက်ဝံ့အောင်ပင် အရှက်ရခဲ့သည်။ သို့သော် လင်သားရှိမှ တင့်တယ်နိုင်သည့် မိန်းမသားဘဝမို့ လင်ဆိုလျှင် ချဉ်ချဉ်တူးတူး မူးပြီးရော သဘောထားလျက် တောင်းစားသူကိုပင် လင်လုပ်လိုက်သည်။

ကိုယ့်ထက်အဆင့်နိမ့်ရုံမက အခြေအနေမဲ့သူကို လင်သား အဖြစ် တော်စပ်ခဲ့၍ အိမ်ထောင်မြဲပြီဟု တွက်မိသည်။ သို့သော် လင်ကံဆိုးသည့်ကျသိဒါသီကို တောင်းစားသူကပင် လဝက်မျှသာ ပေါင်းပြီး စွန့်ပစ် ပြေးပြန်သည်။

"သူတောင်းစားကပင် မယား မတော်ချင်တဲ့မိန်းမ၊ ဘာ အသုံးကျမှာလဲ" ဆိုသော လူအများ၏ ရှုတ်ချစကားက သူ့နား ရောက်လာသည်။

ကျသိဒါသီသည် လူ့လောကတွင် မျက်နှာမပြဝံ့အောင် အရှက်ရသွားသည်။ ပတ်ဝန်းကျင်ကို ရင်မဆိုင်ဝံ့သည့်ဘဝမို့ သံဝေ ရမိသည်။ ကျသိဒါသီသည် လူ့ဘောင်လူ့လောကကို စိတ်ပျက်လျက် ရဟန်းဘဝ ကူးပြောင်းလိုက်သည်။ မြတ်ဘုရား၏ အဆုံးအမကို နာယူလျက် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်းအားထုတ်ရာ မကြာမီ ရဟန္တာမကြီးအဖြစ်ကို ရခဲ့တော့သည်။

ကိလေသာကာမဂုဏ်ကို ပယ်ဖျက်နိုင်သော ရဟန္တာမကြီး အဖြစ်ရောက်သော် သူ၏ဆိုးဝါးသည့်ဘဝကို ဆင်ခြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်သို့သော မကောင်းမှုပြုမိ၍ ဤဝဋ်ကို ခံရသနည်းဟု ပုဇ္ဇနိဝါသဉာဏ်ဖြင့် ကြည့်ရှောင် အဖြစ်မှန်ကို တွေ့ရ လေတော့သည်။

× × ×

"ဘယ်လိုလဲ သူဌေး၊ ကိုယ့်ဘဝကို ကျေနပ်နေတယ်ပေါ့"

"အဟုတ်၊ ဒီလောက်ပြည့်စုံနေတဲ့ဘဝကို မကျေနပ်ရင် ဘယ်ဘဝကို ကျေနပ်ရဦးမှာလဲ မိတ်ဆွေ ..."

ဣသိဒါသီထေရီမလောင်းသည် တစ်ခုသော ဘဝတွင် ရွှေပန်းထိမ်သည် အမျိုးကောင်းသားဖြစ်ရသည်။ ပစ္စည်းဉစ္စာ ကုံလုံ ကြွယ်ဝသည်။ တောင့်တကြောင့်ကြမဲ့စွာ နေနိုင်ခဲ့သည်။ ထိုရောအခါ မကောင်းသော မိတ်ဆွေကို အဖော်ပြုမိခဲ့သည်။

မိတ်ဆွေစစ် မိတ်ဆွေမှန် မဟုတ်သော မိတ်ဆွေက သူ့အလိုလိုက် သူ့အကြိုက်ဖြစ်စေသည့်စကားဖြင့် သိမ်းသွင်းစကား ဆိုသည်။

"ဒီမယ် မိတ်ဆွေ ... ကျုပ်စည်းစိမ် ဘယ်မျှရှိတယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ ကျယ်ဝန်းတဲ့ခြံမြေ၊ ခမ်းနားတဲ့ အိမ်ဂေဟာ၊ ပြုစုမယ့် အစေအပါး၊ ရုပ်ရည်လှပတဲ့ ဇနီးမယား၊ ကျုပ်မှာ ဘာလို သေးလဲ ပြောစမ်း"

"အဟ၊ ချဉ်ပေါင်ဟင်းနဲ့ ခံတွင်းမြိန်နေတော့လည်း ပြောရ ခက်သဗျာ"





"ဘာ ... ဘာ ... ဘယ်လို"

"ဝက်သားနီချက်ရဲ့ အရသာ မသိသူအတွက် ပြောရခက်တယ်"

"ဘာဗျ၊ ကျုပ် မစားဖူးတာ ဘာမှမရှိဘူး"

"အဲဒါပြောတာ ... သူဌေးက ဆိုလိုရင်းကို သဘောမပေါက် ဘူး။ ဟောဒီ မဖွံ့မမှာ မိတ်ဆွေရဲ့ မိန်းမသားပဲ မိန်းမလို့ ထင်လား။ ဒီထက်မက လှတဲ့မိန်းမသားတွေ မမြင်မိဖူးလား"

"ဘာရယ် ..."

"အဟဲဟဲ၊ ချောချော၊ နုနု၊ ရွှရွ ဆောက်ထိုးခံ၊ ဖွန်းခြစ် မိန်းမသားဖြစ်သော်လည်း လှမတွေ၊ နတ်တမျှ လှပသူတွေ ဒုနဲ့ဒေး သူဌေးရဲ့"

"ဆိုလိုတာက"

"သူဌေးလိုယောက်ျားသားအတွက် လောကစည်းစိမ်ဆိုတာ အပြည့်အဝ ခံစားသင့်တယ်လေ။ လူ့ဘဝ တစ်ခဏတာလေးမှာ ပျော်ပျော်ကြီးနေစမ်းပါ။ ဇိမ်ရှိရှိ ခံစားစမ်းပါ။ စည်းစိမ်ဆိုတာ ယူတတ်မှ ရတယ်"

"မိတ်ဆွေ၊ ကျုပ်ကို ရှင်းရှင်း ပြောစမ်းပါ"

ရွှေပန်းထိမ်သည် မိတ်ဆွေက သဘောကျဟန်ဖြင့် လှောင်ရယ်လေး ရယ်ရင်း အပါးကပ်လာသည်။ တီးတိုးစကား ဆိုသည်။ ရွှေပန်းထိမ်သည်သည် သူ့မိတ်ဆွေပြောသည့်စကားကို ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်ရင်း ပြုံးသည်။ နှစ်ခြိုက်စွာ ရယ်မောသည်။

"ဒါဆိုလည်း သင့်အစွမ်းကို ကြည့်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဆွယ်ကောင်းသော မိတ်ဆွေစကားကြောင့် ကာမပိုင်လင်ရှိသည့် အမျိုးသမီးတစ်ဦးနှင့် ပျော်ပါးမိသည်။ ကာမဂုဏ်ခံစားဖူးသူသည် သောက်လေသောက်လေ ငတ်မပြေဆိုသည့်အတိုင်း ဆားငန်ရေကို သောက်မိချေသည်။ တစ်ခါ သောက်မိတော့လည်း ဆက်၍ဆက်၍ သောက်မိခဲ့ချေတော့သည်။

ကာမပိုင်လင်ရှိသော မိန်းမသားကို ကာမဂုဏ်အရာတွင် ဖောက်ပြန်ယွင်းမှားခဲ့သော ကံကြောင့် သေလွန်သော် အဝီစိငရဲသို့ ကျလေသည်။

ငရဲတွင် နှစ်ပေါင်းများစွာခံရပြီး ထိုဘဝမှလွန်မြောက်သော် မျောက်ဘဝရောက်ခဲ့သည်။ အဟိုတ်တိရစ္ဆာန်ဖြစ်ချိန်တွင် သူ၏ မကောင်းမှုကံကြောင့် ဝှေးစေ့ထုတ်ခြင်းခံရသည်။ အမျိုးတူ မျောက်ကြီးတစ်ကောင်နှင့် ခိုက်ရန်ဖြစ်ရာ ထိုမျောက်က ကိုက်သဖြင့် ဝှေးစေ့ ပြုတ်ထွက်ရသည်။

တစ်ဖန် ထိုမျောက်ဘဝမှ သေလွန်သော် သိန္ဓဝတိုင်း တောအရပ်၌ ဆိတ်မ၏ ဝမ်းတွင်ဖြစ်ရသည်။ ကန်းလည်း ကန်း၊ ခွင်လည်း ခွင်သော ဆိတ်မ၏သားဘဝ၌လည်း ဝှေးစေ့ အထုတ်ခံရပြန်သည်။

ထိုဘဝမှ သေလွန်ပြန်သော် သိန္ဓိပါရတိုင်း၌ ကျွန်မသားဖြစ်ရသည်။ ယောကျ်ားဘဝ ဖြစ်လာသော်လည်း ကျားကျားယားယား ယောကျ်ားပီသသူ ဖြစ်မလာ။ အတွင်းစိတ် ဖောက်ပြန်သည့် နပုန်းပဏ္ဍုတ်ဘဝ ရောက်ခဲ့ရသည်။ ထိုဘဝကို ပျော်မွေ့ခဲ့မိသည်။

ထိုမှသေလွန်ပြန်သော် ကြွေးမြီများသော လှည်းကုန်သည်





၏ သမီးဖြစ်လာသည်။ အရွယ်ရောက်သော် လှည်းကုန်သည်၏ သား၊ ဂီရိဒါသက ကြွေးဖြင့်သိမ်းသည်ကို ခံရသည်။ ထိုဂီရိဒါသတွင် မယားကြီးရှိသည်။ မယားကြီးက အကျင့်သီလနှင့် ပြည့်စုံသည်။ မယားရှိသည့်လင်ထံ ကြွေးသိမ်းမယားအဖြစ် ရောက်ခဲ့သဖြင့် သူ့ဘဝကို မကျေနပ်။ မရောင့်ရဲနိုင်။ ချစ်မြတ်နိုးနေသည့် သူတို့နှစ်ဦး၏ အချစ်ပျက်ပြားစေရန် ကုန်းချောစကား ဆိုမိသည်။

ဤသို့ဘဝများစွာ ဆင်းရဲမှုကြုံရပြီးနောက် ဥဒ္ဒေနီ ပြည်တွင် သူဌေးသမီး ဖြစ်လာသည်။ အမည်က ဣသိဒါသီ။

ဣသိဒါသီထေရီမကြီးသည် အတိတ်ဘဝက ကာမဂုဏ် ဖောက်ပြားသည့်အတွက် ခံစားရသောဝဋ်ဆင်းရဲများ မြင်ရသဖြင့် သံဝေဂ အထူးဖြစ်ရလေတော့သည်။

× × ×

**သင်ခန်းစာ**

တာမဂုဏ် ဖောက်ပြန်ယွင်းမှားက ငရဲသို့ လားရ၏။

**ကျမ်းကိုး**

ထေရီအပါဒါန်၊ ဣသိဒါသီထေရီမဝတ္ထု




www.burmeseclassic.com

www.burmeseclassic.com

# ရုန်းထွက်နိုင်သူ

၆



www.burmeseclassic.com

www.burmeseclassic.com

# ရှန်းထွက်နိုင်သူ

"တကယ်ပြောတာပါငှါလူတို့ရာ ... ယှဉ်နိုင်စရာ မရှိတဲ့ အဖြစ်အပျက်ပါ။ ပထမအံ့ဩတာက အဆင်းရော အချင်းပါ ပြည့်စုံတဲ့ အိမ်သူ သက်ထား ဇနီးမယားကို စွန့်ခဲ့နိုင်တာ ..."

ဇနီးသည်ကို ထားရစ်ပြီး တောထွက်သွားသည့် "သူတို့ သူငယ်ချင်း ယသကို ပုဏ္ဏာဇိက ချီးကျူးစကား ဆိုလိုက်သည်။ ဇနီးသည်ကို ရွှေကြုတ်ထဲထည့်ပြီး အာခံတွင်း ငုံထားချင်အောင် ချစ်မြတ်နိုးသည့် ပုဏ္ဏာဇိက လက်တခါခါ၊ ခေါင်းတယမ်းယမ်းဖြင့် စကားဆိုသည်။

"ဒါကအသေးအမွှားပဲ။ ကုဋေရှစ်ဆယ်ကြွယ်တဲ့ စည်းစိမ်ကို လမ်းဘေးက အဝတ်စုတ် တစ်ထည်လောက် သဘောထားတာကို အံ့ဩတယ်"

ငွေဆိုလျှင် အငမ်းမရ ရှိသည့် ဂဝံပတိက စည်းစိမ် စွန့်သည့် သူတို့သူငယ်ချင်း၏သတ္တိကို အံ့ဩနေသည်။

ဗာရာဏသီပြည်၊ သေနနိဂုံးရှိ မြဖွဂ္ဂဏ မဟာသာလသည် ဤနေရာတစ်ဝိုက်တွင် အချမ်းသာဆုံး။ ထိုမျှ စည်းစိမ် ပြည့်စုံသော်လည်း သားသမီးမထွန်းကား၍ ရက္ခစိုးထံ သားဆုပန်စေသည်။





ရှားရှားပါးပါး ထွန်းကားသည့် ယသ သတို့သားကို အသည်းတုန် အောင် ချစ်ကြသည်။ လိုလေသေး မရှိအောင် စောင့်ရှောက်ထားသည်။ အမွေခံသားဖြစ်သည့် ယသ ပိုင်ဆိုင်ခွင့်ရှိသည်က မြေအောက် ကုဋေလေးဆယ်။ မြေပေါ်ကုဋေလေးဆယ်။ ကုဋေရှစ်ဆယ်မျှသော စည်းစိမ်ကို စွန့်ပယ်နိုင်သည်ဆို၍ အံ့ဩနေကြသည်။

"နေဦး ဂဝံပတိရဲ့။ ရဟန်း လုပ်တယ်ဆိုတော့ ရဟန်းစည်းစိမ်က လက်ရှိစည်းစိမ်ထက် သာလို့လား ..."

ပုဏ္ဏာဇိအမေးကြောင့် အားလုံးက ဘာဖြေရမှန်း မသိ။ မျက်လုံးများ ပုတ်ခတ် ပုတ်ခတ်လုပ်လျက် ငြိမ်နေသည်။ ဝိမလက ကျောဆန့်၊ ခေါင်းထောင်ကြည့်ပြီး မှတ်ချက်ပေးဟန် ပြုသည်။

သို့သော် သူပြောမည့်စကားက မရေမရာပါလားဟု တွေးမိဟန်ဖြင့် တုံ့ဆိုင်းသွားသည် ။ ငုတ်တုတ်ထိုင်ပြီး မြေပြင်တွင် တုတ်ချောင်းဖြင့် ဟိုခြစ် ဒီခြစ် လုပ်နေသော သုဗာဟုက "ဟုတ်ပြီ..." ဟု ရုတ်တရက်ထအော်သည်။

"ဒီစည်းစိမ်ဟာ တော်ရုံတန်ရုံ စည်းစိမ်မဟုတ်ဘူး။ သာမန်ပုဂ္ဂိုလ်အနေနဲ့ စွန့်လွှတ်ဖို့ မဖြစ်နိုင်ဘူး။ ရဟန်းဘဝရဲ့စည်းစိမ်က ထူးလို့ပဲ။ ဒါ သေချာပါတယ် ..."

"ဘယ်လို ထူးတာလဲ"

"ဘယ်လိုထူးလဲဆိုတာတော့ငါလည်းမသိဘူးလေ။ ကိုရင်တို့ စဉ်းစားကြည့် ။ မနေ့က တို့နဲ့ တရုန်းရုန်းပျော်နေတဲ့ ယသဟာ အဲဒီပျော်ရွှင်မှုရသတွေ စွန့်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထားပါ။ သူမြတ်နိုးတဲ့ မာလာဒေဝီကို ထားရစ်နိုင်တာ အံ့သြတယ်။ ဒီက သူ့အပေါ် ဘယ်လောက် လိုက်လျောလဲ။ သူ့ရှေ့မှာတင် မိန်းမမျိုးစုံနဲ့ ပျော်ပါးနေတဲ့ ယသကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုတဲ့ မိန်းမသား"

"ယောက်ျားကို ချစ်တာကိုး ဗျာ"

" လောကီအာရုံ ကာမဂုဏ်စည်းစိမ်ကို အာသာငန်းငန်း ခံစားတတ်တဲ့ တို့သူငယ်ချင်း ငါးဝအာရုံ ကာမဂုဏ်ကို စွန့်နိုင်တာ အံ့သြတယ်"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို တို့များ မေးသင့်တယ်"

ဂဝံပတိ ပြောစကားကို အားလုံးသဘောတူစွာဖြင့် အရှင်ယသထံသို့ ထွက်ခဲ့ကြတော့သည်။

× × ×

"အချင်းဒကာတို့ ငါဘာကြောင့် ရဟန်းဘဝကို ကူးပြောင်းရလဲဆိုရင် လောကီအာရုံ ကာမဂုဏ်ကို စက်ဆုပ်လို့ပဲလို့ ဖြေရမယ်"

"စက်ဆုပ်တယ်"

အရှင်ယသ၏ အဖြေစကား ကြားသည့် ပုဏ္ဏဇိက အံ့အားတသင့်မေးသည်။ မေးမည်ဆိုက မေးစရာ။ မနေ့က တစ်နေ့လုံး ပျော်ပါးသည်။ ထိုပျော်ရွှင်မှု ဣဋ္ဌာရုံများကို ယနေ့ အနိဋ္ဌာရုံ ဟု ဆိုလိုက်သည့်အတွက် မယုံမရဲဖြစ်နေသည်။ ထိုအခြင်းအရာကို မြင်သော အရှင်က သူ့အဖြစ်ကို ရှင်းပြတော့သည်။

"မှန်တယ် ဒကာ၊ တစ်နေ့လုံး ပျော်ပါး သောက်စားနေတဲ့ ငါ ဟာ ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိဘူး။ အိပ်ရာက





လန့်နိုးတော့ ညဥ့်လယ်ပိုင်း ရောက်နေပြီ ။ တစ်အိမ်လုံးက အိပ်မောကျပြီး ငါတစ်ယောက်ပဲ နိုးနေသူ ရှိတယ်။ အဲဒီအချိန် ငါ့ အပါးမှာ အိပ်မောကျနေတဲ့ ဇနီးသည်ကို ကြည့်ပြီး ထိတ်လန့် တုန်လှုပ်သွားတယ်"

သူချစ်မြတ်နိုးသည့် ဇနီးသည်ကို မြင်ရုံဖြင့် ထိတ်လန့်သည် ဆို၍ ပြုံးလိုက်မိသည်။

"ဒကာတို့ လှလှချည်ရဲ့၊ ချောလှချည်ရဲ့လို့ ထင်ခဲ့တဲ့ ငါ့ ကြင်ရာရဲ့ သန္တာခဲလို နီရဲနေတဲ့ နှုတ်ခမ်းနှစ်လွှာဟာ ဟင်းလင်းပွင့်ပြီး အာစောက်ထိ မြင်ရအောင် ပါးစပ်ကြီး ပွင့်နေပုံက လူသေကောင် အတိုင်းပဲ"

"ဟင် ..."

"နောက်ပြီး စံအိမ်တော်တွင်းမှာ တုံးလုံးပက်လက် အိပ်မော ကျနေတဲ့ အခြွေအရံတွေ ကြည့်ပြန်တော့သုသာန်တစ သင်္ချိုင်းဝ ရောက်နေသည့်အလား ထင်မိတယ်။ အိပ်မောကျနေတဲ့သူတွေဟာ မိန်းမသားတွေမှ ဟုတ်ရဲ့လား။ အရှက်တရား ဘယ်ပျောက် ကုန်လဲလို့တောင် တွေးမိတယ်။ အတွင်းသဏ္ဌာန်ကို အကုန်လှစ်ပြီး ဇာတ်စုံ၊ ဖြပ်ကုန်ခင်းနေလိုက်တာများ ကြည့်ရင်း စိတ်ကုန် လာတယ်"

"စိတ်ကုန်တယ် ..."

"အတီးအမှုတ်၊ အကအခုန်တွေနဲ့ ဖျော်ဖြေခဲ့တဲ့ မိန်းက လေးတစ်သိုက်ဟာ မရိုးစည် ခွထားသူထား၊ စောင်းကို ရင်ခွင်ပိုက် အိပ်နေသူကနေ၊ အာခံတွင်း ဟင်းလင်းပွင့်ပြီး တရှူးရှူး၊ တခဲခဲနဲ့ ဟောက်လိုက်တဲ့အသံက ကျားဟိန်းသည့် အလား၊ ဟောက်သံပေး



www.burmeseclassic.com

www.burmeseclassic.com



သူတာ ပေး၊ ပါးစပ်က စီးကျနေတဲ့ သွားရည်အနံ့က မခံနိုင်အောင် အနံ့ထွက် နေတယ်၊ မြင်ရတဲ့မြင်ကွင်းဟာ အသက်ရှူရင်း သေနေတဲ့ သူတွေလို တုံးလုံးပက်လက်။ ဒီမြင်ကွင်းကိုတွေ့လိုက်ရတဲ့ ငါဟာ သုသာန် သင်္ချိုင်းထဲရောက်နေသလို ခံစားရတယ်။ အဲဒီခံစားချက်နဲ့ အတူ လောကီစည်းစိမ်၊ ငါးဝအာရုံ ကာမဂုဏ်ဆိုတာ မက်မောစရာ မဟုတ်ပါလား လို့ တွေးမိတယ်။ သံဝေဂ ရမိတယ်"

"သံဝေဂ ဖြစ်တယ် ..."

ယသသူဌေး၏ မိတ်ဆွေများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အံ့အားတသင့် ရှေ့ရှုတ်လိုက်ကြတော့သည်။

× × × ×

အိပ်ရာက လန့်နိုးနိုးခြင်း မြင်ရသည့်မြင်ကွင်းကြောင့် ထိတ်လန့်သံဝေဂ ဖြစ်မိသော ယသသူဌေးသားသည် ခုတင် ပေါ်ခင်စောင်းထက်က ဆင်းသည်။ ကြောင်တောင်တောင် အမူအရာဖြင့် လမ်းလျှောက်ခဲ့သည်။ သူ့အလို အလျောက် ပွင့်နေသော အိမ်တံခါးပေါက်မှ ထွက်ခဲ့သည်။ ထို့အတူ ဟင်းလင်းပွင့်နေသော မြို့တံခါးမှ ထွက်လာသည်။ သူ့အနေနှင့် အိမ်မှဝေးရာအရပ်သို့ ပြေးဖို့သာအာရုံ ရောက်နေသည်။

"ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော"

"အို... အချင်းတို့၊ နှစ်သက်ခင်မင်ဖွယ်မရှိပါဘဲလျက် ကပ်ငြိစွဲလမ်းမိတဲ့ ငါဟာ ပင်ပန်းလှပါဘိ၊ နှိပ်စက်ခံရပါဘိ။ ငါ၏ ခန္ဓာ ငါးပါးဟာ အနှစ်မရှိပါလား ...။ ကစီတွင်း တက်သော အမြှုပ်နှယ် ယုတ်မာလျက် တဏှာအဟုန်ဖြင့် စုံမက်မိတဲ့ ငါဟာ နှိပ်စက်မှုကြောင့် ပူလောင်ပါဘိ၊ ပူလောင်လှပါဘိ"





ယသသူဌေးသားသည် ဤသို့ ရေရွတ်ရင်း လျှောက်သွား ရာ မိဂဒါဝုန်တောသို့ ရောက်သွားသည်။ ထိုအချိန်တွင် တစ်ပါးတည်း စင်္ကြံကြွနေသော ဘုရားရှင်သည် အခါမဲ့ ရောက်လာသော ယသကို ဖိတ်ခေါ်သည်။

ဣဒံ ခေါယသ၊ အနုပဒ္ဒုတံ အနုပဿဋ္ဌံ

ဟေိ ယသ နိသီဒ ဓမ္မံ တေဒေသိဿာမိ။

"ချစ်သားယသ လာလော့။ ငါရအပ်သော အမြိုက်နိဗ္ဗာန်ဟာ ရွှံ့ရှာစက်ဆုပ်အပ်တဲ့ သဘောမရှိ။ ချမ်းသာစစ်ကို တောင့်တက ငါ့ထံ လာလော့"

ဘုရားရှင်က ဖိတ်ခေါ်သည်နှင့် ယသ သတို့သားသည် အားကိုးရာ၊ ဆည်းကပ်ရာ တွေ့ပြီဟူသော အသိဖြင့် ချဉ်းကပ်သွား သည် ။ သင့်ရာအရပ်တွင်ထိုင်လျက် ရှိခိုးသည် ။ ထိုအခါ ဘုရားရှင်က ယသ သတို့သားအား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂ ကထာစသည်ဖြင့် အစဉ်အတိုင်းဟောကြားသည်။ ဖုံးပိတ်မှောက်အုပ် ထားသောအရာကို လှပ်ပြသည့်အလား၊ မြင်သိသွားရသည်။

× × × ×

"ဩော်... ဒီလိုတရားအသိရှိသွားလို့ လောကီအာရုံကို စွန့်ခွာနိုင်တယ်ဆိုပါတော့ ..."

"မှန်တယ် ဒကာတို့၊ ငါဟာ ဖွံ့နှောင်အပ်တဲ့သံယောဇဉ်ကို အပိုင်းပိုင်းဖြစ်အောင် ပယ်သတ်နိုင်တာကတော့ ငါ့ဖခင်သူဌေး ရောက်လာတဲ့အချိန်ပဲ ။ သားပျောက်ကိုရှာတဲ့ ငါ့ ဖခင်ဟာ ဘုရားရှင် နဲ့ တွေ့တယ်။ သူ့သားကို တွေ့မိပါသလားလို့ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ဘုရားရှင်က ထိုင်ပါဦး မဟာသာလ၊ သင့်သားကို ဒီအနားမှာ တွေ့ပါလိမ့်မယ် လို့ မိန့်တယ် ...”

“ဆိုလိုတာက”

“ဘုရားရှင်က တန်ခိုးနဲ့ ဖုံးကွယ်ထားတာကြောင့် ငါ့ဖခင်က ငါ့ကိုမမြင်ဘူး။ ငါကသာ မြင်နေကြားနေရတယ်။ ပြောရရင် ဘုရားရှင်က ငါ့ကို ဟောသလိုပဲ ဖခင်ကို တရားဟောတော့ သောတာပတ္တိဖိုလ် တည်သွားတယ် ။ ငါက ဘုရားရှင်ဟောတဲ့တရား ဒုတိယအကြိမ် နာရတော့ သံယောဇဉ်နှောင်ဖွဲ့မှုတွေ ပြတ်ပြီး ကိလေသာကင်းစင်သူ ဖြစ်ခဲ့တယ် ...”

“ဒါဆို အရှင်မြတ်က”

ဂဝံပတိက သိလိုသည်ကို ဆက်မေးရန် ကြံလိုက်ပြီးမှ မမေးသင့် ဟု တွေးပြီး ရပ်နေသည်။ အရှင်မြတ်ကလည်း စကားဆက်မဆိုဘဲ ငြိမ်သက်နေသည်။

သူဌေးသား ယသသည် လောကီအာရုံ ကာမဂုဏ် အနှောင်အဖွဲ့မှ ရုန်းထွက်နိုင်ပြီး သံသရာတစ်ဖက်ကမ်းကို ကူးမြောက်နိုင်မည်မှန်း သိလိုက်ရပေသည်။

သင်ခန်းစာ

တွယ်ငြိစေတတ်သော တဏှာကို ပယ်သတ်နိုင်မှသာ ချမ်းသာစစ်ကို ရနိုင်သည်။

ကျမ်းကိုး

ဝိနယထ္တပကာသနီ၊ ယသသတို့သားဝတ္ထု



BURMESE CLASSIC .com

## မုသာဝါဒါ (မုသားပြောခြင်း)

မုသားဆိုသည်မှာ လိမ်ပြောခြင်းနှင့် ပြောသည့်အတိုင်း မလုပ်ခြင်း ဖြစ်သည်။

မှန်ကန်သော သစ္စာဝါစာသည် မုသာဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

လူတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ အကျိုးမဲ့အောင်၊ အထင်မှားအောင် ဝါကြွားခြင်းမပြုသင့်၊ မုသားကို မဆိုမိစေရန် ဖြောင့်မတ်ဖို့လိုသည်။ ဤနေရာတွင် သာမန်ဖြောင့်မတ်ခြင်းနှင့် အလွန်ဖြောင့်မတ်ခြင်း တူ၍ ရှိသည်။ ဖြောင့်မတ်ခြင်းနှင့် အလွန်ဖြောင့်မတ်ခြင်း ရှိက သစ္စာဆို၍ ရသည်။

စကားပြောဆိုရာ၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သောစကားဖြစ်သည်။ ယင်းမှာ (၁) ကောင်းစွာ ဆိုအပ်သော စကားကို ဆို၏။ မကောင်းသဖြင့်ဆိုသော စကားကို မဆို။ (၂) တရားနှင့်ညီသောစကားကို ဆို၏။ မညီသော စကားကို မဆို။ (၃) ချစ်ဖွယ်သော စကားကို ဆို၏။ ချစ်ခင်ဖွယ် မရှိသောစကားကို မဆို။ (၄) မှန်သောစကား ဆို၏။ မမှန်သော စကား မဆို တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာဆိုအပ်သောစကားသည် မြတ်၏။ တရားနှင့်လျော်သောစကားသည် သာ၍မြတ်၏။ ချစ်ခင်ဖွယ် ဆိုအပ်သောစကား သည် ထို့ထက်ပို၍မြတ်၏။ မှန်သောစကားကို ဆိုခြင်းသည်အမြတ်ဆုံးဖြစ်၏။

မှန်သောစကားသည် ရှေးအစဉ်အလာဖြစ်၏။ အကျိုးလည်းရှိ၏။ သူတော်ကောင်းတို့ နှစ်သက်၏။ မှန်သောစကားသည်သုဘာသိတ ဝါစာ ဖြစ်၏။ သုဘာသိတ ဝါစာ ဟူသည် မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးကင်းသော စကား ဖြစ်သည်။


ဝစီဒုစရိုက်တွင်ပါသော မုသာဝါဒသည် တစ်ဖက်သူကိုအကျိုးမဲ့စေ၍မပြောအပ်။ ပြောဆိုသုံးစွဲလျှင် အပါယ် ငရဲကျ၏။ ဆင်းရဲ၏။ ယင်းနှင့် ပတ်သက်၍ "မုသားဆိုက ငရဲကျ" တွင် ဖတ်ရှုနိုင်သည်။

မုသားစကား၏ ဆန့်ကျင်ဘက်ဖြစ်သော သစ္စာ စကားကိုဆိုရာ၏။ သစ္စာစကားဆိုသဖြင့် အောင်မြင်မှုရသည်ကို "ဝစီသစ္စာ" တွင် ဖတ်ရှုနိုင်ပါသည်။

မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ ကြွနေ့နောက်၊ ပုံယွင်းဖောက် ၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ခါအပြန်အကျိုးတည်း။

မြတ်ဝန်းရုပ်စာပေ

# မုသားဆိုက ငရဲကျ



www.burmeseclassic.com

www.burmeseclassic.com

# မုသားဆိုက ငရဲကျ

"အရှင်မင်းကြီး ဘယ်အတွက်ကြောင့် မုသားစကား ဆိုဘိသနည်း"

"ငါမဆို"

ပုရောဟိတ် ကပိလသည် မကြုံစဖူးသောစကား ကြားရသဖြင့် အံ့ဩနေသည်။ တိုင်းပြည်အုပ်ချုပ်သူ စေတိယမင်းထံမှ မဟုတ်မမှန်စကားကြားလိုက်ရ၍ ဖျက်စီးမှုနှင့် ဆုံရသည့်အလား တုန်လှုပ်သွားသည် ။ ရှေးရှေးအခါက လူတိုင်းလူတိုင်းသည် မှန်သည့် စကားသာ ဆိုသည်။

လူတို့ပြောဆိုသုံးနှုန်းသည့် ဝေါဟာရအရ မိဘကို မိဘဟု ခေါ်ခြင်း၊ ဆရာကို ဆရာဟုခေါ်ခြင်း၊ သားသမီးကို သားသမီးဟု ပြောခြင်းသည် သမ္မုတိသစ္စာဖြစ်သည်။ လူတို့ သမုတ်အပ်၊ အမည်တပ်အပ်သော စကားဖြစ်သည်။ ယင်းသမ္မုတိသစ္စာပင်လျှင် ဝစီသစ္စာမည်၏။

ဝစီသစ္စာဆိုရာတွင် ခိုးလျှင်ခိုးကြောင်း ဝန်ခံသည်။ လုပ်လျှင်လုပ်သည့်အတိုင်း ပြောဆိုသည်။ လိမ်လည်ပြောဆိုခြင်းကို ရှောင်လျက် မှန်သည့်စကားဆိုခြင်းသည် သစ္စာစကားဖြစ်သည်။

မြတ်ပန်းရဂုံစာပေ



ရှေးရှေးက လူများသည် အကျင့်သီလနှင့် ပြည့်စုံသည်။ သူတော်ကောင်းစိတ်မွေးသည်။ သူတစ်ပါးကို အပြစ်မမြင်ဘဲ ကျွမ်းဝင်ချစ်ခင်စိတ်ဖြင့် မေတ္တာထားသည်။ ကာယသစ္စာ၊ ဝစီသစ္စာ စောင့်ကြသည်။ မုသားစကား ပြောဆိုခြင်းကို ရှောင်ကြဉ်သည်။ သို့သော် ကပိလသည် ဦးဆုံးသော မုသားစကားကြားရသဖြင့် တုန်လှုပ်သွားသည်။

ပြောသူက အခြားသူမဟုတ်၊ စေတိယမင်း။

စေတိယတိုင်း၊ သောတ္ထိယမြို့ကို အုပ်ချုပ် မင်းပြုသည့် အထွတ်အမြတ်ထားရာပုဂ္ဂိုလ်။ သူ့အမည်က ဥပဝရ။ စေတိယတိုင်းကို အုပ်ချုပ်ခွင့်ရသဖြင့် ဥပဝရကို စေတိယမင်း ဟု ခေါ်သည်။

စေတိယမင်းသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ သူ့တွင် ကောင်းကင်၌ ပျံသန်းနိုင်သော တန်ခိုးအစွမ်းရှိသည်။ နတ်သားလေးပါး၏ စောင့်ရှောက်မှု ရသူလည်းဖြစ်သည်။ စေတိယမင်း၏ ကိုယ်ခန္ဓာမှ စန္ဒကူးနံ့ထွက်နေသည်။ အာခံတွင်းမှ ကြာညိုနံ့သင်းနေသည်။ ဤသို့ အစွမ်းသတ္တိထူးဆွေ ပိုင်ဆိုင်ထားသည့် ဥပဝရကို အဘယ်သူက မချီးမွမ်းဘဲနေမည်နည်း။ အားမကျဘဲ နေမည်နည်း။

"တို့များ အားကျလိုက်တာ ... ဥပဝရပိုင်ဆိုင်တဲ့ တန်ခိုး တစ်ခုခုသာ တို့များရရင် ..."

"အဟား ရချင်ရင်လုပ် အဟုတ်ဖြစ်ရမှာပေါ့။ သူ့ကုသိုလ် ပါရမီကြောင့် ထူးခြားတဲ့အစွမ်းရတာကို အားကျမနေနဲ့။ ကိုယ်တိုင် လုပ်မှ ကိုယ်တိုင်ရမှာပေါ့"

"ဟုတ်ပါတယ် ... အားကျတယ်သာ ပြောမိတာပါ ငါလူရှင် ..."

မြတ်ပန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အများ၏အားကျမှုခံရသော ဥပဝရသည် ငယ်စဉ်က တက္ကသိုလ်ပြည်သို့ သွားရောက်ပညာသင်ခဲ့သည်။ ထိုစဉ် ကောရက လမ္ဗဟူသောသူနှင့် မိတ်ဆွေဖြစ်ခဲ့သည်။ သွားအတူ၊ လာအတူ၊ စားအတူတူနေခဲ့သဖြင့် ကျွမ်းဝင်ချစ်ခင်ခဲ့သည်။

"ကောရကလမ္ဗ ... ငါသာ မင်းဖြစ်ရင် မင်းကို ပုရောဟိတ် အရာပေးမယ်"

"အဟက် ... မဖြစ်နိုင်တဲ့စကားပဲ မင်းသား။ ဒီရာထူးက အကြီးနဲ့သာ သက်ဆိုင်တော့ ရသားရရင် ကပိလပဲ ရမှာပေါ့"

"ထုံးတမ်းစဉ်လာကတော့ ဟုတ်တာပေါ့"

"တိုင်းပြည်အုပ်ချုပ်တဲ့ မင်းအနေနဲ့ ရှေးရိုးအစဉ်အလာကို ကျော်လွှားဖို့ ဘယ် တော်မလဲ"

တိုင်းပြည်အုပ်ချုပ်သောမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံရသည်။ အပရိဟာနိယတရားခုနစ်ပါး စောင့်ထိန်းရ၏။ နာယကဂုဏ်ခြောက်ပါးနှင့်လည်း ညီညွတ်ရသည်။ သင်္ဂဟတရား လေးပါးလည်း ရှိရသည်။ ထိုသို့စောင့်ထိန်းအပ်သည့် တရားကို ယွင်းဖောက် ကျင့်ကြံသည်မှာ ဖြစ်နိုင်သည်မဟုတ်၍ မသင့်ကြောင်း ဆိုလိုက်သည်။

"ငါ မဖျက်ပါဘူး"

"သင့်စကား ဘယ်လိုလဲ"

"ဟုတ်တယ်လေ ... အစဉ်အလာ မဖျက်ဘူးပေါ့။ အကြီးသာ ခံစားခွင့်ရှိတဲ့ ဒီရာထူးအတွက် သင်သာ အကြီး ဖြစ်တယ်လို့ ငါဆိုမှာပေါ့"





"ဒါဆို မှုသားပြောရာ ရောက်ပြီပေါ့"

"ငါ့သူငယ်ချင်း အတွက် မုသား ပြောသင့်ရင် ပြောရမယ် လေ ... အဝတ် လိုက်စားသင့်ရင်လဲ လိုက်စားရမှာပေါ့"

စေတိယမင်းသားက ထိုစကားဆိုစဉ် ကောရကလမ္ဗသည် ပြက်လုံးကောင်း တစ်ခုအလား ခပ်ပေါ့ပေါ့ရယ်မိသည်။ ချစ်ခင်ကျွမ်းဝင်မှုကို ပြလို၍ စကားခပ်ပေါ့ပေါ့ ဆိုသည်ဟုတွက်ပြီး ရယ်မိသည်။ သို့သော် စေတိယမင်းက သူပေးခဲ့သည့်ကတိကို အကောင်အထည် ဖော်တော့ အံ့ဩမိသည်။

ထိုအကြောင်းကို ကပိလ ဘယ်ကကြားလာသည်မသိ။ အလျင်အမြန်ရောက်လာပြီး မဆိုသင့်ကြောင်း တားမြစ်သည်။ စေတိယမင်းသည် ဆိုခဲ့စေ မြဲစေဟူသော စကားအတိုင်း ဖွင့်ဖြင့်းလေတော့သည်။

× × ×

စေတိယနိုင်ငံ၏ပုရောဟိတ်ကြီး ကပိလသည် ဥပဝရ နေပြည်တော် ပြန်မရောက်မီပင် သားကို ပုရောဟိတ်အရာလွှဲ လျက် ရဟန်းပြုခဲ့သည်။ ကပိလ၏သား ပုရောဟိတ် ဖြစ်နေချိန်တွင် ဥပဝရက တိုင်းပြည်ပြန်ရောက်လာသည်။ ထီးနန်းကို လွှဲယူသည်။ ဥပဝရ ထီးနန်းရသော် ပုရောဟိတ်ရာထူးကို ကောရကလမ္ဗအား လွှဲသည်။

"အရှင်မင်းကြီး အစဉ်အလာအရ ပုရောဟိတ်ရာထူးကို အကြီးကသာ ရသင့်ပါတယ် ..."

"ကောရကလမ္ဗက အကြီးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး အဘယ်ကြောင့် မုသားစကား ဆိုသလဲ"

"မှန်ရာ ငါ ဆိုပေတယ် ..."

"အရှင်မင်းကြီး မုသားစကားဟာ အလွန်အပြစ်ကြီး ပါတယ်။ ရှိသမျှဂုဏ်လည်း ပျက်စီးတတ်ပါတယ်။ အပါယ်ငရဲလည်း ကျတတ်ပါတယ်"

"ငါ မဆိုလို့ ကြောက်စရာ မလို"

"အရှင်မင်းကြီး ၊ ကျွန်ုပ် ကပိလက အကြီးမှန်း ကောရက လမ္ဗက အငယ်မှန်းသိပါလျက် ဘာကြောင့် မမှန်စကား ဆိုလဲ"

ကပိလရသေ့က သတိပေးစကားဆိုသော်လည်း ပေးထားသည့်ကတိ မဖျက်လို၍ ဖွတ်မှိတ်ငြင်းသည်။ ထိုခဏ၌ပင် သူ့ကို စောင့်နေသော နတ်သားလေးပါး ကွယ်သည်။ ကြာညိုနံ့ သင်းနေသော ခံတွင်းလည်း အနံ့ပြယ်သည်။ ရွံရှာဖွယ် ကောင်းအောင် ကြွက်ဥပုပ်နံ့ထွက်နေသည်။ ခန္ဓာကိုယ်မှထွက်နေသော စန္ဒကူးနံ့လည်း ပျောက်သွားသည်။ မစင်လူးနေသော အိမ်သာနံ့သည် ကိုယ်မှထွက်လာသည်။ ကောင်းကင်ပြင်၌ ပျံနိုင်သော တန်ခိုးသည်လည်း ကွယ်လေသည်။

စေတိယမင်း တုံးရိမ်သွားသည်။ သူ့တွင်ရှိသော ဘုန်းတန်ခိုးများပျောက်ကွယ်ကုန်သဖြင့် နှလုံးမသာမယာ ဖြစ်ရသည်။ သို့သော် ပြုမိသည့်ကိစ္စက နောက်ဆုတ်၍ မဖြစ်တော့။

"အရှင်မင်းကြီး၊ လူတို့ကျင့်ထုံး မပြောအပ်ဆုံးစကား ပြောမိလို့ ဘုန်းတန်ခိုးပြယ်ကုန်ပါပြီ။ အမှန်စကားသာ ဆိုပါတော့"

"ငါမဆိုဘူး၊ သင်က အငယ်၊ ကျုပ်သူငယ်ချင်း ကောရက





လမ္ဗက အကြီး။ ဒီအတိုင်းပဲ ငါသိတယ် ..."

စေတိယမင်းသည် အမှန်တရားကိုသိပါလျက် ဖွတ်ဆိုသည်။ ထိုအခါ မြေပြင်သည် သူ့အလိုလို ပေါ့လာသည်။ ဤတွင် စေတိယမင်း၏ ခြေနှစ်ချောင်း နစ်ဝင်တော့သည်။

"အို အရှင်မင်းကြီး။ သတိထားပါ၊ အရှင့်စကားကို အသိဉာဏ်ရှိသူ မဆိုထားနှင့် ၊ အသိဉာဏ်မရှိသည့် မြေကတောင် လက်မခံပါဘူး။ အမှန်စကားကို ဆိုခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ပါ။ ပြင်ဖို့ အချိန်မီပါသေးတယ် ..."

"ငါ ဘာပြင်စရာလိုလဲ"

သုံးကြိမ်မြောက်မုသားစကားဆိုလျှင် မြေသို့ ဖူးဆစ်ထိ နစ်မြုပ်သွားသည်။

နန်းတွင်းသူ နန်းတွင်းသားများ တုံးရိမ်ပူပန်ကုန်သည်။ ဘာမဟုတ်သည့်ကိစ္စကြောင့် အသက်ဆုံးရှုံးရတော့မည်။ အကယ်၍ မင်းကြီးဆုံးရှုံးလျှင် မင်းမဲ့တိုင်းပြည်ဖြစ်တော့မည်။ ပူပန်စိတ်ဖြင့် အမှန် စကားပြောဆိုရန် ဝိုင်းဝန်း တောင်းပန်ကြသည်။

"ငါ့စကား ဘာကြောင့် ပြင်ရမတုံး။ ကပိလရသေ့က အငယ်၊ ကောရကလမ္ဗကအကြီး။ အကြီးမို့ ငါ ပုရောဟိတ် အရာပေးတယ်"

"အရှင်မင်းကြီး မဟုတ်မမှန်စကား မဆိုပါနဲ့"

"ငါ ဆိုတယ် ..."

စေတိယမင်း၏ကိုယ်လုံးသည် မြေအတွင်းသို့ နစ်ဝင်သွားသည်။ ခါးသို့တိုင်နစ်မြုပ်သည့်အခါ မင်းကြီး ထိတ်လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှားကို ဆင်ခြင်မိသည်။ သို့သော် အမှားကို ဝန်ခံရန် ဝန်လေးနေသည်။

"အရှင်မင်းကြီး ဘာမဟုတ်တဲ့ လူတစ်ယောက် အတွက် အရှင်မင်းကြီးလို ပုဂ္ဂိုလ်မျိုး မဆုံးရှုံးသင့်ပါ ။ အမှန်ကိုဆိုရင် လွတ်မြောက်နိုင်ပါသေးတယ် ..."

"ငါ မဆို"

စေတိယမင်း၏ကိုယ်လုံးသည် တိုး၍နစ်မြုပ်သွားသည်။ သို့သော် ဤအချိန်ရောက်မှ ဝန်ခံစကားကို မဆိုချင်။ ဂတိလည်း မဖျက်ချင်။ ဆန္ဒာဂတိလိုက်လျက် မုသားစကားကိုသာ အခိုင်အမာ ဆိုရာ မြေပြင်သည် ထက်ခြမ်းကွဲလျက် စေတိယမင်းကို ဆွဲယူသွားတော့သည်။

မုသားစကားဆို၍ စေတိယမင်း အဝီစိငရဲသို့ ကျလေ၏။

× × ×

သင်ခန်းစာ

အဂတိလိုက်စားလျက် မုသားစကား မဆိုသင့်။ မုသားစကားဆိုခြင်းကြောင့် ငရဲသို့ ကျရာ၏။

ကျမ်းကိုး

ဇာတတ၊ အဋ္ဌကထာ၊ စေတိယမင်းဝတ္ထု



# ဝဇီသဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com

# ဝစီသစ္စာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကိန္နရာမျိုး၌ဖြစ်၏။ ဟိမဝန္တာတောတွင်နေသည်။ ဘုရားလောင်း၏ဇနီးကား စန္ဒာမည်သော ကိန္နရီဖြစ်သည်။ သူတို့မောင်နှံသည် ငွေတောင်ကို အမှီပြုလျက် ပျော်ရွှင်စွာနေကြသည်။

ဗာရာဏသီမင်းသည် တောကစားထွက်လိုသဖြင့် တိုင်းပြည်ကို အမတ်များထံအပ်ပြီး လက်နက်ငါးပါး စွဲကိုင်လျက် ဟိမဝန္တာသို့ ဝင်သည်။ မင်းကြီးသည် ရသော တောကောင်ကို မီးကင်စားလျက် မြစ်ရိုးတစ်ခုအရောက်တွင် မြစ်ညာသို့ ဆန်တက်ခဲ့သည်။

ထိုအချိန် မိုးကုန်သောကာလဖြစ်သဖြင့် ကိန္နရာ မောင်နှံသည် တောင်မှ သက်ဆင်း၏။ တောတောင်၏အလှကို ခံစားရင်း ကြည်နူးနေ၏။ စန္ဒကိန္နရီသည် တောပန်းတို့ခူးလျက် ပန်ဆင်သည်။ ပန်းမျိုးစုံအထည်ကို ဝတ်ဆင်လျက် တေးသီချင်းသီဆိုသည်။ ကခုန်သည်။ စန္ဒကိန္နရာ၏လက်ကို ဆွဲကာ ဆွဲကာ အလှကျီစယ် ကခုန်နေသည်။

ပန်ပါ ×× ဆင်ပါ ယဉ်ကညာမေရယ် ×× မောင်ကိုယ်တိုင်ဆွတ်ခူး ပန်းဦးကိုဆင် ×× လှမျိုးသခင် ပြစ်မျိုးမမြင်သူ မောင့်ချစ်





ဦးရယ် ...

ကိန္နရာဖိုကြီးသည် ချစ်သူစန္ဒကိန္နရီကို လှည့်ကာပတ်ကာဖြင့် မြူးမြူးကြွကြွ ကသည်။ စန္ဒကိန္နရီမက လက်ခုပ် လက်ဝါးတီးလျက် စည်းချက် လိုက်သည်။ ကြည်နူး နေမှုကြောင့်ပတ်ဝန်းကျင်ကို မမြင်နိုင်တော့။

ဗာရာဏသီမင်းသည် သီချင်းသံကြားသော် ရပ်တန့် နားစွင့်သည်။ တောကြီးမျက်မည်း၌ ထူးခြားသော အသံ ကြားရ၍ စိတ်ဝင်စားသွားသည်။ ခြေသံလုံအောင် လှမ်းလျက် အပါးချဉ်းကပ်သည်။

"အို ... မမြင်စဖူး အထူး လှပ တင့်တယ်တဲ့ တောရိုင်းသမီးပျိုလေးပါလား"

ဗာရာဏသီမင်းသည် မြူးထူးရွှင်ပျစွာ သီဆိုကခုန်နေသည့် ကိန္နရီမကိုကြည့်ပြီး နှစ်လိုစိတ်ဖြစ်မိသည်။ သူ့အပါးတွင်ရှိနေသော ကိန္နရာကိုမြင်သော် မျက်မှောင်ကြုတ်လျက် တွေးလိုက်သည်။

"အင်း၊ သူက ကိန္နရီမရဲ့လင်သားဖြစ်မယ် ။ ကာမပိုင်လင်ရှိသူလေးပဲ။ ပိုင်သူပစ္စည်းကို ရယူခြင်းက အပြစ်ရှိမေတယ်။ ဒါပေမဲ့ ကိန္နရီမလေး မြင်ကတည်းက ငါ့မှာ တဲ့တည်မရတဲ့ တပ်မက်စိတ် ဖြစ်နေပြီ။ ဟုတ်တယ် ... ကိန္နရာကိုသတ်ပြီး ကိန္နရီမလေးကို ရယူ ပေါင်းသင်းမယ်"

ဗာရာဏသီမင်းသည် မအပ်သောအကြံဖြင့် ကြံစည်လျက် လေးနှင့်မြားယူကာ ချက်ကောင်းတိုပစ်ချလိုက်သည်။ စန္ဒကိန္နရာသည် မြားဒဏ်ကြောင့် ပန်းမွှေ့ရာပေါ်

www.burmeseclassic.com



လဲကျသွားသည်။ ရုတ်ခြည်း ပြောင်းလဲသွားသော အဖြစ်အပျက်ကြောင့် ကိန္နရီမ ထိတ်လန့်သွား သည်။ ချစ်လင်ဆီ အပြေးသွားသည်။ လဲကျ မေ့မြောနေသော ကိန္နရာဖိုကို ပွေ့ယူလျက် "ငါ့ချစ်လင်ကို ဘယ်သူ ရန်ပြုသလဲ" ဟု အော်ဟစ်ကာ ငိုကြွေးသည်။

ဗာရာဏသီမင်းသည် သေလောက်ပြီအထင်နှင့် ပုန်းနေရာမှ ထွက်လာသည်။ စန္ဒကိန္နရီသည် မင်းကို မြင်လျှင် ထိတ်လန့်စွာဖြင့် တောင်ထိပ်သို့ ပြေးတက်သည်။

"အသင်မင်းကြီး၊ သင်ဟာ ယုတ်မာ ရက်စက်သူတည်း။ ငါတို့ ရဲ့ချစ်ခြင်းကို ကွဲစိမ့်သောငှာ ငါ့လင်ကို မြားနှင့်ပစ်ဘိသည်။ ငါ့ကို အထီးကျန်ဖြစ်အောင် ပြုဘိသည်။ ငါပူပန်ရသကဲ့သို့ သင့်မိခင်လည်း ပူပန်ပါစေ ..."

"အို ..."

"မင်းကြီး၊ ငါ့လင်သားအဖြစ်မြင်ရသော် ငါပူပန်ရသကဲ့သို့ သင့်မယားလည်း ပူပန်မှု ခံစားရပါစေ ..."

"ဟယ် ..."

"မင်းကြီး၊ သင်ဟာ ငါ့ကို လိုချင်တပ်မက်စိတ်ဖြင့် ငါ့လင်ကို သတ်ဘိသည်။ ဒီအတွက် သင့်မိခင်က သင့်ကို မတွေ့မြင်ပါစေနဲ့"

"ဒီစကား မဆိုပါနဲ့"

"အသင်မင်းကြီး၊ သင်ဟာ ငါ့ကို တပ်မက်စိတ်နဲ့ ငါ့လင်ကို သတ်ဘိတယ်။ ဒါကြောင့် သင်ဟာ မယားကိုလည်းကောင်း၊ သားကိုလည်းကောင်း မမြင်မတွေ့ပါစေနဲ့"

**မြတ်ပန်းရုံစာပေ**



ဗာရာဏသီမင်းသည် သောကမီး တောက်လျက် ဆဲရေးကျိန်ဆိုနေသော စန္ဒကိန္နရီကိုကြည့်လျက် စိတ်ပျက်မိသည်။ သို့သော် သူ့မှာသာ အပြစ်ရှိနေသဖြင့် နှစ်သိမ့်စကား ဆိုရသည်။

"အို ... အောက်မည်းညို့ အဆင်းနှယ် မျက်စိရှိတဲ့ ရှင်မ။ မငိုပါနဲ့၊ မစိုးရိမ်ပါနဲ့။ ငါပြုမိတဲ့အပြစ်အတွက် ထိုက်တန်တဲ့ပေးဆပ်မှုပြုပါမယ်။ သင့်ကို မိန်းမတကာထက် မြတ်သော အပူဇော်ခံမိဖုရားအဖြစ် ငါ ထားပါမယ် ..."

"အသင်မင်းကြီး၊ အပြစ်မရှိတဲ့ ငါ့လင် သေဆုံးစေတဲ့ သင့်ကို လင်တော်မယ်ထင်လား ... အသက်သာ အသေခံသွားမယ်"

စန္ဒကိန္နရီသည် လင်သားကိုသတ်သည့်ပြင်၊ မငှလျော်သည့် စကားဆိုလာသဖြင့် ဒေါသတကြီး အော်ပစ်လိုက်သည်။

ဗာရာဏသီမင်းသည် စန္ဒကိန္နရီ၏ပြတ်သားသော စကားကို ကြားသော် တုန်လှုပ်သွားသည်။ တပ်မက်စိတ်လည်း လျော့သွားသည်။ သူ့အမှားအတွက် ပေးဆပ်သင့်သည်ကိုလည်း တွေးမိသည်။

"ချစ်နှမ ကိန္နရီ၊ ငါ့အမှားကို ဝန်ခံပါတယ်။ သင်လည်း ဟိမဝန္တာပြန်ပြီး သားသမီးတို့နဲ့ စိတ်ချမ်းသာစွာ နေရစ်ပါတော့"

ထိုစကားဆိုပြီးသည်နှင့် ဗာရာဏသီမင်းလည်း တောမှ ပြန်ခဲ့တော့သည်။

× × ×

ဗာရာဏသီမင်း ပြန်သွားသည်ကိုသိသော် စန္ဒကိန္နရီသည် တောင်ထိပ်မှ ဆင်းသည်။ စန္ဒကိန္နရာ၏ ခေါင်းကို ပွေ့လျက် ရင်ခွင်တွင်း အပ်ကာ သည်းထန်စွာငိုသည်။

**မြတ်ပန်းရုံစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အို ချစ်လင် ... ဒီ တော ၊ တောင်၊ လိုဏ်ဂူတွင်းမှာ အတူနေတဲ့ ချစ်လင် မရှိတော့ရင် ကျွန်မ ဘယ်လိုနေရမလဲ။ သားရဲတိရစ္ဆာန်တို့ မပြတ်မွှေ့လျော်တဲ့ ဒီပန်းမွှေ့ရာမှာ သင့်ကိုမမြင်ရတော့ရင် ကျွန်မ ဘယ်လို နေရတော့မလဲ။ စိမ့်စမ်း ရေတံခွန်သွယ်သွယ်ဆင်းနေတဲ့ သာမောဖွယ်ကောင်းတဲ့ ဒီအရပ်မှာ သင်မရှိရင် ကျွန်မ ဘယ်သို့ ပျော်ရွှင်နိုင်မလဲ ..."

စန္ဒကိန္နရီသည် ပူဆွေးသောကစိတ်ဖြင့် အတိတ်က မြူးမူ နေထိုင်ပုံကို ပြန်ပြောင်းတွေးလျက် ငိုကြွေးသည်။ သို့သော် လင် ဟူသောချစ်ခြင်းကြောင့် မြေမဆည်နိုင်အောင် ဖြစ်ရသည်။

"အို ... နှစ်သက်ချစ်ခင် ကျွန်မလင်၊ ဟိမဝန္တာတောင်ထိပ် သည် ရွှေ ငွေ မြင်းသီလာတို့ဖြင့် အတိ ပြီးပါ၏။ ထို လှပ ဆန်းကြယ် သော တောင်ထွတ်တွင်သင့်ကိုမမြင်ရသောကျွန်မ ဘယ်သို့နေရ ပါ့မလဲ ...။ ဘုမ္မစိုးနတ်၊ ကိန္နရာ ကိန္နရီတို့မှီခိုသည့် နတ်ဩသမဆေး ဖုံးရာ ဟိမဝန္တာ၌ သင့်ကို မတွေ့နိုင်တော့တဲ့ ကျွန်မက ဘယ်သို့ နေရပါမလဲ ..."

စန္ဒကိန္နရီသည် ပူဆွေးတမ်းတစိတ်ဖြင့် ချစ်လင်၏ ဦးခေါင်းကို ပွေ့လျက် ငိုကြွေးနေစဉ် တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ ရုတ်ခြည်းသတိထားမိသည်နှင့် ကိန္နရာ၏ ရင်ဝကို လက်ဖြင့် စမ်း ကြည့်သည်။ ပူပူနွေးနွေး အသက်ရှင်သေးမှန်း သတိပြုမိသဖြင့် နတ်ကောင်းနတ်မြတ်များအား သတိရသွားသည်။

"အို...လောကပါလနတ်မင်းကြီးတို့၊ ဤအရပ်မှာ အရှင် မြတ်တို့ မရှိကုန်ကြသလော၊ သို့မဟုတ် မေ့လျော့နေကြပါသလော၊ သို့တည်းမဟုတ် နတ်သက်ခြွေ သေကုန်ကြပါသလော ... ဘယ်





အတွက်ကြောင့် ကျွန်မချစ်လင်ကို မစောင့်ရှောက်ပါသလဲ၊ ဘေးရန်ကို မဆီးတားပါသလဲ အရှင်တို့"

စန္ဒကိန္နရီသည် သောကစိတ်ဖြင့် ဂယောက်ဂယက် စကား ဆိုသည်။ ထို့နောက် စိတ်ကိုထိန်း၍ တိုင်တည်ပြန်သည်။

"အရှင်မြတ်တို့၊ ကျွန်မသည် ဤအရပ်၌ ချစ်လင်နှင့် ကွဲကွာ၍ မနေနိုင်ပါ။ လင်သားအပေါ် မြတ်နိုးစိတ်ဖြင့် မဖောက်မပြန် သစ္စာနှင့် ဆက်ဆံပါတယ်။ ဤစကား မှန်က ကယ်တင်သူ ပေါ်ပေါက် ပါစေ ..."

စန္ဒကိန္နရီ၏ သစ္စာစကားကြားရသော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာပူလောင်လာသည်။ သိကြားမင်းသည် အဖြစ်အပျက်ဆင်ခြင်သော် အကြောင်းရင်း မှန်ကိုသိ၏။ ဤတွင် ပုဏ္ဏားအိုအသွင် ဖန်ဆင်းပြီး သစ္စာပြုလျက် ကရားက ရေကို လောင်း၏ ။ ထိုအခါ အဆိပ်ပြေလျက် စန္ဒကိန္နရာအသက်ရှင်လေသည်။

ပုဏ္ဏားသည် ကိန္နရာမောင်နှံအား လူတို့အရပ် မသွားဘဲ ငွေတောင်၌သာ အေးချမ်းစွာ နေထိုင်ရန်မှာကြားပြီး နတ်ပြည်သို့ ပြန်လေ၏။

× × ×

သင်ခန်းစာ

မှန်ကန်သောစကားသည် အရာရာအောင်မြင်နိုင်၏။

ကျမ်းကိုး

စန္ဒကိန္နရီဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## ပိသုဏဝါစာ (ကုန်းချောစကားပြောခြင်း)

ကောသလတိုင်း၊ သာဝတ္ထိပြည်၏အရှင်သခင် ဘုရင် ကောသလ၏ ပုရောဟိတ်ကြီးကား တောဒေယျဖြစ်သည်။ သာဝတ္ထိမြို့ အနီးရှိ တုဒိဟူသော ရွာကြီးအား အပိုင်စားရ၍ တောဒေယျဟု တွင်သည်။ သူ၏သား သုဘလုလင်သည် ဗေဒင်ကျမ်းဂန်စာတတ်၏။ ဝိဇ္ဇာ ပညာရပ် ကျွမ်းကျင်သည်။ ထို သုဘလုလင်သည် ဘုရားရှင်ထံလာလျက် သင့်လျော်ရာ နေရာတွင် ထိုင်သည်။ ရိုသေစွာ ရှိခိုးသည်။

"အရှင်မြတ်ဘုရား၊ လောကရှိ လူတို့သည် အသက်တိုသူ တို၏။ ရှည်သူ ရှည်၏။ အနာရောဂါ ထူပြောသူ ထူပြော၏။ နည်းပါးသူ နည်းပါး၏။ ရုပ်ဆင်းလှသူ လှ၏။ အကျည်းတန်သူ တန်၏။ အခြွေအရံ နည်းပါးသူ နည်းပါး၏။ များသူ များ၏။ ဤသို့ အကျိုးပေးမတူ ကွဲပြားသည်မှာ အဘယ်ကြောင့်ပါနည်း"

ဤသို့ မေးလျှောက်သော် ဘုရားရှင်က ဒုစရိုက်မှု ကျူးလွန် သူသည် ကုသိုလ်ကံအကျိုးပေးကြောင့် ခံစားရပုံကို ဖြေကြား၏။ ထိုအထဲတွင် ကုန်းချောစကား ပြောတတ်သူအား ကျရောက် တတ်သည့် ဝဋ်ဆင်းရဲနှင့် ပတ်သက်၍ ဤသို့ မိန့်သည်။

"အချို့သူသည် သူတစ်ပါး ကြီးပွားချမ်းသာ နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မရှုဆိတ်၊ မနာလိုဖြစ်၏။ သူတစ်ပါး လာဘ်လာဘ ပေါများခြင်း၊ သူတစ်ပါးအား ရိုသေမြတ်နိုး ပူဇော်ခြင်း စသည် ပြုလုပ်နေခြင်းကို မရှုဆိတ် မနာလို ပြုစုဓောင်းမြောင်းလေ့ ရှိ၏။ မကျေမချမ်း စိတ်ဝမ်း မသာ ရှိတတ်၏။ ထိုသူသည် (ထိုကံကြောင့်) သေပြီးသည်၏ နောက်၌ အပါယ်ငရဲသို့ ကပ်ရောက်ရ၏။ အကယ်၍ ငရဲသို့ မကပ်ရောက်ဘဲ လူအဖြစ်ရောက်ခဲ့လျှင် အခြွေအရံ နည်းပါးခြင်း၊ ဘုန်းကံ နည်းပါးခြင်းတို့ ဖြစ်ရ၏"

ဘုရားရှင်က ကောင်းသောစကား၊ အပြစ်မဲ့သော စကား ပြောဆိုသင့်ကြောင်းနှင့် စပ်လျဉ်း၍ အထက်ပါအတိုင်း ဆိုမိန့်ခဲ့သည်။ ကုန်းချောသူသည် တစ်ဖက်သား အကျိုးယုတ်စေခြင်း ကြောင့် ငရဲနှင့် ဆင်းရဲခံရသည်ကို "ကုန်းချောသူ"တွင် ဖတ်ရှုနိုင်ပါသည်။ မှန်သောစကားဆိုခြင်းကြောင့် အကျိုးရှိပုံကို "အတိတ်ကောင်း နိမိတ်ကောင်း" တွင် ဖတ်ရှုနိုင်ပါသည်။



# ကုန်းချောသူ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းချောသူ

"အရှင်ဘုရား ... သပိတ်ကမ်းတော်မူပါ"

"သာဓုပါဘုရား ... သာဓုပါ"

"ချွေး စို့ရွှဲနေတဲ့ သက်န်းကို နေရောင်ပြရအောင်ပါ၊ ချွေးတိတ်အောင်လည်း တဘက်နဲ့ သုတ်သင်ပါဦး ဘုရား"

"ကောင်းလှပါ၏ ငါ့ရှင် ..."

ဆွမ်းခံရာမှပြန်လာသော မထေရ်ကြီးထံမှ သပိတ်နှင့် သက်န်းကို မထေရ်ငယ်က လှမ်းယူသည်။ ခရီးဦးကြို ပြုသည်။

မြင်ရသည့်မြင်ကွင်းက ကြည်နူးစရာ ... ရွှင်လန်း ဝမ်းမြောက်စရာပင်။ တရားကျင့်သူ အချင်းချင်း ဤသို့ ချစ်ကြည် ရိုင်းပင်းစွာ ပြုမူခြင်းကို ဘုရားရှင်က အလိုရှိသည်။ တစ်ဦးနှင့် တစ်ဦး အလေးဂရုပြု ဆက်ဆံသည်ကိုလည်း သူတော်ကောင်းတို့ နှစ်သက် မြတ်နိုးသည်။

အကြိုဆိုခံ မထေရ်ကြီးကား ဝါတော်ခြောက်ဆယ်ရှိပြီ။ သာမဏေငယ်လေးနှယ် တလေးတစားကြိုဆို ဝတ်ကြီးဝတ်ငယ် ပြုစုနေသော မထေရ်က ငါးဆယ့်ကိုးဝါ။ တစ်ပါးနှင့်တစ်ပါး တစ်ဝါမျှသာကွာခြားသော်လည်း ကြည်ဖြူစွာ အလုပ်အကျွေး ပြုသည်။





အရှင်နှစ်ပါးသည် ညီရင်း အစ်ကို ပမာ ချစ်ကြည်စွာ သီတင်းသုံးနေကြပေသည်။

အချိန်ကာလကား ကဿပဘုရားရှင် ပွင့်ထွန်းတော် မူချိန်။

နေရာက ဝေးလံသီခေါင်သည့်အရပ်ရှိ ရွာတစ်ရွာမှ တောကျောင်း။

အကျင့်သီလ စရဏအားဖြင့်ပြည့်စုံသော ဤကျောင်းတွင် အရှင်နှစ်ပါး သင့်တင့်ညီညွတ်စွာ သီတင်းသုံးနေသဖြင့် ဒကာ၊ ဒကာမများ ကြည်နူးဝမ်းမြောက်နေကြသည်။

တစ်နေ့တွင် ထိုကျောင်းသို့ ဓမ္မကထိက ရဟန်းတစ်ပါး ဆိုက်ရောက်လာသည်။

"အင်း၊ အလိုက်သင့် ၊ အလိုသင့် ရှိတာပေါ့ဘုရား။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ ရွာထဲက ဒကာ၊ ဒကာမတွေ ဥပုသ်ယူဖို့ လာကြလိမ့်မယ် ... အရှင်မြတ်က တရားဟောပါ လို့ ဖိတ်ကြားပါတယ် ..."

ဝါတော်တစ်ဝါငယ်မထေရ်က အာဂန္တုရဟန်းကို ဖိတ်ကြားသည်။ "ဟုတ်သားပဲ၊ ကောင်းသားပဲ" ဟူသော အမူအရာဖြင့် မထေရ်ကြီးက ခေါင်းညိတ်နေသည်။

"ကောင်းပါပြီဘုရား၊ တပည့်တော် ဟောပြောပါမယ်"

ထူးခြားသည့်တရားပွဲကို လူအများ စိတ်ဝင်တစား နာယူကြသည်။ တရားဟောဆရာတော်ကလည်း အစွမ်းပြ ဟောသဖြင့် ဟောသူနှင့်နာသူ သဟဇာတဖြစ်ပြီး အောင်မြင်သည့် တရားပွဲတစ်ခု ဖြစ်ခဲ့သည်။

နောက်တစ်နေ့တွင် ဓမ္မကထိကရဟန်းသည် ရွာတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ော့မ်းခံကြသည်။ အိမ်တိုင်းက ဆွမ်းလောင်းလှူပြီး တရားဟောရန် ပင့်ဖိတ်သည်။ နေ့စဉ်နေ့တိုင်း တရားပွဲရနေသဖြင့် လာဘ်လာဘ များ ပြည့်စုံနေပေသည်။

သူ့အတွက် အမှီကောင်းကို တွေ့လေပြီဟု မှတ်ယူလိုက်သည့် ဓမ္မကထိက ရဟန်းသည် မကြံစည်အပ်သော အတွေးကို တွေးမြင်သည်။ ဒီအရပ် ဒီကျောင်းမှာ ငါ သီတင်းသုံးရရင် ဘာမှ ပြောင့်ကြစရာမရှိဘူး။ ဒီတော့ အင်မတန်ရိုးသားတဲ့ မထေရ် နှစ်ပါးကို ကျောင်းကနှင်ထုတ်ပြီး ဒီကျောင်းကို အပိုင်စီးရရင် ...” ဟု ကြံစည် လိုက်လေသည်။

× × ×

“အရှင်ဘုရား ... မထေရ်ငယ်ဟာ အရှင်ဘုရားနဲ့ အတူတူ နေတာ ဘယ်လိုသဘောရှိလဲ”

“ဘာကြောင့်လဲ ဘုရား”

တစ်နေ့တွင် အာဂန္တုရဟန်းသည် မထေရ်ငယ် မရှိခိုက် မထေရ်ကြီးအပါး ချဉ်းကပ်သည်။ ရိုသေလေးစားသည့် အမူအရာဖြင့် ရှိခိုးပြီး တီးတိုး မေးလျှောက်သည်။ အာဂန္တုရဟန်း၏ အမေးကို ကြားသော အံ့သြထိတ်လန့်သည့် အမူအရာဖြင့် မျက်လုံး လှန်ကြည့်သည်။ ဝေခွဲမရသောအကြည့်ဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။

“သိလိုလို့ မေးကြည့်တာပါ”

“သူတော်ကောင်း ငါတို့နှစ်ပါးဟာ တစ်ပါးရတဲ့ ပစ္စည်းကို နှစ်ပါး အညီအမျှသာ ပြုတယ်။ ဒီနေ့ ဒီအချိန်အထိ မထေရ်ငယ်က ငါ့အပေါ် ကျေးဇူးမဲ့တဲ့ အပြုအမူ မရှိပါဘူး ငါ့ရှင်”





“ဒီအတိုင်းဆိုရင် ကောင်းပါတယ်။ ဒါပေမဲ့ ...”

“ဒါပေမဲ့ ဘာဖြစ်လဲ”

“မထေရ်ကြီးဟာ သီလမြတ်နိုးတယ်၊ မကောင်းမှုပြုရမှာ ရှက်တယ်လို့မထင့်နဲ့။ အဲလို စိတ်မချနဲ့။ သတိထားပါလို့ တပည့်တော်ရောက်တဲ့နေ့ကပဲ သတိပေးပါတယ် ...”

“ဘာ ... ဒီစကားမျိုး သူက ပြောသလား ...”

“မှန်ပါ။ တပည့်တော် ပြန်ပြောကြောင်း မသိပါစေနဲ့ ဘုရား။ အရှင်ဘုရားဟာ တပည့်တော်ရောက်တဲ့နေ့ကစပြီး အကဲခတ်နေတာ အပြစ်တစ်စုံတစ်ရာမတွေ့လို့ သတိပေးသင့်တယ် ထင်တာကြောင့် လျှောက်ရတာပါ”

“ဟင်း၊ သင်းတ ကြောင်သူတော် ကြွက်သူခိုး။ နေပုံကရိုးပုံ နိုးပန်း။ ဝက်ဉာဏ် ရှိမှန်း ငါက မသိဘဲကိုး”

မထေရ်ကြီးသည် ဒေါသတကြီး ရေရွတ်လိုက်သည်။ အာဂန္တုရဟန်းကမူ သူ့တိုက်ကွက်အောင်မြင်၍ ကွယ်ရာတွင် ကျိတ်ပြုံးလိုက်ပေသည်။

ရက်အနည်းငယ်ကြာသော် မထေရ်ငယ်ထံ ချဉ်းကပ်ပြန်သည်။

“အရှင်ဘုရား ... တပည့်တော်ပြောတယ်လို့တော့ ပြန်ပြီး မလျှောက်ပါနဲ့။ အရှင်ဘုရားအတွက် စိတ်မကောင်းလို့ပြောတာပါ”

“ဘာများလဲ ငါ့ရှင် ...”

“တပည့်တော် ဒီကျောင်းရောက်ကတည်းက အရှင်ဘုရားရဲ့ ဝတ္တရားကျေပွန်မှု၊ အလိုက်သိမှု၊ ပြုစုစောင့်ရှောက်မှုကို တွေ့နေရပါတယ်။ ဒါပေမဲ့ မထေရ်ကြီး ရှုမြင်ပုံက သိပ် မဟုတ်လှဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလို့လဲ ငါ့ရှင် ..."

"မထေရ်ငယ်ဟာ အကျင့်သီလနဲ့ ပြည့်စုံတယ်လို့ စိတ်မချနဲ့။ သတိထားပါတဲ့"

"ဒီလိုပြောလား ..."

"တပည့်တော် ရောက်စကတည်းက ပြောတာပါ။ ဒါပေမဲ့ အရှင်တို့နှစ်ပါးကြားမှာ ခလောက်ဆန်ရာ ကျမှာစိုးလို့ မျိုသိပ်ထားရတယ် ..."

"ဟင်း ... ငါက တာဝန်ကျေပါရက်နဲ့ ဒီစကားပြောတယ် ..."

အရှင်နှစ်ပါးကို သွေးထိုးစကား ပြောလိုက်ရာ မထေရ်နှစ်ပါး၏ ကြည်လင်နေသောစိတ်သည် အိုးကို တုတ်ဖြင့်ရိုက်သည့် အလား ကွဲ သွားတော့သည်။

သွားအတူ၊ လာအတူ၊ ညီညီညွတ်ညွတ်သီတင်းသုံးနေသော မထေရ်နှစ်ပါးသည် အာဂန္တု မမွကာထိက ပုဂ္ဂိုလ်၏သွေးထိုးမှုကြောင့် စည်းလုံးမှု ပျက်ပြားသွားသည်။ နောက်တစ်နေ့ ဆွမ်းခံချိန်တွင် တစ်ပါးကိုတစ်ပါး မစောင့်ဘဲ သီးခြားစီထွက်သည်။

ဆွမ်းစားဇရပ်သို့ ဦးစွာပြန်ရောက်သောမထေရ်ငယ်သည် သက်သောင့်သက်သာ အနားယူနေသည်။ ခဏအကြာတွင် မထေရ်ကြီး ပြန်ကြွလာသည်။ မထေရ်ငယ်သည် ဇရပ်ပေါ် လှမ်းတက်လာသော မထေရ်ကြီးကို ငဲ့စောင်းကြည့်လိုက်သည်။

"အင်း၊ ငါ့ဝတ္တရားအရ ခရီးဦးကြိုတော့ ပြုသင့်တယ်။ သူ့စိတ်ထဲ ဘယ်လိုပဲရှိရှိ၊ ကိုယ့်ဘက်က ဝတ္တရားမပျက်သင့်ဘူး။ ဟုတ်ပါတယ်လေ ... လုပ်နိုးလုပ်စဉ် ဟန်မပျက်လုပ်တာ ကောင်းပါတယ်"





မထေရ်ငယ်သည် ဤသို့တွေးပြီး မထေရ်ကြီးထံမှ သပိတ်ကို လှမ်းယူသည်။

"ငါ့သပိတ်ကို မထိနဲ့၊ သင်နဲ့ ဒီသပိတ် မတန်ဘူး"

"ဘာ ... ကြော် ဟုတ်ပြီ ... အဟက်ဟက်ဟက်၊ တပည့်တော်ကလည်း ဒီသဘောထားရှိပါတယ်။ ဒါပေမဲ့ မတော်ဘူး ထင်လို့ပါ"

"မတော်တာ မရှိဘူး"

"အရှင်ဘုရားပြောပုံက ထန်လွန်းနေတယ် ... တပည့်တော်က ဒီကျောင်းကို စုံမက်နေတယ်များ ထင်လား"

"ဒါတော့ ကိုယ့်အကြောင်း ကိုယ်ပဲ သိမယ် ..."

"ရတယ်။ ဝါဒမတူ၊ စိတ်မတူတဲ့ ပုဂ္ဂိုလ်နဲ့ အတူ သီတင်းသုံးလို့ မဖြစ်ဘူး။ ဒီကျောင်းမှာ အရှင်ဘုရားပဲ သီတင်းသုံးပါ"

"ငါကလည်း မက်မောတယ် မထင်နဲ့၊ ဒီကျောင်းမှာ တစ်နာရီတောင် မနေဘူး"

မထေရ်ကြီးသည် သပိတ်၊သင်္ကန်းဆွဲလျက် အနောက်ဘက် အရပ်သို့ ထွက်သွားသည်။ မထေရ်ငယ်ကလည်း အလားတူ ယူငင်လျက် အရှေ့အရပ်သို့ ထွက်သွားသည်။

"မဟုတ်သေးပါဘူးဘုရား၊ အချင်းချင်း ဒီလို မလုပ်သင့်ပါဘူး"

အာဂန္တုရဟန်းသည် ထွက်သွားသည့် ရဟန်းများကို ဟန်ဆောင်တားသည်။သို့သော်စိတ်ထဲကမူ မြန်မြန်သာကြွကြွပေတော့၊ ဒီကျောင်းမှာတပည့်တော် တစ်ပါးတည်း အကျအနသီတင်း သုံးတော့မယ်... ဟု ရင်ထဲကစကားဆိုလျက် ပိုပိုရိရိ ပြုံးလိုက်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မထေရ်နှစ်ပါးသည် စိတ်အခန့်မသင့်၍ ထွက်ခဲ့ကြသော်လည်း နှစ်ရှည်လများ အတူသီတင်းသုံးခဲ့ကြသဖြင့် သံယောဇဉ်ဖြစ်နေသည်။ စိတ်လိုလက်ရပြုမိသည်များ မှားလေပလားဟု တွေးပြီး စိတ်မချမ်းမသာ ဖြစ်ရသည်။ အဖြစ်အပျက်ကို ပြန်လှန် စဉ်းစားတိုင်း စိတ်အနှောင့်အယှက်ဖြစ်နေ၍ တရားအလုပ်ပင် မလုပ်နိုင်။ ဤသို့ဖြင့် နှစ်အတော်ကြာခဲ့သည်။

သို့သော် တစ်နေ့တွင် မမျှော်လင့်ဘဲ အရှင်နှစ်ပါး ပြန်ဆုံမိသည်။ တစ်ပါးကို တစ်ပါး မြင်လိုက်သည်နှင့် ဝမ်းနည်းစိတ်ဖြစ်လျက် တစ်ဦးကိုတစ်ဦး ဖက်ပြီး ငိုသည်။ စကား မဆိုနိုင်ကြ။ ခဏ အကြာမှ မထေရ်ငယ်က မေးလျှောက်သည်။

"အရှင်ဘုရား၊ တပည့်တော်နဲ့ အတူတူနေစဉ်ကာလ တစ်လျှောက်လုံး တာဝန်မကျေတာ ဘာရှိလဲ ..." ဟု မထေရ်ငယ်က မေးသည်။

"မရှိပါဘူး ငါ့ရှင် ..."

မထေရ်ကြီးက ပြန်ဖြေသည်။

"ဒီလိုမရှိပါဘဲလျက် ဘယ့်အတွက် အပြစ်တင်စကား ပြောပါသလဲ"

"ငါမပြောပါလား ..."

"အရှင်ဘုရားပြောလို့သာ အာဂန္တုရဟန်းက လာပြောတာပေါ့"

"သူ ဒီလိုပြောလား ... ဒါဆို ဒီကိစ္စဟာ အာဂန္တုရဟန်းလက်ချက်ပဲ။ ကိုင်း လာ ... တို့ ကျောင်းကို အတူပြန်ကြစို့"

မထေရ်နှစ်ပါး ကျောင်းသခ်မ်းသို့ အတူယှဉ်တွဲ ပြန်လာ





သည်ကိုမြင်ကတည်းက အာဂန္တုရဟန်း ရိပ်စားမိသည်။ သို့သော် အပြစ်မရှိလေဟန်ဖြင့် အူယားဖားယား ကြိုဆိုသည်။ သပိတ်သက်န်း လှမ်းယူသည်။

"တို့ရဲ့ သပိတ်သင်္ကန်းဟာ သင်လို လူယုတ်နဲ့ မထိုက်တန်ဘူး၊ သင်လည်း ဒီကျောင်းမှာ မနေနဲ့တော့"

အရှင်နှစ်ပါးက အာဂန္တုရဟန်းကို နှင်ထုတ်လိုက်သည်။ ကုန်းချောစကားကြောင့် တစ်ပါးနှင့်တစ်ပါး အထင်မှားခဲ့သော ရဟန်းနှစ်ပါးသည် ချစ်ကြည်စွာဖြင့် အသက်ထက်ဆုံး နေသွားကြသည်။ ကုန်းချောစကားဆိုသော ရဟန်းသည် သေသော် ငရဲလားသည်။ ငရဲမှလွတ်သော် ဝက်ပြိတ္တာဖြစ်သည်။ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်မျှကြီးသော လူကိုယ်ဖြစ်လျက်၊ ခေါင်းက ဝက်ခေါင်းဖြစ်ပြီး ခံတွင်းတွင် အမြီးပေါက်နေသည်။ ပိုးလောက်လန်းများ ကျလျက် ရွံစဖွယ်အဆင်း ရှိနေပေသည်။ ဝဋ်ဆင်းရဲက ကြီးမားလှပေသည်။

× × ×

သင်ခန်းစာ

တစ်ပါးသူကို အကျိုးပျက်အောင် ကုန်းချောစကား ဆိုတ ငရဲသို့တျ၏။

ကျမ်းကိုး

ဓမ္မပဒ၊ ပဂ္ဂဝဂ်၊ ဝက်ပြိတ္တာဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ကောင်း၊
# နိမိတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ကောင်း နိမိတ်ကောင်း

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး နန်းစံစဉ် ဘုရားအလောင်းသည် သူဌေးမျိုး၌ ဖြစ်သည်။ ဖခင် ကွယ်လွန်သော် သူဌေးအရာ ရသည်။

တစ်နေ့တွင် သူဌေးသည် ချီးမြှင့်ခံရသည့် အဆောင်အယောင်ကို ဝတ်စားလျက် ညီလာခံသို့ တက်ရန်သွားသည်။ ထိုအချိန် ယောက္ခမဖြစ်သူသည် အိမ်သို့ အလည်အပတ် ရောက်လာသည်။ သမီးဖြစ်သူက အလည်အပတ် ရောက်လာသော မိခင်ကို စားကောင်းသောက်ဖွယ်ဖြင့် ကျွေးမွေးဧည့်ခံသည်။ လိုလေသေး မရှိအောင် ပြုစုကျွေးမွေးသည်။

သူဌေး၏ယောက္ခမသည် အိမ်အပြင်အဆင်အနေအထားကို ကြည့်လျက် နှစ်သက်နေသည်။ သူ့သမီး ကံထူးပေစွဟု တွေးလျက်ပီတိဖြစ်နေသည်။တစ်ကိုယ်တည်းပီတိဖြစ်ရုံနှင့် အားမရှသေးဘဲ၊ သမီးထံမှ နှစ်လို့ဖွယ်စကား ကြားလို၍ စုံစမ်း သည်။

"ဟဲ့ သမီး၊ ညည်းလင်က ညည်းအပေါ် ချစ်ချစ် ခင်ခင် ကြင်ကြင်နာနာ ဆက်ဆံရဲ့လား ..."

"ဘာဖြစ်လို့လဲ အမေရဲ့၊ ဆက်ဆံပါတယ်"

"ဘယ်လိုဆက်ဆံတာလဲ၊ လင်ဆိုတာ လင့်ဝတ္တရားကျေဖို့ လိုတယ်အေ့။ မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိန္တာမများ၊ ဝတ်စား





ဆင်ယင်၊ မြတ်နိုးကြင် ဆိုတဲ့ လင့်ဝတ္တရားရှိတယ် ..."

"ဟုတ်ပါတယ် အမေရဲ့"

"ဟေ ... ဘာရယ်၊ ငါကြားအောင် ပြောစမ်းပါ အေ့"

မိခင်ကြီးမှာ နားလေးသူဖြစ်သဖြင့် စကားတီးတိုးဆို၍ မရ။ သူပြောလျှင်လည်း နှစ်ကိုယ်ကြား နှစ်နားကြားရုံသာဟု ထင်သော်လည်း ဘေးဘီကကြားအောင် အော်ပြောတတ်သည်။ ခုလည်း သမီးစကားကို မကြားသဖြင့် နားတွင် လက်ကာပ်လျက် ထအော်သည်။

"ဝတ္တရားကျေတယ် ပြောတာပါ"

"ဩော် ... အေး ဝတ္တရားကျေတယ်ဆိုတာ ရှိသေးတယ်၊ ငါက သူဌေး၊ အိမ်သူက ငါ့အရိပ်ခိုနေတာ ... သင်း အဆင့်က ဘာရှိလဲ၊ သင်းဥစ္စာက ဘာရှိလဲဆိုပြီး မထီမဲ့မြင် မပြုရဘူး၊ ဒါကော သိလား"

"သူက မလုပ်ပါဘူး၊ ယဉ်ကျေးသိမ်မွေ့ပါတယ်"

"ဘယ်လိုအေ့၊ သိမ်းချုပ်တယ်ဟုတ်လား။ ပစ္စည်းမှန်သမျှ သူကထိန်းချုပ်တဲ့သဘောလား။ မယားလုပ်သူကိုတောင် မယုံကြည်တဲ့ သဘောလားအေ့။ ဒီလိုတော့ တစ်ဖက်သတ်မလုပ်စေနဲ့လေ ... ရှာလို့ဖွေလို့ရတာ အိမ်သူဇနီးမယားကို အပ်သင့်တယ်"

"အပ်ပါတယ် ... အပ်တယ်လို့ ပြောတာပါ"

"အေး အေး၊ ဒါဆို မဆိုးဘူး။ အဲ ပြောရဦးမယ်၊ အငယ်အနှောင်းရော ထားသလား။ ငါ့မှာငွေရှိတယ်ဆိုပြီး ဟော တစ်ယောက်၊ ဟော တစ်ယောက် မယားတွေ မှိုလိုပေါက်အောင် ယူတာမျိုး တော့ လက်မခံနိုင်ပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီလိုမရှိပါဘူး အမေ ... အကျင့်သီလနဲ့ ပြည့်စုံပါတယ်။ သူလိုအကျင့်မျိုး ရှိသူဟာ ရဟန်းသူတော်စင်တောင် တွေ့နိုင်ခဲ့ပါတယ်"

"ဘာ ... ဘယ်လို ဘယ်လို၊ ညည်းလင်က ရဟန်းဘောင် ဝင်ချင်နေတယ် ဟုတ်လား။ ဒါဆိုကောင်းတယ်။ အဲ ကောင်းလည်း ကောင်း၊ မကောင်းလည်းမကောင်းပေါ့ အေ ...။ ရဟန်းလုပ်တာကတော့ ကောင်းတာပါပဲ။ ဒါပေမဲ့ လင်သားမရှိတဲ့မိန်းမသားဟာ မတင့်တယ်ဘူး ဆိုစကားရှိတယ်။ ရဟန်းတော့ မဝတ်စေနဲ့အေ"

"အို...အမေကလည်း ဘာစကားတွေ ကြားမှန်း မသိဘူး။ ရဟန်းဝတ်မှာမဟုတ်ဘူး။ ရဟန်းတွေထဲမှာတောင် သူ့လို အကျင့်မြတ်ရှိသူ မတွေ့နိုင်ဘူးလို့ ပြောတာ ..."

"အေးလေ၊ ရဟန်းပြုလည်း ကောင်းတော့ကောင်းတာပါပဲ"

နားလေးသည့်မိခင်ကို လိပ်ပတ်လည်အောင် ရှင်းပြရန်ခက်သဖြင့် စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။ မိခင်ကြီးကတော့ သူ့ထင်မြင်ရာစကားကို အတောမသတ် ဆက်ပြောနေတော့သည်။

× × ×

"ဟော ... ဘယ်လိုလဲ၊ ဒါနဲ့ သင် ရဟန်းပြုသွားပြီဆို"

သူဌေး အိမ်သို့ ပြန်အလာတွင် အသိမိတ်ဆွေတစ်ဦးနှင့် ဆုံစည်းသည်။ ရဟန်းဘောင်ဝင်သွားပြီ ဟု သတင်းကြားနေသော သူဌေးကို လူဝတ်ကြောင်ဖြင့် တွေ့၍ အံ့အားတသင့် မေးသည်။

"အဟ၊ သင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောရမှာလဲ၊ သင့် အိမ်နားက ဖြတ်အသွားမှာ သင့်ဇနီးနဲ့ယောက္ခမလုပ်သူ ပြောသံကြားခဲ့တာ ..."

မြတ်ပန်းရုံစာပေ



"ဟင် ... သူတို့ ဒီစကားပြောတာ အမှန်ပဲလား"

"ကျုပ် နားနဲ့ ဆတ်ဆတ် ကြားတာပါဗျာ ...။ မိတ်ဆွေရဲ့ ယောက္ခမက နားလေးတော့ စကားတိုးတိုး မပြောတတ်တာ အသိပဲလေ... ဟုတ်လား၊ ညည်းယောကျ်ား ရဟန်းဘောင် ဝင်သွားတယ်၊ အင်း၊ ဒီလိုကောင်းတဲ့ အလုပ်လုပ်တာမဆိုးပါဘူး။ သူများလင်တွေဆို မူးရူး သောင်းကျန်းနေတာ ... အဲလို လင်ဆိုးမယား ဖြစ်ရတာထက်စာရင် ရဟန်းဘောင်ဝင်တာ ကောင်းတာပေါ့ လို့ ပြောသံကို ပီပီသသ ကြားခဲ့တာ ..."

သူဌေးသည် တစ်ဆင့်ကြားရသည့်စကားကို စဉ်းစားဝေဖန်သည်။ ဤသို့ကောင်းသော အတိတ်နိမိတ်ဆောင်သည့်စကား ကြားရသည်မှာ မင်္ဂလာရှိပေသည်။ ဤစကားမျိုး ကြားပါလျှက် အချည်းနှီး မဖြစ်သင့်။ ယနေ့ပင် ရဟန်းပြုသင့်ပြီဟုတွေးလျက် နန်းတော်သို့ ပြန်သွားသည်။ မင်းကြီးအား အကျိုးအကြောင်း လျှောက်ထားပြီး ရဟန်းပြုခွင့်ပေးရန် ခွင့်ပန်သည်။ မင်းကြီးက ခွင့်ပြုသော် ရသေ့ရဟန်းပြုလျက် ဟိမဝန္တာသို့ဝင်သည်။ တရားကျင့်ကြံအားထုတ်ရာ ဈာန်သမာပတ်ရသော ရသေ့သူတော်စင် ဖြစ်လေသည်။

သင်ခန်းစာ

ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်ရှိသော စကားသည် အကျိုးရှိ၏။

ကျမ်းကိုး

ဒုကနိပါတ်၊ ကကဏ္ဍကဇာတ်

မြတ်ပန်းရုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဖရုသဝါစာ (ဆဲရေးစကားဆိုခြင်း)

ရှုန့်ရင်းကြမ်းတမ်းသော စကားကိုဆိုက သူတော်ကောင်းတို့ မနှစ်သက်၊ မမြတ်နိုး။ အသိရှိသော လူမဆိုထားနှင့် အသိဉာဏ်မရှိသော တိရစ္ဆာန်များပင် မလိုလားပေ။ ဤအကြောင်းနှင့် ပတ်သက်၍ နန္ဒိဝိသာလ ဇာတ်တော်တွင် ဘုရားရှင် ဟောမိန့်ခဲ့သည်။

နားကြား၍လည်းမလျော်၊ ဘေးအမြင်တွင်လည်း မသင့်၊ အပြစ်ရှိသဖြင့် ဆဲရေးခြင်း၊ ကျိန်ဆိုခြင်း စကားကို မဆိုအပ်၊ မဆိုသင့်ပေ။ ဆိုက ဝစီဒုစရိုက် ကျူးလွန်ရာရောက်သည်။ အပြစ်ကြောင့် ငရဲရောက်နိုင်ပြီး လူဖြစ်လျှင်လည်း လူစဉ်မမီ၊ ဆင်းရဲယုတ်ညံ့ပေသည်။ ဤအကြောင်းကို "စစီကြမ်းတမ်း နှုတ် သရမ်းလေသူ" တွင် ဖတ်ရှုနိုင်ပါသည်။

ရှုန့်ရင်းသောစကား၏ဆန့်ကျင်မှုမှာ ပိယဝါစာဖြစ်သည်။ နှုတ်ချိုသျှိုတစ်ပါးဟူသော ဆိုစကားအရ နှုတ်ချိုသဖြင့် လူနှစ်ချစ်ခင်၊ အကျိုးရှိစေသော အဆောင်တစ်ခုပမာ ဖြစ်၏။ ဤအကြောင်းကို "ပိယဝါစာ"တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

မြတ်ပန်းရုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဝစီကြမ်းတမ်းနှုတ်သရမ်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ဝစီကြမ်းတမ်း နှုတ်သရမ်းလေသူ

အပရိဟာနိယတရား ခုနစ်ပါးနှင့် ပြည့်စုံသဖြင့် အစဉ်ညီညွတ်နေသော ဂဏနိုင်ငံသည် မျက်စီးမည့်အခြေအနေသို့ ဦးတည်နေပြီ။

သွေးစည်းညီညွတ်မှုရှိသည့် လိစ္ဆဝီမင်းသားများက အမ္ဗပါလီကို အကြောင်းပြု၍ သွေးကွဲကြပြီ။

"အမ္ဗပါလီအနား ချဉ်းကပ်သူဟာ ငါ့ ရန်သူပဲဟေ့"

လိစ္ဆဝီမင်းသားတစ်ပါးက သူ၏ကြွခိုင်သန်မာသည့် ခန္ဓာကိုယ်ကို တမင်ထုတ်ပြ၍ မာန်ဝင့်စကား ဆိုသည်။ အခြားလိစ္ဆဝီ မင်းသားက ပမာမခန့် အပြုံးဖြင့် တစ်ချက်ပြုံးလိုက်သည်။

"အမ္ဗပါလီမှာ ကာမပိုင် လင်မရှိသေးရင် လူတိုင်း ကြိုးစားခွင့်ရှိတယ် ..."

သူက ခါးရိုးပေါ် လက်တင်လျက် ရင်ဆိုင်ရန် အသင့်ဟူသောအမူအရာဖြင့် ပြောလိုက်သည်။ ထိုအခါ အစဦး ပြောသူက ဆတ်ခနဲလှည့်ကြည့်သည်။ မီးဝင်းဝင်းတောက်သည့် မျက်လုံးအစုံဖြင့် ရင်ဆိုင်သည်။

"ဘာလဲ၊ ကိုရင်က စိန်ခေါ်တာလား ..."





"သဘာဝကို ပြောတာ ..."

"ဘာ သဘာဝလဲ၊ အမ္ဗပါလီဟာ ကျုပ် ချစ်သူ"

"ချစ်သူ ၊ အမ္ဗပါလီက ချစ်သူပါလို့ ထုတ်မပြောမချင်း လူတိုင်းမှာ တူညီတဲ့အခွင့်အရေး ရှိတယ် ..."

"ဒါဆို စိန်ခေါ်တယ်လား ... အဟဲဟဲ၊လက်ထဲဓားတစ်လက်ရှိတာနဲ့ မာန်မတက်နဲ့ ကိုရင်၊ လိစ္ဆဝီတိုင်း ဓားရေးကျွမ်းတယ် လှံရေးကျွမ်းတယ်၊ စိန်ခေါ်ချင်ရင် သန္တာဂါရရှေ့ ထွက်လိုက်"

"ဖြစ်တယ် ... ယောကျ်ားချင်းချင်း သတ္တိရှိရှိယှဉ်ပြိုင်တာ အကောင်းဆုံးပဲ။ အားလုံးကို စိန်ခေါ်လိုက်မယ်။ အမ္ဗပါလီအတွက် ယှဉ်မယ်ဆိုရင် သန္တာဂါရ ရှေ့ လာကြ၊ ဒါပဲ"

လိစ္ဆဝီမင်းသားတစ်ပါး၏စိန်ခေါ်သံက ဝေသာလီ တစ်မြို့လုံး ပြန့်သွားသည်။ ကာယကံရှင် အမ္ဗပါလီကိုယ်တိုင်ကမူ ထိုအကြောင်း သိသည်၊ မသိသည် ခွဲခြားမသိ။ လူပျိုမင်းသားများကြားတွင်မူ စိန်ခေါ်မှု ဂယက်က လှိုင်းထသွားသည်။ မင်းသားတို့အရေးကြောင့် လွှတ်တော်လူကြီးများပင် မနေနိုင်တော့။ အထူးသဖြင့် မင်းသားတို့၏ ဆရာ မဟာလိမင်းကြီးပင် စိတ်ရှုပ်စရာဖြစ်လာသည်။

မဟာလိသည် လိစ္ဆဝီမင်းသားတို့၏ စိတ်ဓာတ်ကို သိသည်။ သူတို့သည် မြွေပွေး။ သူတို့ကိုလာမထိလျှင် သက်မဲ့ ထင်းတုံးကဲ့သို့ ငြိမ်နေတတ်သော်လည်း ထိလာလျှင်မူ ဆတ်ခနဲ ပြန်တွယ်တတ်သည်။ မြွေပွေးစိတ် ရှိသည်သာမက သူတို့သည် တိုက်ကြက်ခေါင်းဆိတ်မခံနိုင်ဖြစ်သည်။ ခေါင်းလာဖိလျှင် အောက်က လှန်ပက်တတ်သူမျိုး။ အထူးသဖြင့်လူမျိုးခြား တိုင်းတစ်ပါးသားက



www.burmeseclassic.com

www.burmeseclassic.com



စော်ကားလာလျှင် ချက်ချင်း လက်တုံ့ပြန်တတ်သည်။

ကျူးကျော်စော်ကားမှုကို ခေါင်းငုံ့မခံတတ်သည်ကိုမူ မဟာလိ နှစ်သက်သည်။ ဤစိတ်ဓာတ်ရှိအောင်လည်း သူကိုယ်တိုင် သွန်သင်ထားသည်။ လိစ္ဆဝီသွေး ရဲရဲနီကြောင်းပြ၊ အသည်းမာကြောင်းပြ၊ စွန့်လွှတ်စွန့်စားစိတ် ရှိကြောင်းပြ ဟု အစဉ် ဆုံးမသည်။ လိစ္ဆဝီတို့၏ နှလုံးသားတွင်း ရိုက်သွင်းထားသော ဤစိတ်ဓာတ်က သံမဏိဖြင့် စွဲ ထားသကဲ့သို့ ခိုင်မာနေသည်။

သို့သော် ဤသံမဏိစိတ်ဓာတ်ကို တိုင်းပြည်အတွက်၊ လူမျိုး အတွက်သာ အသုံးချစေချင်သည်။ မိန်းမသား အတွက် လိစ္ဆဝီသွေး ပြခြင်းကိုမူ လုံးဝ မလိုလားပေ။

မဟာလိမင်းကြီးသည် အမ္ဗပါလီ၏မွေးစားဖခင် ဥယျာဉ်မှူးကို နန်းတွင်း ဖိတ်ခေါ်လိုက်သည်။ အကြောင်းမရှိဘဲ ဖိတ်ကြားခံရ၍ ဥယျာဉ်မှူး တုန်လှုပ်နေသည်။

"အချင်းဥယျာဉ်မှူး၊ သင့်မှာ ရုပ်ဆင်းရူပါ ချောမောတဲ့ သမီးတစ်ယောက် ရှိတယ်ဆိုတာ မှန်လား ..."

"မှန်ပါတယ် အရှင်မဟာလိ၊ သူဟာ သန္ဓေဇဖွားသူလေးပါ။ အမိမရှိ၊ အဖမရှိ၊ ဆွေမျိုးဉာတကာ မရှိသူလေးမို့ ကောက်ယူ မွေးစားထားတာပါ။ ကျွန်တော်မျိုးရဲ့ဥယျာဉ်ထဲက သရက်ပင်မှာ သန္ဓေတည်မွေးလာလို့ အမ္ဗပါလီလို့ အမည်ပေးထား ပါတယ်"

"ဟုတ်ပြီဗျာ ... သူ့ဘုန်း သူ့ကံကြောင့် ရုပ်ဆင်းလှတယ်။ မိဘရင်းနဲ့ မခြား ကျွေးမွေးစောင့်ရှောက်တဲ့ ဖခင်ရှိတယ် ... လိမ္မာ ရေးခြားရှိအောင် သွန်သင်ပြသတဲ့ ဖခင်ကြောင့် အထူးယဉ်ကျေးသူ လေးလို့ သိရတယ်"





"မှန်ပါတယ် မင်းကြီး"

"ဟုတ်ပြီ၊ ဒါဆို သင့်သမီးအကြောင်း အကုန်အစင်သိမှာပေ။ ဒီမယ် ဥယျာဉ်မှူး၊ သင့်သမီးကို လိစ္ဆဝီမင်းသားတွေ အရှုံးအမူး ဖြစ်နေကြတာ ကြားသလား"

"အရှင်မဟာလိ၊ အဆင်းရူပါ ချောမောလှပသူကို လိုချင်သူ တွေ များတာ ဓမ္မတာပါ။ ကျွန်ုပ်သမီးဟာ လိစ္ဆဝီမင်းသား တစ်ပါးပါးနဲ့ လက်ဆက်ပေးသင့်တာ အမှန်ပါ။ သူဟာ တော်ဝင်နန်းထိုက် ပန်းမကိုင်း လေးပါ အရှင်မဟာလိ"

"ဟုတ်မှာပါ။ သူဟာ လိစ္ဆဝီမင်းသားတစ်ပါးပါးရဲ့ မဟေသီ ဖြစ်ထိုက်ပါတယ်။ ဒါပေမဲ့ လိစ္ဆဝီမင်းသားတိုင်းက လိုလားရင် သင် ဘယ်လို ဆုံးဖြတ်မလဲ"

မဟာလိ၏အမေးကြောင့် ဥယျာဉ်မှူး ခေါင်းထောင် ကြည့်သည်။ "ဒီလို သဘောရှိလား ..." ဟူသောအမေးဖြင့် တုံ့ပြန်ကြည့်သည်။ မဟာလိက လိစ္ဆဝီမင်းသားတို့၏အခြေအနေ၊ ယနေ့ ကြုံတွေ့ နေရသည့်ပြဿနာ၊ သန္တာဂါရလူကြီးများ ဦးနှောက်ခြောက်နေရပုံကို အသေးစိတ် ရှင်းပြလိုက်သည်။ အခြေအနေမှန်သိတော့ ဥယျာဉ်မှူး က ခေါင်းခါယမ်းသည်။ စိတ်ပျက်လက်ပျက်ညည်းညူသည်။ "ဒီကိစ္စ ဘယ်လိုဖြေရှင်း မလဲ မဟာလိ" ဟု အကြံဉာဏ်တောင်းခံသည်။

"ဥယျာဉ်မှူး၊ သူ့ကို ဘယ်လိစ္ဆဝီမင်းသားမှ လက်မထပ်ရဘူး"

ဥယျာဉ်မှူးက အထိတ်တလန့် အမူအရာဖြင့် မော့ကြည့်သည်။ မဟာလိက အဝေးကိုမျှော်ကြည့်ရင်း စကားဆက်သည်။

"တခြား ဘယ်သူနဲ့မှလည်း လက်ထပ်ခွင့်မပေးဘူး။ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဦးနဲ့ လက်ထပ်ပေးလိုက်တာဟာ ဒီလူကို သေလမ်းပို့သလိုဖြစ်မယ်။ ဒီတော့ အမ္ဗပါလီဟာ နိုင်ငံပိုင်ပဲ ဖြစ်ရမယ်"

"နိုင်ငံပိုင်"

"အရှင် မဟာလိ"

ဥယျာဉ်မှူးက သမီးအတွက် စိတ်မသက်သာသည့် အမူအရာဖြင့် စောဒကတက်ရန်ကြံသည်။ အခြေအနေ သိသော မဟာလိက "ခဏနေဦး၊ ပြောစကား ဆုံးအောင် နားထောင်ဦး" ဟူသော အမူအရာဖြင့် လက်မြှ တားသည်။

"ဖွခင်တစ်ယောက်အနေနဲ့ မကြားချင်တဲ့စကားမှန်း ငါသိပါတယ် ဥယျာဉ်မှူး။ ဒါပေမဲ့ လိစ္ဆဝီတွေ မပျက်စီးအောင်၊ ဂဏနိုင်ငံတော်ကြီး ဆက်လက်စည်းလုံးညီညွတ်မှု ရှိအောင်၊ ဝေသာလီပြည် အဓွန့်ရှည်အောင် ဒီအစီအစဉ်ကလွဲပြီး အခြားနည်းလမ်းမရှိဘူး"

ဥယျာဉ်မှူး သဘောပေါက်သည်။ လိစ္ဆဝီမှန်လျှင် ကိုယ်ရေးကိုယ်တာထက် အများအရေးကိုကြည့်သည်။ အများအရေးထက် တိုင်းပြည်အရေးကြည့်သည်။ ခေါင်းဆောင်တာဝန်ယူနေရသော မဟာလိကိုယ်တိုင် ဤအရေးကို ခက်ခက်ခဲခဲ ဆုံးဖြတ်ရမှန်း သိသည်။ သူ့သမာဓိ၊ သူ့စိတ်ဓာတ်၊ သူ့နှလုံးသားကို ဥယျာဉ်မှူး ယုံကြည်ထားသည့်အလျောက် စောဒကတက်ဖို့ ခက်နေသည်။

"ဥယျာဉ်မှူး သင့်သမီးကို နိုင်ငံပိုင်ပြည့်တန်ဆာသတ်မှတ်ပေမယ့် ဂုဏ်သရေ ရှိအောင် ငါစီစဉ်ထားပါတယ်။ သူ့အတွက် မြေနေရာ သတ်မှတ်ပေးမယ်။ အဲဒီမြေဟာ ဝေသာလီနဲ့မခြားတန်ဖိုး ထားစေရမယ်။ ဒီမြေမှာ အဖိုးတန် အိမ်တစ်လုံး





ဆောက်ပေးမယ်။ အိမ်ဟာလည်း ဂဏသန္တနဲ့ မခြား ခံ့ညားစေ
ရမယ်။ သူ့အတွက် လခရိက္ခာထောက်ပံ့မယ်။ ဒါကိုလည်
နိုင်ငံတော်က ကျခံရမယ်။ သူ့ကို ပြုစုဖို့ အခြွေအရံတွေ
ထားပေးမယ်။ အဲဒီအခြွေအရံဟာလည်း နိုင်ငံ့ဝန်ထမ်း ဖြစ်စေရမယ်
ဥယျာဉ်မှူး၊ သင့်သမီးဟာ ပြည့်တန်ဆာမ လို့ သတ်မှတ်ခံရပေမယ့်
ငါတို့ ဂဏသန္တလူကြီးတွေလို အရာရောက်စေရမယ်။ အမ္ဗပါလီဟာ
နိုင်ငံတော်ရဲ့ အဆင်တန်ဆာ ဖြစ်ရပါစေမယ် ဥယျာဉ်မှူး"

မလှုပ်သာ မရှုန်းသာအောင် ကုပ်နှောင်ထားသည့် လိုက်
လျောချက်တို့ကြောင့် ဥယျာဉ်မှူး လက်ခံလိုက်ရသည်။

အမ္ဗပါလီသည် ဝေသာလီ၏ ပြည့်တန်ဆာမဘဝ ရောက်
ခဲ့တော့သည်။

× × ×

ပြည့်တန်ဆာမဆိုသော်လည်း အမ္ဗပါလီအပါးသို့ တော်
တန်ရုံလူ ကပ်နိုင်ခွင့်မရှိ။ တစ်ညတာ ပျော်ပါးလိုသောသူသည်
အဖိုးအခအဖြစ် အသပြာ တစ်ရာပေးရသည်။ အသပြာ
တစ်ရာဟူသည် သာမန်လူတို့ တစ်လရှာမရ၊ နှစ်လရှာမရ။ ဤသို့
အဖိုးအခ သတ်မှတ်မှုကြောင့် အမ္ဗပါလီအပါးသို့ သူဌေးသူကြွယ်
မင်းညီမင်းသား များသာ ကပ်နိုင်သည်။

ဘယ် လိစ္ဆဝီမင်းသားမဆို အမ္ဗပါလီထံ လာခွင့်ရှိသည်
တစ်ညတာ ပျော်ပါးခွင့်ရှိသည်။ ထိုသို့ ပျော်ပါးခြင်းအတွက် အသပြာ
တစ်ရာပေးရသည်။ မဟာလိ၏အစီအစဉ်ကို အများ နှစ်မြို့ကြသည်
ဝေသာလီ၏အလှမယ် အမ္ဗပါလီသတင်းသည် မရှိမ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းလုံး ကျော်ကြားသွားသည်။ အဆန်းတကြယ် အစီအစဉ် ဖြစ်၍ စူးစမ်းကြသည်။ လေ့လာကြသည်။ ထိုအထဲတွင် ဟာဇာဘုရင် ဗိမ္ဗိသာရပင် ပါခဲ့သည်။ အမ္ဗပါလီနှင့် ရင်းနှီးခွင့်ရသော ဗိမ္ဗိသာရသည် မထင်မှတ်ဘဲ သားတစ်ယောက်ပင် ရခဲ့သည်။ ထိုသားငယ် ဝိမလသည် နောင်တစ်ချိန်တွင် မြတ်ဘုရား၏ သာသနာတော်၌ ဝိမလကောဏ္ဍညမည်ထေရ်ဟု ထင်ရှားသော ရဟန္တာတစ်ပါး ဖြစ်ခဲ့သည်။ အမ္ဗပါလီသည်လည်း သားတော်ဝိမလ၏ အဆုံးအမကြောင့် သာသနာတော်တွင်း ရောက်လာသော ထေရီမကြီး ဖြစ်ခဲ့သည်။ ကိလေသာ ကုန်ခန်းသော ရဟန္တာမကြီး ဖြစ်ခဲ့သည်။

ရဟန္တာမကြီးမဖြစ်မီ ပြည့်တန်ဆာမအဖြစ် ဝဋ်ကြွေး ပေးဆပ်ခဲ့ရသည်မှာ ဝစီကြမ်းတမ်း နှုတ်သရမ်းခဲ့မှုကြောင့် ဖြစ်သည်။

အမ္ဗပါလီထေရီလောင်းသည် အထုပါရမီရှိသူ ဖြစ်သည်။ အရှင်မသည် ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းမအဖြစ် ကျင့်ကြံခဲ့သူဖြစ်သည်။ ဗုဒ္ဓဝတ်၊ ဓမ္မဝတ်၊ သံဃာဝတ် ကျေပွန်သူ ဖြစ်သည်။ တစ်ရက်တွင် ဘုရားစေတီပေါ် တက်ရောက်ကြည်ညို စဉ် ရင်ပြင်ထက်၌ ညစ်ပတ်နေသည်ကို တွေ့သည်။ ထိုအခါ နှုတ်သရမ်းသည့် အမ္ဗပါလီအလောင်းက "ဘယ်အမျိုးယုတ် စွန့်ပစ်ထားသလဲ၊ ပြည့်တန်ဆာမသာ ဒီအမှုမျိုးပြုတယ်" ဟု ဆဲရေးလိုက်သည်။

သူဆဲရေးလိုက်သည်ကိုခံရသူမှာ ကိလေသာ ကင်းမြတ်နေသော ရဟန္တာမကြီးတစ်ဦးဖြစ်သည်။ သွေးလေဖောက်ပြန်သဖြင့် သလိပ်ထနေသောကြောင့် အမှတ်တမဲ့ စွန့်မိခြင်း ဖြစ်သည်။ တစ်ပါးသူကို အနှောင့်အယှက်ဖြစ်စေမည်ဟု မတွေးမိ၍ စွန့်ခဲ့မိခြင်း ဖြစ်သည်။ ရဟန္တာမကြီးအနေဖြင့် မည်သို့မျှ ဥပဒ် မထား





သော်လည်း၊ အမ္ဗပါလီလောင်း ရဟန်းမမှာမူ အရိယာ ပုဂ္ဂိုလ်ကို စော်ကားခဲ့မှုကံကြောင့် ဝစီဒေါသ ထိတိုင်းရှခဲ့သည်။

အမ္ဗပါလီလောင်း ရဟန်းမသည် ထိုဘဝက တရားထူးရရန်ကျင့်ကြံခဲ့သည်။ ခန္ဓာဝန်၏ ပင်ပန်းမှုကို သိမှတ်ခဲ့သည်။ ပဋိသန္ဓေ နေရသည့်ဒုက္ခကို သိမြင်ခဲ့သဖြင့် နောင်ဖြစ်မည့် ဘဝတွင် အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းမရှိဘဲဖွားမြင်ရ၍ လူဖြစ်ရခွင့်ကို ပန်ဆင်ခဲ့သည်။ အရိယာတို့ ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ရကြောင်းလည်း ဆုပန်ခဲ့သည်။

အမ္ဗပါလီလောင်းသည် ထိုဘဝက စုတေသော် ရှုန့်ရင်းကြမ်းတမ်းသောစကားဖြင့် ရဟန္တာမကြီးအား ပုတ်ခတ်စော်ကားမိ၍ အဝီစိငရဲကျသည် ။ ထိုငရဲမှ လွတ်မြောက်ချိန်တွင် ဝေသာလီ၌ လူဖြစ်သည်။ သရက်ပင်တွင် သန္ဓေတည်ခဲ့၍ အမ္ဗပါလီဟု အမည်တွင်ခဲ့သည်။ ရဟန္တာမကြီးကို ပုတ်ခတ်စော်ကားမိသော စကားဒဏ်ကြောင့် ပြည့်တန်ဆာမအဖြစ် ဝဋ်ကြွေးပေးဆပ်ခဲ့ရပေသည်။

သင်ခန်းစာ

ဆဲရေးခြင်းသည် နာသူအဖို့ မကောင်း၊ ကြားသူအဖို့ မကောင်း ။ အများ မနှစ်သက်သော ဤစကားကြောင့် အပါယ်သို့ လားစေ၏။

ကျမ်းကိုး

ထေရီဝါဒန်၊အမ္ဗပါလီထေရီဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

# ပိယဝါစာ



www.burmeseclassic.com

www.burmeseclassic.com

# ပိယဝါစာ

တစ်ခုသော သံဃာသဘင်တွင် မြတ်ဘုရားသည် ကောင်းစွာဆိုအပ်သောစကားနှင့် ပတ်သက်၍ မိန့်၏။

"ရဟန်းတို့ ကောင်းစွာဆိုအပ်သောစကားကို မြတ်၏ ဟု သူတော်ကောင်းတို့ ဆို၏။ တရားနှင့်လျော်ညီသောစကား ဆိုရာ၏။ မလျော်ညီသောစကား မဆိုရာ။ ဤစကားကို ဒုတိယ အမြတ်ဆုံး ဟုဆိုရာ၏။ ချစ်ခင်ဖွယ်စကားကို ဆိုရာ၏။ ချစ်ခင် ဖွယ်မဟုတ်သောစကားကို မဆိုရာ။ ဤသည်မှာ တတိယ အမြတ်ဆုံး စကားဖြစ်သည်။ မှန်သောစကားကို ဆိုရာ၏။ မမှန်သောစကားကို မဆိုရာ။ ဤသည်မှာ စတုတ္ထအမြတ်ဆုံး စကားဖြစ်၏။"

ဤသို့ ဘုရားရှင်က ဆုံးမပြီးသည်နှင့် အရှင်ဝင်္ဂီသည် နေရာမှထ၏။ သင်္ကန်းကို ပြင်ရုံ၏။ မြတ်ဘုရားကို လက်အုပ်ချီမိုးလျက် "မှန်ပါမြတ်ဘုရား၊ မြတ်ဘုရား၏အဆုံးအမကို တပည့်တော် ကောင်းစွာသိမြင်ပါ၏" ဟု လျှောက်၏။ ထိုအခါ ဘုရားရှင်က "သင် ရှေးရှုထင်သည်ကို လျှောက်ပါလေ" ဟု ခွင့်ပြု၏။

ဘုရားရှင်၏ ခွင့်ပြုချက်ရသော အရှင်ဝင်္ဂီသည် ဦးညွှတ်လျက်ဆို၏။





"မှန်ပါ မြတ်ဘုရား၊ အကြင်စကားသည် မိမိကိုယ်ကို မပူပန်စေရာ၊ တစ်ပါးသူလည်း မညှဉ်းဆဲစေရာ၊ ထိုစကားသည်သာ ကောင်းစွာဆိုအပ်သောစကား ဖြစ်ပါ၏ဘုရား ..."

"မှန်ပါမြတ်ဘုရား၊ အကြင်စကားသည်နှစ်လိုဖွယ်ဖြစ်၏။ သူတစ်ပါးအားဆိုလျှင်လည်း မနှစ်မြို့ဖွယ်၊ ယုတ်မာသောစကားမဆိုဘဲ၊ ချစ်ဖွယ်စကားသာ ဆိုရာပါ၏ ဘုရား ..."

"မှန်ပါမြတ်ဘုရား၊ မှန်ကန်သောစကားဟူသည် အမြိုက်သုဓာဘုတ်နှင့်တူ၏။ ဤစကားသည် ရှေးရိုးအစဉ်အလာစကားဖြစ်၏။ မှန်သောစကား၊ အကျိုးရှိသောစကားကို သူတော်ကောင်းတို့ နှစ်သက်ပါသည် ဘုရား"

"မှန်ပါမြတ်ဘုရား၊ မြတ်ဘုရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း၊ ဆင်းရဲခြင်းကင်းကြောင်းစကားကို ဆို၏။ ထိုစကားသည် စကားတကာတွင် အမြတ်ဆုံးဖြစ်ပါ၏ ဘုရား"

မြတ်ဘုရားသည် စကားပြောဆိုရာတွင် ဆိုသင့်သော စကား၊ မဆိုသင့်သောစကားကို ပြဆိုန်၏။ ဝစီဒုစရိုက်မှ ဖြစ်သော စကားကြောင့် အပါယ်ငရဲနှင့် ဆင်းရဲကို ရောက်စေနိုင်၍၊ ဝစီ သုစရိုက်ရှိသော စကားကိုသာ ပြောဆိုရန် ဆုံးမလေ့ ရှိသည်။ ဤအကြောင်းကို ပုံပြင်သာဓကဆောင်၍ ဟောမိန့်လေ၏။

× × ×

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသည်။ ဘုရားလောင်းသည် ဗာရာဏသီ သူဌေးတစ်ဦး ၏ သားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားသည် အခြားသူဌေးသား သုံးဦးနှင့်အတူ ရွာလယ်ရှိ အရိပ်အာဝါသကောင်းသည့်ဇရပ်တွင် ကစားနေသည်။ ထိုအချိန် မုဆိုးတစ်ယောက်သည် တော၌အမဲပစ်ခတ်ပြီး ရောင်းချရန် လှည်းဖြင့်တင်လာသည်။ အမဲသားလှည်းကို သူဌေးသားတစ်ဦးက မြင်သော် အသားသွားတောင်းရန် အဖော်ညှိသည်။ ပြောပြောဆိုဆို ပင် လှည်းဆီပြေးသွားလျက် တောင်း၏။

"ဟယ် ... မုဆိုး၊ ငါ့အား အမဲသားပေးလော့"

ပထမသူဌေးသား၏ နှုတ်ထွက်စကားကို ကြားသော် မုဆိုး စဉ်းစားသည်။ ဤသူဌေးသားက ငါသူဌေးသားပဲဟူသော မာန သက်ဝင်နေသည်။ အလကားတောင်းသူဖြစ်လျက် မာန်တက် နေသည်။ သူ့စကားနှင့်လျော်ညီစွာပေးအံ့ ဟု စိတ်ကူးလျက် အရိုး၊ အရွတ်တို့ကို ကောက်ယူသည်။

"အို အဆွေ ... ပစ္စည်းတောင်းသူသည် ချစ်ဖွယ်ရာစကား သာ ဆိုသင့်သည်။ သင့်စကားမှာ နားမခံသာအောင် ခက်ထန် လွန်းသည်။ နာရသူ မနှစ်သက်။ သို့ဖြစ်၍ ဤအရိုးနှင့်အရွတ်သာ ယူလော့"

မုဆိုး၏စကားက သင့်လျော်နေသည်။ မမောက်မာသင့် ပါပဲလျက် မောက်မာစကားဆိုမိ၍ အရိုးသာရခဲ့သဖြင့် စိတ်မချမ်း မသာ ဖြစ်ရသည်။

ထိုအခြင်းအရာကိုမြင်သော ဒုတိယသူဌေးသားသည် အခြေအနေမှန်ကို ဆင်ခြင်မိသည်။ ပြောသင့်သည့်စကားကို အကောင်းဆုံးတွေးမိသည်။





"အို အစ်ကိုကြီး၊ ကျွန်ုပ်အား အမဲသားတုံး ပေးပါလော့"

ဒုတိယသူဌေးသား၏စကားကို မုဆိုး ဆင်ခြင်သည်။ လောက၌လူတို့သည် ကိုယ် ဟူသောစကားကို အစ်ကိုခေါ် ရာ၌ သုံးသည်။ မိမိကိုယ်ကို ထပ်တူပြု၏။ ကိုယ်နှင့်ထပ်တူစကား ဖြစ်၍ ခန္ဓာမှ အသား ရသင့်သည်ဟု တွေး၏။

"အဆွေ၊ သင်က ကျွန်ုပ်ကို ကိုယ်နှင့် ထပ်တူစကားဆို၍ အသားကိုယူလော့"

ဒုတိယသူဌေးသားအဖြစ်မြင်သော် တတိယသူဌေးသား သဘောပေါက်သွားသည်။ မုဆိုးထံ ရိုကျိုးသည့်အမူအရာဖြင့် ချဉ်းကပ်သည်။

"အဘ ... ကျွန်ုပ်အား အမဲသားတုံး ပေးပါ"

တတိယသူဌေးသား၏ပြောဆိုပုံကြားရသော် မုဆိုး၏ နှလုံးသား တုန်လှုပ်သွားသည်။ ကျေနပ်ပီတိ ဖြစ်မိသည်။

"အို သူငယ် ... အဘဟု ခေါ်လိုက်သည့် သင့်အသံသည် ကျွန်ုပ်၏နှလုံးကို တုန်ယင်သွားစေသည်။ ပီတိလည်းဖြစ်ရသည်။ သို့ဖြစ်၍ သင်ရထိုက်သည့် နှလုံးသားကို ယူသွားပါလေ ..."

ဘုရားလောင်းသူဌေးသားသည် အခြေအနေအရပ်ရပ်ကို မြင်တွေ့နေသည်။ ကြားသိနေသည်။ သို့ဖြစ်၍ လျောက်ပတ် သောစကား ဆိုရန် မုဆိုးအပါးသို့ ချဉ်းကပ်လိုက်သည်။

"အဆွေခင်ပွန်း ... ကျွန်ုပ်အား အမဲသားပေးပါ"

ဘုရားလောင်းသူဌေးသား၏စကားကြားသော် ရွှင်မြူး တက်ကြွသည့်အမူအရာဖြင့် မျက်နှာဝင်းပ သွားသည်။ မုဆိုးသည်



www.burmeseclassic.com

www.burmeseclassic.com



အမဲသားလှည်းကို အပ်လိုက်သည်။

"အလို ... ကျွန်ုပ် ဒီလောက်မလိုပါဘူး မိတ်ဆွေ၊ အမဲတစ်တုံး ရလျှင်ပင် လုံလောက်ပါပြီ"

"မဟုတ်ဘူး မိတ်ဆွေ ... သင် ခေါ်တဲ့ အဆွေခင်ပွန်း ဆိုစကားဟာ အလုံးစုံသောကိုယ်နှင့် တူပါတယ်။ အားလုံးကိုလည်း ခြုံငုံမိပါတယ်။ ချိုသာစကား ဆိုတတ်တဲ့ သင့်အဖို့ အမဲအားလုံးနဲ့ ထိုက်တန်ပါတယ်။" ယူပါ ... နှစ်သက်စွာပေးပါတယ်"

မိယဝါစာ နူတ်ချိုစွာပြောဆိုခြင်းကို လူတိုင်းနှစ်လိုသည်။ မက်မောသည်။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတွင် အခရာ ကျသည်။ ချစ်ဖွယ်စကားဆိုတတ်ခြင်းကြောင့် အရာရာပြီးစီး ပြည့်စုံနိုင်ပေသည်။

× × ×

သင်ခန်းစာ

ပျားရည်ကဲ့သို့ ချိုသာသောစကား ဆိုတတ်ခြင်းသည် အရာရာကို အောင်မြင်ပြီး ကြီးပွားချမ်းသာမှုဖြစ်စေသည်။

ကျမ်းကိုး

၅၅၀ ဇာတ်တော်(ဒု)တွဲ



## သမ္ဖပ္ပလာပ (အကျိုးမဲ့စကား)

အကျိုးမဲ့စကားပြောလျှင် ဝစီဒုစရိုက် ပြုရာကျသည်။ ၎င်း၊ တိရစ္ဆာန်၊ ပြိတ္တာ စသည့် နိမ့်သောဘုံ၌ ဖြစ်ရ၏။ အငယ်ဆုံး အပြစ်အားဖြင့် တစ်ဖက်သား က ပြောစကား မယုံ၊ အလေးဂရု မပြု၊ လှောင်ပြောင်မှုပင် ခံရတတ်သည်။

မြတ်ဘုရားက လောဘ၊ ဒေါသ၊ မောဟနည်းသော စကား ပြောရာ၏၊ ပြောသင့်သောစကားမှာ အလှူနည်းကြောင်း၊ ရောင့်ရဲ ကြောင်း၊ ဆိတ်ငြိမ်စွာနေကြောင်း၊ လောကီ အာမိသ မရောယှက် ကြောင်း၊ လုံ့လအားထုတ်ကြောင်း၊ သီလနှင့်စပ်ကြောင်း၊ သမာဓိ၊ ဝိပဿနာ၊ ဖိုလ်စကားနှင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ အာရုံပြုကြောင်း စကားသာပြောရာ၏ ဟု မိန့်၏။

သူတော်ကောင်းတို့သည် တိရစ္ဆာနကထာ (တိရစ္ဆာန်စကား) မပြောသင့်။ တိရစ္ဆာန်စကားဆိုရာ၌ မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်နှင့် စပ်သောစကား၊ စစ်သည်နှင့် စပ်သောစကား စသည်ဖြင့် စကား (၃၂) မျိုး ရှိသည်။ မပြောအပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



စကား စကား ပြောပါများ၊ စကားထဲက ငရဲရ …ဟူသော အဆိုရှိရာ ပြောပါများလျှင် ငရဲရတတ်သည်။ အနိမ့်ဆုံး လှောင်ပြောင်မှု ခံရတတ်သည်ကို 'အကျိုးမဲ့စကား' တွင် ဖတ်ရှုနိုင်ပါသည်။

အကျိုးရှိသော စကားဆိုသဖြင့် သူရောကိုယ်ပါ အကျိုးရစေသည်ကို 'ရွှေသဝဏ်လွှာ' တွင် ဖတ်ရှုလေ့လာ နိုင်ပေသည်။

ဆင်ခြင်ကုန်ရာ၏။



# အကျိုးမဲ့စကား



www.burmeseclassic.com

www.burmeseclassic.com

## အကျိုးမဲ့စကား

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ပညာရှိအမတ်ကြီး ဖြစ်သည်။

ထိုမင်းတွင် အလွန်စကားများသော ပုရောဟိတ်တစ်ယောက် ရှိသည်။ ပုရောဟိတ်သည် အကြောင်းမရှိ အကြောင်းရှာလျက် စကားပြောလေ့ရှိသည်။ တစ်ဖက်သား နားမခံသာလောက်အောင် ပေါက်ပေါက်ဖောက်သည့် အလား တဖြောက်ဖြောက် မြည်အောင် စကားဆိုသည်။

"အရှင်မင်းကြီး၊ လောကတစ်ခွင်လုံး သာယာ၏။ ဗာရာဏသီပြည်သည် အေးချမ်း၏။ ထိုသို့ အေးချမ်းခြင်းမှာ အရှင်မင်းမြတ်၏ အကျင့်မြတ်ကြောင့် ဖြစ်ဘိ၏"

အကြောင်းမဲ့ ချီးမွမ်းစကားဆိုနေသော ပုရောဟိတ်ကြောင့် မင်းကြီးစိတ်ညစ်ညူးရသည်။ မနှစ်မြို့သည့် အမူအရာပြ၏။ သို့သော် ပုဏ္ဏားက မရပ်။ ဆိုမြဲဆို၏။

"အရှင်မင်းကြီး၊ သူတော်ကောင်းတရားကို နှစ်လို၏။ အကျင့်မြတ်ဟုလည်း ဆို၏။ သူတော်ကောင်းတို့ ပြုကျင့်၏။ အများပြည်သူတို့ နှစ်လိုခြင်းမှာ အရှင်မင်းကြီး၏ အကျင့်မြတ်ကြောင့် ဖြစ်ဘိ၏"

မြတ်ပန်းရုံစာပေ



ဘုရားရှင်က သူတော်ကောင်းတို့သည် လောဘ၊ ဒေါသ၊ မောဟ နည်းကြောင်းတရားနှင့်စပ်သော စကား(၁၀)မျိုးသာ ပြောသင့်ကြောင်းမိန့်သည်။ ၎င်းတို့မှာ အလိုနည်းကြောင်း စကား၊ ရောင့်ရဲကြောင်း စကား၊ ဆိတ်ငြိမ်စွာ နေကြောင်း စကား၊ လောကီအာမိသ မရောယှက်ကြောင်း စကား၊ လုံ့လအားထုတ်ကြောင်း စကား၊ သီလစကား၊ သမာဓိစကား၊ ဝိပဿနာစကား၊ ဖိုလ်စကားနှင့် မဂ်ဖိုလ်နိဗ္ဗာန်အာရုံပြုကြောင်း စကားတို့ ဖြစ်သည်။ တိရစ္ဆာနကထာ ဟုဆိုအပ်သော တိရစ္ဆာန်စကား မပြောသင့်ဟု ဆုံးမသည်။ တိရစ္ဆာန် စကားဆိုရာ၌မင်းနှင့်စပ်သော စကား၊ အမတ်နှင့်စပ်သော စကား၊ စစ်သည်နှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သော စကား ဟူ၍ စကား(၃၂)မျိုး ရှိသည်။ ဤစကားမျိုးသည် အကျိုးမဲ့၏။

ပုရောဟိတ်ကြီးသည် ဆီလို အပေါက်ရှာလျက် အကျိုးမဲ့စကားပြောလွန်းသဖြင့် မင်းကြီးက မနှစ်မြို့။ ဆုံးမရမည့် နည်းလမ်းရှာနေသည်။

တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်တော်သို့ထွက်ခဲ့သည်။ မြို့တံခါးဝအနီးရှိ ညောင်ပင်အောက်တွင် ခေတ္တ ရပ်နားသည်။ အနားယူသည့်ညောင်ပင်ကို အမှတ်တမဲ့ကြည့်မိသည်။

"ဒီညောင်ပင်က အရွက်တွေ အကောင်းပကတိ တစ်ရွက်မှ မရှိပါလား"

"မှန်ပါတယ် အရှင်မင်းကြီး"

"သစ်ရွက်တိုင်း အပေါက်ရာနဲ့ချည်း ပါလား"

မြတ်ပန်းရုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်ဘုရား၊ ဒါ ငဆွံ့ လက်ချက်ပါ"

"ဆွံ့၊ ဘယ်လို ငဆွံ့ လက်ချက်လဲ ဟဲ့"

"မှန်ပါဘုရား၊ ဟောဒီ ဗာရာဏသီမြို့မှာ စကားမပြောတတ်ဘဲ ဆွံ့အနေတဲ့ သူငယ်တစ်ယောက် ရှိပါတယ်။ သူဟာ စကားမပြောတတ်ပေမယ့် ကျောက်စရစ်ပစ်တဲ့ အတတ်မှာတော့ သူမတူအောင် စွမ်းပါတယ် ..."

"ကျောက်စရစ်ပစ်ခတ်အတတ်၊ ဒါဆိုရင် ဒီသစ်ရွက်တွေ ပေါက်ပြဲနေတာ ငဆွံ့ လက်ချက်ပေါ့"

"မှန်ပါတယ်မင်းကြီး၊ သူဟာ သစ်ရွက်မှာ ဆင်ရုပ်၊ မြင်းရုပ်ပေါ် အောင် ကျောက်စရစ်ခဲနဲ့ ပစ်နိုင်ပါတယ် ... ကလေးတွေက သူ့အစွမ်းသိတော့ အဖိုးအခပေးပြီး ပစ်ခိုင်းရင် ပစ်ပြပါတယ် ..."

"ဪ ... စွမ်းဆောင်နိုင်သကိုး"

"မှန်ပါမင်းကြီး၊ စောစောက ဒီသစ်ပင်အောက်မှာ ငဆွံ့နဲ့ ကလေးတွေ ရှိနေပါတယ်။ အရှင်မင်းကြီးထွက်လာလို့ ထွက်ပြေးသွားတာပါ"

မင်းကြီးသည် ထိုစကားကိုကြားသော် တွေဝေ စဉ်းစားနေသည်။

× × ×

မင်းကြီးသည် မင်းချင်းတစ်ယောက်ကို စေလွှတ်လျက် ငဆွံ့ကို ခေါ်စေသည်။ မရှိမရဲ လိုက်လာသည့် ငဆွံ့ကို ကျောက်စရစ်စွမ်း ပြစေသည်။ စေခိုင်းသည့်အတိုင်း စွမ်းဆောင်နိုင်သော် အားရ ကျေနပ်သွားသည်။





"ငဆွံ့၊ လူတစ်ယောက်ရဲ့ ပါးစပ်ပိတ်အောင် သင့် အစွမ်းနဲ့ ဆောင်ရွက်နိုင် မလား ..."

"မှန်ပါမင်းကြီး၊ ဆိတ်ချေး တစ်ကွမ်းစားရရင် တတ်နိုင်ပါတယ်"

"သည်အတွက် ငါ စီစဉ်ပေးမယ် ..."

မင်းကြီးသည် ငဆွံ့ကို နန်းတော်တွင်း လျှို့ဝှက်စွာ ခေါ်ယူလိုက်သည်။ အပေါက်ဖောက်ထားသော ကန့်လန့်ကာတွင် ထားပြီး၊ ဆောင်ရွက်စေလိုသည်ကို ညွှန်ကြားသည်။

ပုရောဟိတ်ကြီးသည် မင်းကြီးကို ခစားရန်ရောက်လာသည်။ ရောက်မဆိုက်ပင် စကားအစချီလျက် ပြောသည်။

ဖောက် ...။

ငဆွံ့ပစ်လိုက်သည့် ဆိတ်ချေးလုံးသည် ပုရောဟိတ် ပါးစပ်တွင်း တန်းတန်းမတ်မတ် ဝင်သွားသည်။ ဆိတ်ချေးဝင်သည်ကိုပင် ဝင်မှန်းမသိသော ပုရောဟိတ်က စကားဆက်ပြောသည်။

ဖောက် ... ဖောက်။

ကန့်လန့်ကာပေါက်တွင်းက အဆက်မပြတ် ထွက်လာသော ဆိတ်ချေးလုံးများသည် တစ်လုံးပြီးတစ်လုံး ပုရောဟိတ် ပါးစပ်တွင်း ပြေးဝင်တုန်သည်။ ဆိတ်ချေး တစ်ကွမ်းစား ဝမ်းတွင်း ရောက်သွားသည့်တိုင် ပုရောဟိတ်က မရိပ်မိချေ။

"အချင်း ပုရောဟိတ်၊ ဆိတ်ချေးနံ့ မရဘူးလား"

"အင် ... ဆိတ်ချေး ... ဆိတ်ချေး နံ့"

"သင့်ပါးစပ်ထဲဝင်သွားတဲ့ ဆိတ်ချေးလုံးက တစ်လုံးမှအပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာဘူး။ ဝမ်းထဲချည်း ဝင်ကုန်ပြီ။ ဆိတ်ချေးစင်အောင် ငှရေနဲ့ ဝမ်းနုတ်ချေဦးတော့"

"အယ် ... အုံ ခလု"

မင်းကြီးက ပြောလိုက်မှ ပုရောဟိတ်ကြီးက ရွံရှာဟန်ဖြင့် ပျို့သည်။ အန်ခွေ့ပုံဖြစ်သည်။ ပရိသတ်အလယ်တွင် အရှက်တကွဲ ဖြစ်ရသည်။ အကြောင်းမရှိ အကြောင်းရှာ၊ အကျိုးမရှိသည့် စကား ပြောတတ်သောပုရောဟိတ်သည် သူ့အပြစ်သူ နားလည်သွားသည်။

"စကား စကား ပြောပါများ၊ စကားထဲက ငရဲရ" ဟူသည့် အတိုင်း တိရစ္ဆာန်စကားပြောခြင်းကြောင့် အများကို ပြုရာရောက်သည်။ မပြောအပ် မပြောသင့်သည်ကို ပြောမိသဖြင့် အကျိုးမရ အပြစ်သာ ရတတ်သည်ကို ပုရောဟိတ်ကြီး ရိပ်စားမိလေ၏။

× × × ×

သင်ခန်းစာ


အကျိုးမရှိသော စကား မပြောအပ်။ ပြောခြင်း ကြောင့် ငရဲသို့ လားရာ၏။

ကျမ်းကိုး

၅၅၀ ဇာတ်၊ သာလိတ္တကဇာတ်

မြတ်ပန်းရုံစာပေ

# ရွှေသဝဏ်ဍှာ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေသဝဏ်လွှာ

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော"
ဟိတာယ သဗ္ဗပါဏိနံ"
"ဓမ္မော လောကေ သမုပ္ပန္နော
သုခါယ သဗ္ဗပါဏိနံ"
"သံဃော လောကေ သမုပ္ပန္နော
ပုည ခေတ္တံ အနုတ္တရံ"

ဗာရာဏသီမင်းသည် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ဆောင်၏ အပေါ်ဆုံးတွင် တစ်ကိုယ်တည်း လှုပ်ရှားနေသည်။ ရွှေပြားထက်ကို ကညစ်စူးတံဖြင့် ဂါထာကိုရေးပြီး တစ်ခေါက်ပြန်ဖတ်လိုက်သည်။

ဗုဒ္ဓေါ၊ သဗ္ဗညုတဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ထင်ရှား ပွင့်တော်မူပါပေပြီ။

ဗာရာဏသီမင်းသည် သူရေးထားသည့်စာလွှာကို တစ်ခေါက်ထပ်ဖတ်သည်။ အသံထွက်ဖတ်လိုက်ရာ ရင်တစ်ခုလုံး သိမ့် သိမ့် တုန်မျှ ကြည်နူးသွားသည်။





မိတ်ဆွေ ကပ္ပဝါဟနမင်းကို လောက၌ ဘုရားပွင့်တော်မူပြီ ဟု အသိပေးလိုက်နိုင်သဖြင့် ကြည်နူးသွားသည်။

လွန်ခဲ့သောရက်သတ္တပတ်က ကပ္ပဝါဟနမင်း၏ သံတမန်တွေ ရောက်လာသည်။ အရေးကြီး၊ အဖိုးတန်ပစ္စည်းများ သယ်လာသည်ဟူသောအဓိပ္ပာယ်ဖြင့် အဆင့်မြင့် သံအမတ်ကို စေလွှတ်သည်။ ကပ္ပဝါဟနမင်း ပေးပို့လိုက်သော သဝဏ်လွှာကိုလည်း ဖတ်ကြား တင်လျှောက်သွားသည်။ သဝဏ်လွှာ၏ ဆိုလိုရင်းမှာ ထူးထူးခြားခြားတော့မဟုတ်။ "အဆွေတော်အတွက် ထူးခြားသည့် လက်ဆောင် ပို့အပ်ပါသည်" ဟု ပါရှိသည်။

လက်ဆောင်ပဏ္ဏာ ပို့သည်ဖြစ်စေ၊ မပို့သည်ဖြစ်စေ အကြောင်းမဟုတ်။ ရင်းနှီးကျွမ်းဝင်သည် ဟူသော အပြုအမူ တွေ့ရလျှင်ပင် ကျေနပ်ရသည်။

ပေးပို့သည့်လက်ဆောင်က အလွန်နူးညံ့သည့် ကမ္ဗလာနီ ရှစ်ထည်။ ထိုရှစ်ထည်ကို ဆင်စွယ်ကြုတ်တွင်ထည့်သည်။ ၎င်းကြုတ်ကို တံတင်း၌ ထည့်သည်။ တစ်ဖန် ပုဆိုးကြမ်းဖြင့် ထုပ်လျက် မင်းတံဆိပ်ရိုက်နှိပ်သည်။ ထိုပစ္စည်းကိုပင် တခမ်းတနားပို့လာသဖြင့် ကျေနပ်ပီတိ ဖြစ်ရသည်။

ကပ္ပဝါဟနမင်း၏ မိတ်ရင်းဆွေရင်းအနေဖြင့် ဆက်ဆံမှု ချစ်ခင်ကျွမ်းဝင်မှုကို ဘယ်ပုံအယ်နည်း တုံ့ပြန်ပေးဆပ်ရမည်ကို ကြိမ်ဖန်များစွာ စဉ်းစားခဲ့သည်။ သာလွန်သော လက်ဆောင်ပေးရန် ကြံစည်သည်။ သို့သော် တစ်ရက်နှစ်ရက်နှင့် အဖြေမပေါ်။ မထင်မှတ်သော အတွေးတစ်ခု ရလိုက်သဖြင့် ထခုန်မိမတတ် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာရှိသည့် ရတနာအားလုံးထက် ဘုရား၊ တရား၊ သံဃာဟူသောရတနာသည်သာ မြတ်၏။ သာလွန်၏။

ထိုသို့တွေးမိသည်နှင့် ရွှေစင်ပြားကို ဘဏ္ဍာတိုက်မှ ထုတ်ယူလျက် ဂါထာရေးရန် ပြာသာဒ်ပေါ်တက်ခဲ့မေသည်။

× × ×

ဓမ္မော၊ တရားတော်သည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သုခါယ၊ ချမ်းသာအလို့ငှာ။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

သံဃော၊ သမ္ဗုတိ အရိယာသံဃာတော်အပေါင်းသည်။ အနုတ္တရံ၊ အတုမရှိသော။ ပုည ခေတ္တံ၊ ကောင်းမှုပြုရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်လျက်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် လောကသားတို့ အကျိုးအတွက် ပေါ်ပေါက်လေပြီ ဟု အသိပေးလိုက်နိုင်သဖြင့် ကြည်နူးနေသည်။

ထိုဂါထာရေးပြီးသည်နှင့် ပြုကျင့်ရမည့်လမ်းညွှန်ချက်ပါ ထည့်သွင်း ရေးလိုက်သည်။

"အဆွေတော် ... ရတနာသုံးပါးကို ယုံယုံကြည်ကြည် ဆည်းကပ်ပါ။ သီတင်းသီလစောင့်ပါ။ တရားဘာဝနာ ပွားခြင်းဖြင့် ဈာန်သမာပတ်ရအောင်ပြုပါ။ ထိုမှတစ်ဆင့်တက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာကို ဆင်ခြင်လျက် ဘာဝနာပွားပါ။ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ ပြုကျင့်ပါလော့"

မြတ်ပန်းရဂုံစာပေ



သိအပ်သည်၊ ပြုအပ်သည်ကို အပြည့်အစုံ ရေးသွင်းပြီးနောက် ရွှေပေလွှာကို သေချာစွာလိပ်လိုက်သည်။ နံ့သာဖြူကြုတ်တွင် ထိုရွှေပေလွှာကို ထည့်လျက် ချိပ်နှိပ် မင်းတံဆိပ်ရိုက်သည်။ ထို့နောက် စန္ဒကူးသား တံတင်းတွင် ထိုကြုတ်ကို ထည့်သည်။ ထို့နောက် သံသေတ္တာ၊ ထိုသေတ္တာကို ငွေသေတ္တာတွင် ထည့်သည်။ ထို့နောက် ငွေသေတ္တာကို ရတနာကိုးပါး စီခြယ်ထားသည့် သေတ္တာတွင် ထည့်လျက် တံဆိပ်ခပ်နှိပ်သည်။

လက်ဆောင်ပစ္စည်းကို သံတမန်များလက် အပ်ပြီး "ငါ့ အဆွေတော်ကို ငါညွှန်ပြတဲ့အတိုင်း ကျင့်ကြံပါလို့ ငါက အသိပေးကြောင်း" လျှောက်တင်ကြ ဟု စေသည်။

× × ×

ကဋ္ဌဝါဟနမင်းသည် လက်ဆောင်ပစ္စည်းကို တံလေးတစား အဆင့်ဆင့်ဖွင့်သော် ရွှေပေလွှာကိုတွေ့သည်။ ရွှေပေလွှာတစ်ခုကို ဤမျှ ခမ်းခမ်းနားနား ပို့လာပုံကြောင့် ပြုံးမိသည်။ "ဪ ... ငါ့မိတ်ဆွေက ရိုးပါဘိနော့" ဟုတွေးလိုက်သည်။ ရွှေပေလွှာတစ်ပြားကို လက်ဆောင်အဖြစ်ပို့ပုံမှာ ပြည်ထောင်အချင်းချင်း မင်းအဖို့ ကြီးကျယ်သည်မဟုတ်။ ထိုအရာကိုပင် တခမ်းတနားပေးပို့သည့်အစွက်ပြုံးမိသည်။ သို့သော် ရွှေပေလွှာထက်ရေးထားသော စာကို အမှတ်မထင် ဖတ်လိုက်သည်။ စာတစ်ကြောင်းဖတ်လိုက်ရုံဖြင့် တုန်လှုပ်သွားသည်။ ဝမ်းသာစိတ်ဖြင့် လူတစ်ကိုယ်လုံး ဆောက်တည်ရာမရသလို ဖြစ်သွားသည်။ ထို့နောက် ရွှေသဝဏ်လွှာကို ဖြန့်ဖတ်လိုက်သည်။

ဟယ်...။

မြတ်ပန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွင့်ပြီဟူသော အသံကြောင့် ခေတ္တမျှ မှင်တက်မိသွားသည်။ ဝမ်းသာပီတိစိတ်ကြောင့် မလှုပ်မရှက် ဖြစ်သွားသည်။

"ဘုရား ပွင့်ပြီ ဆိုပါလား ..." မှု တုန်ယင်စွာ ရေရွတ်လိုက်သည်။

သတ္တဝါတို့၏ ချမ်းသာရေးအလို့ငှာ တရားတော်လည်း ပေါ်ပြီ။ ကောင်းမှုပြုရာ လယ်မြေကောင်းသဖွယ်ဖြစ်တဲ့ သံဃာတော်တွေလည်း ပေါ်ပြီတဲ့။ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါး ပေါ်ပြီတဲ့။ အို... ချစ်ခင်ရသောဟာရာဏသီမင်း ။ သင်ဟာ အကျိုးရှိတဲ့ စကားလက်ဆောင် ပို့လိုက်တာပါလား ... ကျေးဇူးကြီးလှပါဘိတော့။

ကပ္ပဝါဟနမင်းသည် ရွှေပေလွှာကို ရင်ခွင်တွင်းပိုက်လျက် မျက်လုံးမှိတ်ကာ စဉ်းစားသည်။ "အင်း ... ကမ္ဘာတစ်သိန်း အသက်ရှည်သော်လည်း ဤသတင်းမျိုးက ရဖွယ်မရှိ။ ကံထူးလို့ ရတနာသုံးပါးနှင့် ဆုံစည်းရတာပဲ။ အခွင့်သင့်၊ အခါကြုံတုန်း လက်မလွှတ်အောင် ကြိုးစားရမယ် ...."

ကပ္ပဝါဟနမင်းသည် ရတနာသုံးပါးကို ရည်ရွယ်လျက် ဦးခိုက်သည်။ ဟာရာဏသီမင်း လမ်းညွှန်သည့် အတိုင်း ကျင့်ကြံအားထုတ်သည်။ သေလွန်သော် ကမ္ဘာဝစရနတ်ဘုံသို့ ရောက်၏။

× × ×

သင်ခန်းစာ

**အကျိုးရှိသောစကားကို ပြောရာ၏၊ အကျိုးဖြစ်၏၊**

ကျမ်းကိုး

**၅၅၀ ဇာတ်တော်**

**မြတ်ပန်းရဂုံစာပေ**

## အဘိဇ္ဈာ (မနာလိုခြင်း)

အဘိဇ္ဈာ၏တရားကိုကောက်လျှင် လောဘဖြစ်သည်။ အဘိဇ္ဈာ၏ အဓိပ္ပာယ်မှာ မနာလိုခြင်း ဖြစ်သည်။ သူတစ်ပါး စည်းစိမ်ရှိသည်ကို မနာလိုခြင်း၊ သူတစ်ပါး ရာထူးဂုဏ်သိမ်ရသည်ကို မနာလိုခြင်း၊ ယင်း မနာလိုမှုကြောင့် သူ မရအောင်ကြံပြီး ကိုယ်ရအောင် ကြိုးစားခြင်း ဖြစ်သည်။

သူတစ်ပါးစည်းစိမ်ကို လိုချင်ရုံဖြင့် အဘိဇ္ဈာ မဖြစ်သေးဘဲ၊ လုပ်ကြံမှသာ အဘိဇ္ဈာဖြစ်သည်။ ဥပမာ ... သူတစ်ပါး ကားစီးသည်ကိုကြည့်ပြီး ထိုကားကြီးမျိုး စီးချင်ရုံဖြင့် အဘိဇ္ဈာ မဖြစ်ပေ။ ထိုကားစီးနိုင်အောင် ထိုသူ ကားပေါ်မှ ဆင်းသွားရအောင် လုပ်ကြံမှသာ အဘိဇ္ဈာ ဖြစ်သည်။

မနာလို ဝန်တိုစိတ်ဖြစ်မှုကို ချေဖျက်ရန်မှာ မေတ္တာစိတ်သာဖြစ်သည်။ သူတစ်ပါး ချမ်းသာခြင်းကို မရှုဆိတ်ရာမရှိ။ ကိုယ့်ထဲက ဘာမှ ပါမသွား။ ဝမ်းသာစိတ်ဖြင့် မုဒိတာပွားလျှင် အေးငြိမ်းသည်။ သူကြီးပွားရာ၊ ကိုယ်က မနာလို၊ ကိုယ်ကြီးပွားရာ သူက မနာလိုဖြစ်လျှင် မနာလိုရာက တိုက်ခိုက်မှု ဖြစ်လာမည်။ တိုက်ခိုက်လျှင် ပျက်စီးသွားမည်။

**မြတ်ပန်းရဂုံစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အဘိဇ္ဈာ မနောလိုစိတ်ကြောင့် တိုက်ခိုက်သဖြင့် တစ်ပါးသူ ပျက်စီးပြီး ကိုယ်လည်း ထို ကံထိုက်သည့် အဖြစ်အပျက်ကို "တစ်သက် နှစ်ဘဝ" တွင် ဖတ်ရှုနိုင်ပါသည်။

မနောလို ဝန်တိုစိတ် ကင်းပြီး သူတစ်ပါး ကြီးပွားသည်ကို မုဒိတာဖြစ်သည့် အတွက် စိတ်ချမ်းသာရသည့် အဖြစ်ကို "အမျိုးကုသိုလ်" တွင် ဖတ်ရှုနိုင်ပါသည်။



# တစ်သက်နှစ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com

## တစ်သက် နှစ်ဘဝ

သောရေယျမြို့သည် စီးပွားရေးကောင်းမွန်ပြီး ကုန်သွယ်ရောင်း ဝယ်မှုဖြင့် စည်ကားသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ထိုမြို့တွင် ကုဋေ လေးဆယ် ကြွယ်ဝသော သူဌေးကြီးရှိသည်။ အများက သောရေယျ သူဌေး ဟု ခေါ်ကြသည်။ သူ၏သားကိုလည်း သောရေယျ သူဌေးသား ဟုမင် အမည်တွင်စေသည်။

သူဌေးသားသည် အဆင်းရူပါ လှသည့်အပြင် ယောကျ်ား ကောင်း ပီသသော အသွင်ရှိသည်။ စီးပွားဥစ္စာနှင့် ရုပ်ရည်ပြည့်စုံ သဖြင့် နှစ်သက်သူ များသည်။ သောရေယျ သူဌေးသားသည် သူနှစ်သက်သော ရုပ်ရည် ;ချောမော လှပသည့် မိန်းကလေး တစ်ယောက်ကို လက်ဆက် ထိမ်းမြားလိုက်သည်။

ကြောင့်ကြပူပင်စရာမရှိသော သူဌေးသားသည် လောကီ စည်းစိမ် အပြည့်ခံစားရင်း ကာမဂုဏ်ရေယာဉ်ကြောတွင် နစ်မျော မှန်းမသိ နစ်မျောနေမိသည်။ သောက်လေ သောက်လေ ငတ်မပြေ နိုင်သော ဆားငန်ရည် သောက်မိသည့် အလား ကာမစည်းစိမ်ကို ရောင့်ရဲမှု မဲ့စွာ နေထိုင်ခဲ့သည်။

မြတ်ပန်းရဂုံစာပေ



တစ်နေ့တွင် သောရေယျသူဌေးသားနှင့် သူငယ်ချင်း တစ်စုသည် ဂင်္ဂါမြစ်ကမ်းတွင် ရေချိုးရန် ဆင်းလာသည်။ ထိုအချိန် အရှင်မဟာ ကစ္စည်း မထေရ်သည် သောရေယျမြို့တွင်း ဆွမ်းခံကြွလာသည်။ မြို့တွင်းသို့ မဝင်မီ မြစ်ဆိပ်တွင် ရေသပ္ပါယ်သည်။ ရေချိုးနေသော အရှင်မြတ်ကို သောရေယျ သူဌေးသား မြင်လိုက်သည်။

"အလို ..."

အဆင်းရူပါကို စုံမက်နှစ်သက်သည့် သောရေယျသူဌေး သားသည် အရှင်မြတ်၏အဆင်းကို မြင်သော် ရှုတ်တရက် မှင်တက် မိသွားသည်။ စူးစူးနစ်နစ်အကြည့်နှင့် ကြည့်သည်။ သွား နေရာမှ ရုပ်တန့်လျက် ငေးငိုင်နေသောသူ့ကို သူငယ်ချင်းက လည်ပြန် လှည့်ကြည့်သည်။

"သောရေယျ ... ဟေ့ သူငယ်ချင်း။ မင်းဘာဖြစ်တာလဲ။ ငါ ခေါ်နေတာ မကြားလောက်အောင် ကြက်သေ သေနေတာ ဘာကို မြင်လို့လဲ"

"အင်း ... ဟို ... ဟို ၊ ဘာမှ မဟုတ်ပါဘူး"

သူငယ်ချင်းဖြစ်သူက ခေါ်လိုက်မှ သူ သတိရသွားသည်။ တဒင်္ဂအတွင်း ခံစားလိုက်ရသည့်ဝေဒနာတ သူ့နှလုံးသားကို ရိုက် ခတ်သွားသည်။ ရဟန်းအပေါ် လွဲမှားသောအမြင်၊ မဖြစ်သင့်သော အတွေးရောက်မှုကို စန်ခံရခက်သဖြင့် စကား လွှဲလွှဲ လိုက်ရသည်။ သို့သော် အရှင်မြတ်၏ အဆင်းရူပါရုံကို မြင်လိုက်သည်နှင့် "ဤ ရဟန်းသာ ငါ့ဇနီးဖြစ်က ကောင်းလေစွ" ဟု တွေးလိုက်မိသည်။

မြတ်ဝန်းရဂုံစာပေ

www.burmeseclassic.com



ထိုမထားရှိအပ်သော အတွေးကြောင့် မထင်မှတ်သော အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့သည်။

"အို ... ဘယ်လိုဖြစ်တာလဲ။ ငါ့အဖြစ်က လူကြားလို့ မတော်၊ လူမြင်လို့ မသင့်တဲ့ အဖြစ်ပါလား ..."

သောရေယျသူဌေးသားသည် ကျူးလွန်မိသောအပြစ်ကြောင့် ပုရိသလက္ခဏာ ကွယ်သွားသည်။ ဣတ္ထိယလက္ခဏာ အစားထိုး ပေါ်လာသည်။ ထိုအဖြစ်ကို သူသာလျှင်သိသည်။ သူ့အဖြစ်ကို မသိသောသူငယ်ချင်းများက ရေချိုးရင်း တရင်းတနှီး ပွဲဖက်၊ စကြ မြူကြသည်။ အချင်းချင်းသာ ကြားကောင်းသည့် စကားများဖြင့် နောက်ပြောင်ကြသည်။

သောရေယျသူဌေးသားသည် ရှက်စိတ်ဖြင့် သူ့သူငယ်ချင်းများနှင့် ဝေးရာသို့ ထွက်ပြေးခဲ့တော့သည်။

× × ×

သူငယ်ချင်းများနှင့်ပင် မျက်နှာချင်းမဆိုင်ဝံ့သော အနေအထားသာမက အိမ်သူဇနီးမယားနှင့်လည်း ရင်မဆိုင်ဝံ့။ မိဘများကိုလည်း အသိမပေးဝံ့။ ကြံရာမရဖြစ်ကာ သောရေယျမြို့နှင့် ဝေးရာသို့ ပြေးခဲ့တော့သည်။

လမ်းခရီးတွင် တက္ကသိုလ်ပြည်သို့ပြန်မည့် ကုန်သည်လှည်းများနှင့် ဆုံစည်းသည်။ ဝေးရာအရပ်သို့သာ ရောက်လိုစိတ်ရှိသဖြင့် ထိုလှည်းများကို နောက်ယောင်ခံလိုက်ခဲ့သည်။

"ဟဲ့ ကလေးမ၊ မင်းက တစ်ယောက်တည်း ဘယ်သွားမလို့လဲ"

"ဦးကြီးတို့ကရော ..."





"ဟော ... အဟော ဟော၊ တို့က သောရေယျကို ကုန်ရောင်းကုန်ဝယ်နဲ့လာတဲ့ ကုန်သည်တွေ ... ရောင်းချပြီးလို့ တက္ကသိုလ်ပြည် ပြန်ကြမှာ ..."

"ဟုတ်ကဲ့၊ ကျွန်မလည်း အဲဒီတက္ကသိုလ်ပြည် သွားမှာပါ။ ဒီက ဦးကြီးတို့နဲ့ ခရီးကြုံ လိုက်ချင်လို့"

"ဟော ... အင်း၊ ဟုတ်ပြီလေ ...။ ဒါဆိုလည်း လှည်းပေါ်တက်။ ဒီခရီးကို မင်းလို နုနယ်တဲ့ မိန်းကလေးက ခြေကျင်လျှောက်လို့ ဘယ်ဖြစ်မလဲ"

မိမိကို မိန်းကလေး တစ်ဦးနှယ် အဦးဆုံး ခေါ်ပြောခံရသဖြင့် ရှက်ရွံ့ ရွံ့မိသည်။ သို့သော် ကိုယ့်အခြေအနေ ကိုယ်သာ သိပြီး ကိုယ့် အသွင်အပြင်နှင့် လိုက်လျောညီထွေ ဆက်ဆံခံရသဖြင့် အနည်းငယ်တော့ စိတ်သက်သာရာ ရသွားသည်။

သောရေယျသည် ကုန်သည်ခေါင်းဆောင်၏ ဖိတ်ခေါ်မှုကို အလွယ်တကူလက်ခံလျက် လှည်းကြုံစီးလိုက်ခဲ့သည်။ ခရီးအတန်ကြာ သွားမိသည့်အခါ တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားသည်။ သောရေယျသည် ယောက်ျားဘဝမှ မိန်းမဘဝ ကူးပြောင်းလာရသည်ကို ဖုံးကွယ်လျက် တစ်ဖက်သားက သနားလာအောင် ဇာတ်လမ်းဆင်ပြော၏။ ကုန်သည်ခေါင်းဆောင်သည် စိတ်ရင်းကောင်းသူ ဖြစ်၍ စာနာ၏။ ပွင့်ပွင့်လင်းလင်း တိုင်ပင်ဖြစ်သည်။

သည်သို့နှင့် တက္ကသိုလ်ပြည်ရောက်ပြီး မကြာမီမှာပင် တက္ကသိုလ်က သူဌေးကြီး၏သားနှင့် လက်ထပ်ဖြစ်ခဲ့သည်။

ယောက်ျားဘဝ မှ မိန်းမသားအဖြစ် ရောက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သောရေယျသည် ထိုသူဌေးသားနှင့် ကလေးနှစ်ယောက်ရခဲ့သည်။ သောရေယျသူဌေးသား အဖြစ်နှင့် အိမ်ထောင်ကျစဉ် သားနှစ်ယောက်၊ ယခု မိန်းမသား အဖြစ်နှင့် သားနှစ်ယောက် ဖွားမြင်ခဲ့သော သူ့ဘဝသည် ဆန်းကြယ်လှသည်။ ပြောရှင် ယုံဖွယ်ရာပင် မထင်။

ဤသို့ ကျရာအရပ်၊ ဖြစ်ရာဘဝ ရှင်သန်နေစဉ် မျှော်လင့်မထားသော သူ့သူငယ်ချင်းက တက္ကသိုလ်ပြည်သို့ ရောက်လာသည်။ ကုန်သွယ်ရန်လာသော သူငယ်ချင်းကမူ သူ့ကိုမမှတ်မိ။ သူကပင် အိမ်သို့ဖိတ်ခေါ် ကျွေးမွေး ဧည့်ခံပြီး အကျိုးအကြောင်း ရှင်းပြရသည်။

"ဟာ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရာ ... ဒီအကြောင်းကို အစက သိခဲ့ရင် ဒီအဖြစ်မျိုး မကြုံရဘူး။ အေးလေ ဖြစ်ပြီးမှတော့ ကံ လို့ပဲ မှတ်ယူပေါ့၊ ဒါပေမဲ့ ..."

သူငယ်ချင်းက သူ့စကားမဆက်ဘဲ တွေဝေစဉ်းစားနေသည်။

"ဘာ ဒါပေမဲ့လဲ သူငယ်ချင်း"

"ဒီလိုကွ၊ ရဟန္တာအရှင်မြတ်ကြီးကို စိတ်နဲ့ပြစ်မှားမိတဲ့ မင်း အနေနဲ့ အရှင်မြတ်ကြီးကို တောင်းပန်ရမယ်။ ဝန်ချကန်တော့ ရမယ်။ အရှင်မြတ်ကြီးက သည်းခံခွင့်လွှတ်တယ်ဆိုရင် ဒီနေ့ မင်းခံစားနေရတဲ့ ဝဋ်ကျွေးတွေ ကျေရော ..."

"ဒါ တကယ်ပဲလား ..."

"အရိယူပဝါဒကံ ထိုက်ရင် ဒီလို ချေဖျက်ရတယ်"

"ဒါဆို ..."





သောရေယျသည် သူငယ်ချင်းအကူအညီဖြင့် တက္ကသိုလ်ပြည်၌ ခေတ္တရောက်နေသော အရှင်မြတ်ကြီးကို ပင့်ဖိတ်သည်။ ဆွမ်းလုပ်ကျွေးသည်။ ထို့နောက် ဝန်ချတောင်းပန်လျက် အပြစ်ကို ချေဖျက်လိုက်သည့်အခါ မူလ ယောကျ်ားဘဝကို ပြန်ရခဲ့သည်။

သောရေယျသူဌေးသား အဖြစ်အပျက်သည် ကြားရလျှင် ယုံဖွယ်ပင် မရှိ။ သို့သော် ဘုရားရှင်လက်ထက်က မနောကံအမှု ကျူးလွန်သဖြင့် ဤသို့ဖြစ်ခဲ့သော သူဌေးသားအကြောင်းက အထင်အရှားရှိသည်။ သူဌေးသားသည် ဆန်းပြားသောအဖြစ်ကို ဆင်ခြင်လျက် သံဝေဂ ရသဖြင့် ရဟန်းဘောင်သို့ ကူးပြောင်းခဲ့သည်။ ဘုရားရှင် လမ်းညွှန်သည့်အတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ ရဟန္တာအရှင်မြတ်ကြီး ဖြစ်ခဲ့ပေသည်။

× × ×

**သင်ခန်းစာ**

မနောကံဒုစရိုက်ဖြင့် ကျူးလွန်စေကာမူ အပြစ်သည် သေးငယ်သည်ဟု မမှတ်ယူရာ။ ကျူးလွန်သည့်အပြစ်အလျောက် ငရဲနှင့် ဆင်းရဲဒုက္ခခံစားရပေသည်။

**ကျမ်းကိုး**

ဓမ္မပဒါဌကထာ၊ သောရေယျဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

# အမျှကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

# အမျှကုသိုလ်

"ဘုန်းတော်ကြီးတော်မူပေသော မြတ်ဘုရား၊ အကြွင်းသူဟာ တပည့်တော်ပိုင်တဲ့ လယ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်ပါတယ်"

"ဟုတ်တယ် ... ဟုတ်တယ်။ သင့်လယ်တွေ မီးရှို့တာ ကျုပ်ပဲ"

"အကြွင်းသူဟာ တပည့်တော်ရဲ့ နွားတွေကို ဒုက္ခပေးတယ်။ လယ်အလုပ်မှာ ခိုင်းမရအောင် ခုနစ်ကြိမ်တိုင်တိုင် ခြေကိုဖြတ်တောက်ပါတယ်"

"အမှန်ပဲ၊ အဲဒါလဲ ကျုပ်ပဲ သုမန"

"အကြွင်းသူဟာ တပည့်တော်ရဲ့အိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးပါတယ်"

"ဒါပဲ၊ အဲဒီအမှုပြုတာလဲ ကျုပ်ပဲ"

"အခုတစ်ဖန် မြတ်ဘုရားသီတင်းသုံးဖို့ ဆောက်လှူထားတဲ့ ဂန္ဓကုဋီတိုက်ကို မီးရှို့ပြန်ပါတယ်"

"အဟေး၊ ခုတော့ အထိနာပြီမဟုတ်လား သုမန။ သင့်စိတ်ငြိုငြင်နေပြီမဟုတ်လား။ သင့်တစ်သက်တာမှာ အမြတ်နိုးဆုံးပစ္စည်းကို မီးရှို့ဖျက်ဆီးတာမြင်ရတော့ သင်ဝမ်းနည်းနေပြီမဟုတ်လား"

ကျွန်ုပ်သည် သုမနသူဌေးကို အပြစ်ပေးလိုက်နိုင်၍ ဝမ်းသာနေသည်။ အကျိုးမဲ့စကားဆိုသော သုမနသူဌေးကို ကလဲ့စား ချေချင်သည်။





အဖြစ်က ဘာရယ် ညာရယ် မဟုတ်။

ကျွန်ုပ်သည် ပစ္စည်းဥစ္စာခိုးယူစားသောက်သည့် ညလူတစ်ယောက်။ သည်တော့ ညဉ့်နက်သန်းခေါင်၊ သူတစ်ပါး အိပ်ချိန် လှုပ်ရှားလေ့ရှိသည်။ ညဉ့် အပြင်ထွက်လေ့ရှိသော ကျွန်ုပ်သည် မိုးလင်းပိုင်းတွင် မြို့ပြင်ဇရပ်၌ အိပ်လေ့ရှိသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ပုဆိုးခြုံလျက် အိပ်စက်နေစဉ် လူသံတချို့ကြားရသည်။ ကျွန်ုပ်အိပ်နေရာအရပ်သို့ စုရုံးရောက်ရှိလာပြီး အရေးတကြီး စကားပြောနေသဖြင့် မအိပ်စက်ဘဲ နားစွင့်ထားလိုက်သည်။

"အချင်းတို့၊ ဒီလူရဲ့ လက္ခဏာကြည့်ရင် ရိုးဖြောင့်သူ မဟုတ်ဘူး။ ပေကျံနေတဲ့ ခြေထောက်ကိုကြည့်ရင် ဒီလူဟာ ညလူ ဖြစ်လိမ့်မယ်..."

သည်စကားဆိုသည့် သူဌေးမျက်နှာကို ကျွန်ုပ် ကောင်းကောင်း ကြည့်ထားလိုက်သည်။

"နေဦး၊ စကားလုံးနဲ့ နှိပ်စက်တဲ့သင့်ကိုတန်ပြန်နှိပ်စက်လိုက်မယ်"

ဤသို့ တေးထားခဲ့သည်။ ခုတော့ အကျိုးမဲ့စေအောင် တုံ့ပြန်လိုက်သဖြင့် ဝမ်းနည်းနေမည်ဟု တွက်လိုက်သည်။ ရင်ထဲက ကျိတ်ပျော်နေမိသည်။

"မှန်လှပါရှင်တော်ဘုရား၊ တပည့်တော်ရဲ့လယ်ယာကို မီးရှို့ပေမယ့် အမျက်ထွက်ခြင်း မရှိခဲ့ပါ"

"အလကား၊ လူညာ... ကိုယ့်အကျိုးကို ဖျက်ဆီးတာ အမျက်မထွက်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသုမန လျှောက်တင်စကားကြောင့် ရင်ထဲက ယားကျိကျိ ဖြစ်ရသည်။ အမျက်မရှိကြောင်း သိရလေလေ ရင်ထဲက ဒေါထရလေလေ။ သုမနသူဌေး အကျိုးမဲ့အောင် ကြံဆောင်အံ့ ဟု တွေးလျက် သူ့နွားတွေကို ခြေဖြတ်သည်။ သူ့ အိမ်ကို မီးရှို့သည်။ ယင်းသို့ ဒုက္ခပေးသည့်တိုင် သူဌေးသုမနမှာမူ တုန်လှုပ်ခြင်း မရှိသည်ကို တွေ့ရသည်။ သူ ဘာကြောင့် မတုန်လှုပ်သည်ကို တွေးကြည့်သည်။

အကယ်၍ လူသည် သူအတွယ်တာဆုံး၊ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံးပစ္စည်းသာ ဆုံးရှုံးလျှင် မတုန်လှုပ်ဘဲ မနေနိုင်။ သူဌေးသုမန မြတ်နိုးသည့်ပစ္စည်းကို စုံစမ်းကြည့်သည်။ မြတ်ဘုရား သီတင်းသုံးရန် ဆောက်လှူထားသည့် ဂန္ဓကုဋီတိုက် ဖြစ်မှန်းသိသည် နှင့် မီးတင်ရှို့လိုက်သည်။

"ဘုန်းတော်ကြီးသောမြတ်ဘုရား။ ဒီဂန္ဓကုဋီကျောင်းဆောင်ဟာ တပည့်တော် တန်ဖိုးထားတဲ့ အဆောက်အအုံပါ။ လှူစဉ်က အကောင်းဆုံး စိတ်ကူးနဲ့ တည်ဆောက် လှူဒါန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီထက်သာတဲ့ဂန္ဓကုဋီ ဆောက်လှူချင်တဲ့ဆန္ဒ ဖြစ်လာပါတယ်။ ဆန္ဒရှိပေမယ့် လှူခွင့် မသာခဲ့ပါ"

ကျွန်ုပ်သည် သုမနသူဌေး လျှောက်တင်စကား နားထောင်နေရင်း နားမလည်နိုင်အောင် ဖြစ်နေသည်။ ပစ္စည်း ဥစ္စာအပေါ် တွယ်မက်စိတ်ကြောင့် ဒေါသဟုန်းဟုန်း တောက်နေမည်။ ဝမ်းနည်းနေမည်ဟု တွေးထားရာ ဝမ်းမနည်းသည့်အပြင် တက်ကြွနေပုံကြောင့် အံ့သြမိသည်။





"မှန်ပါ မြတ်ဘုရား၊ အကြွင်းသူရဲ့ ကောင်းမှုကြောင့် တပည့်တော် ကြံစည်ထားသမျှ အထမြောက်ပါပြီ။ ကျေးဇူးရှင်ရဲ့ စေတနာကြောင့် ကျောင်းလွှတ်ပွဲကြီးကို တစ်ကြိမ်တစ်ဖန် ကျင်းပနိုင်ခဲ့ပြန် ပါပြီ။ ဒီပြုရတဲ့ကုသိုလ်အဖို့ကို ဦးစွာပထမ အကြွင်းသူအား မျှဝေပါ၏ ဘုရား ..."

"ဟယ် ..."

ကျွန်ုပ်သည် အံ့အားသင့်စွာ ရေရွတ်မိသည်။

သုမနသူဌေးသည် ကျောင်းလွှတ်ပွဲ ကျင်းပချိန်၌ မိမိအကြောင်းကို မကောင်းပြောငြားက ဒုက္ခပေးရန် တွက်ထားသည်။ ထိုပါးစကားဆိုလျှင် အသက်ကိုပင် ရန်ပြုရန် စိတ်ကူးမိသည်။ သို့သော် အပြစ်မတင်ရုံသာမက ကျေးဇူးရှင်ဟု သတ်မှတ်လျက် ကုသိုလ်အဖို့ အမျှပေးဝေနေသဖြင့် တဒင်္ဂမျှ အံ့သြဝမ်းသာ နေမိသည်။

ကျွန်ုပ်သည် မိမိအမှားကို ချက်ချင်းသိလိုက်သည်။ တောင်းပန်မှ သင့်မည်ဟု တွက်လျက် လူပုံအလယ်မှာပင် သူဌေး သုမန၏ ခြေ အစုံကို ဖက်လိုက်မိပေတော့သည်။

"သင် ဘယ်သူလဲ"

"ကျွန်... ကျွန်တော်... မှား... မှားမိပါတယ် သူဌေး"

ကျွန်ုပ်က အမှားကို သည်းခံပါ ဟု ပြောပြီး ဖဝါးကို ဦးခေါင်းဖြင့်တိုက်လျက် တောင်းပန်မိသည်။ အကျိုးအကြောင်း မသိ၊ နားမလည်သော သူဌေးသုမနက မေးသည်။ ကျွန်ုပ်သည် သူဌေးအပေါ် အကောက်ကြံစည်သမျှတို့ကို တစ်ခုမကျန် ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီလိုကိုး ။ ကဲ ကဲ ထားပါ။ သင်နဲ့ငါဟာ မသိပါဘဲ လျက် အဘယ်ကြောင့် ဤမျှ အငြိုးအတေးကြီးစွာ ပြုမူပါသလဲ"

ကျွန်ုပ်သည် သူဌေးမင်းက ဇရပ်ပေါ်၌ ကျွန်ုပ်အိပ်နေစဉ် ပြောမိသောစကား၊ ယင်းစကားကြောင့် ငြိုးမာန်ဖွဲ့မိပုံကို ရှင်းပြလိုက်သည်။

"သြော်...ရင်လေးတဲ့အမှု ငါပြုမိပေသကိုး။ ဒီအမှားကို ငါ ပြုမိတယ်။ ဒီအတွက် သည်းခံပါ။ သင်ပြုတာကိုလဲ ငါသည်းခံ ပါတယ်"

"ဝမ်းသာပါတယ်သူဌေး၊ အကယ်၍ ခွင့်လွှတ်ရိုးမှန်ရင် အရှင့် အပါးမှာ မှားမိတဲ့အတွက် ကျေးဇူးဆပ်ပါရစေ"

"ရှိပါစေ ... စကားပြောမှားရုံနဲ့ ဒီလောက်အကျိုးမဲ့စေရင် အတူနေက အမှားတွေထပ်ပြီး ဒုက္ခကပ် ငါ့မှာ ဆိုက်ရုံပဲရှိမယ်၊ သင့်ကြောင့် လုံ့ခွင့်ရတာပဲ ကျေးဇူးတင်လှပါပြီ"

ကျွန်ုပ်သည် သူဌေးသုမန အကျိုးပျက်အောင် ကြံစည် လျက် ဖျက်ဆီးခဲ့၏။ သဒ္ဓါအားကြီးသော သုမနကမူ ပျက်စီးအောင် ဖျက်ဆီးသည့်အတွက် မငြိုငြင်၊ အကောင်းမြင် စိတ်ဖြင့်တွေးလျက် သူ့သဒ္ဓါအားတိုးအောင်ကြံစည်နိုင်ပုံမှာ အံ့သြလောက်ပေတော့သည်။

သင်ခန်းစာ

သဒ္ဓါစိတ်သည် အားကြီးက ဣသာ၊ မစ္ဆရိယတို့ကို လွှမ်းမိုးနိုင်ပေသည်။

ကျမ်းကိုး -

ဓမ္မပဒ၊ ဒဏ္ဍဝဂ်၊ မြေပြိုတ္တာဝတ္ထု၊

မြတ်ပန်းရဂုံစာပေ

## ဗျာပါဒ (ဝန်တိုခြင်း)

မနောဒုစရိုက်သုံးပါးတွင်ပါသော ဗျာပါဒဟူသည် မိမိပိုင်ပစ္စည်းကို တစ်ပါးသူအား ပေးရန် တွန့်တိုခြင်းဖြစ်သည်။ မစ္ဆရိယစိတ်ပင်။ ရာထူး၊ ဂုဏ်သိမ်၊ စည်းစိမ်ကို တစ်ပါးသူအား မျှဝေပေးရန် တွန့်တိုသည်။ တစ်ပါးသူက မိမိနှင့် တူညီသွားမည်ကို တွန့်တိုသည်။ ဤစိတ်ကြောင့် ဒါန အစရှိသော ကုသိုလ်စိတ်များ ပျက်စီးသွားရ တတ်ပေသည်။

ဗျာပါဒစိတ်ကြောင့် မကောင်းမှု ဒုစရိုက်အမှုကို လွယ်လင့် တကူ ကျူးလွန်တတ်သည်။ ထို့ကြောင့် အပါယ်ငရဲနှင့် ဆင်းရဲကို ကျတတ်သည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ "ကုဋ္ဌေလေးဆယ် တန် ဖွဲ့တစ်ဆုပ်" တွင် ဖတ်ရှုနိုင်ပါသည်။

အကုသိုလ် ဒုစရိုက်ဖြစ်သော ဗျာပါဒစိတ်ကို နိုင်အောင် တိုက်ခိုက်နိုင်သဖြင့် ကုသိုလ် သုစရိုက်မှုအလုပ် ပြုနိုင်သည်ကို "ကေ သာဋကာ" တွင် ဖတ်ရှုနိုင်ပါသည်။

အကုသိုလ် ပါး၍ ကုသိုလ် များကြပါစေ ...။

မြတ်ပန်းရဂုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကုဋေလေးဆယ်တန်ပွဲတစ်ဆု



www.burmeseclassic.com

# ကုဋ္ဋေလေးဆယ်တန် ပွဲတစ်ဆုပ်

မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ မဂဓမင်း စိုးစံသည်။

ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးဖြစ်သည်။ အမည်က သင်္ခတည်း။

ထိုအချိန်က ဗာရာဏသီပြည်တွင်လည်း ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေး ရှိ၏။ အမည်က ပီဠိယ။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မတွေ့ဖူးသော်လည်း သတင်းစကားဖြင့် ရင်းနှီးနေသည်။ အဆက်အဆံရှိသည်။ တစ်ဦးထံ တစ်ဦး လက်ဆောင်များပို့လျက် ကျွမ်းဝင်မှုကို ပြသည်။

တစ်ချိန်တွင် ပီဠိယသည် ဘေးဆိုးနှင့်ကြုံသည်။ အရောင်းအဝယ်ပျက်ပြားလျက်ရှိသည်။ စည်းစိမ်အားလုံး ကုန်ဆုံးသွားသည်။

ဆင်းရဲသည်ကို မကြုံဖူးသော ပီဠိယသည် အထူးတုန်လှုပ်ချောက်ချားသွားသည်။

"ငါဘယ်လို အသက်ရှင်ရမလဲ ... လူ့လောကထဲ ဘယ်လိုရပ်တည်ရမလဲ"

ပီဠိယသည် ဆောက်တည်ရာမဲ့ အမူအရာဖြင့် ညည်းညူသည်။

"ဘာကိုများ ဒီလောက်ပူပန်ရတာလဲ သူဌေးရယ် ... သင့်မှာ အပေါင်းအသင်း မရှိတာ ကျနေတာပဲ"





"ဟေ ..."

"ရာဇဂြိုဟ်ပြည်သူဌေးဟာ ရှင့်သူငယ်ချင်းမဟုတ်လား၊ မိတ်ဆွေသင်္ဂဟဆိုတာ အရေးအကြောင်းရှိရင် ကူညီကြတယ် ... သူငယ်ချင်းသူဌေးတစ်ယောက်လုံး ရှိနေလျက်နဲ့"

"ဟဲ့၊ သူရှိတာ ငါ့ရှိတာမှ မဟုတ်တာ ..."

"ခက်ပါလား ... သူဌေးမှာ မရှိတာ ထုတ်ပြောစရာ မလိုပါဘူး။ ကိုယ့်မရှိတာ ပြောပြ။ အကြောင်းပြပြီး အကူအညီတောင်း .. ကံမကောင်းလို့ စီးပွားပျက်ရပေမယ့် သူဌေးမှာအကြံဉာဏ်ရှိတာ ... လုပ်တတ် ကိုင်တတ်တာ ရှင့်မိတ်ဆွေ သိနေတာပဲ"

"အင်း ..."

ဇနီးသည်က ဂယနဏ ရှင်းပြမှ ပီဠိယ သဘောပေါက်သွားသည်။ ဘာလုပ်သင့်သည်ကို တွေးမိသွားတော့သည်။

× × ×

"ဟာ ... သူငယ်ချင်း။ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတာပါလား။ လာမယ်ဆိုရင် အကြောင်းကြားရောပေါ့။ ရထား အကြိုလွှတ်လိုက်တာပေါ့"

ပီဠိယနှင့်ဇနီးသည်သည် တစ်ခါမျှ မတွေ့ဖူးသော ရာဇဂြိုဟ်ပြည်သူဌေးထံ စွန့်စားလာခဲ့သည်။ ရှေးကဆိုလျှင် ကိုယ်ပိုင်ရထား၊ အခိုင်းအစေ၊ ခြွေရံသင်းပင်းတွေနှင့် ခမ်းခမ်းနားနား သွားဖြစ်မှာ သေချာသည်။ သူဌေးအချင်းချင်း မျက်နှာ မငယ်ရအောင် အဆောင်အယောင်တွေ ဖန်တီးသွားမိမှာ သေချာသည်။ ခုတော့ ကြွားစရာလည်းမရှိ ဟန်လုပ်စရာလည်း မရှိ။ လင် ကိုယ် မယား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း တာရာဏာသီမှ ရာဇဂြိုဟ်အထိ ခြေကျင်လျှောက်ခဲ့ရသည်။ ပင်ပန်းပုံက ပြန်ပြော၍ပင် မတတ်တော့။

ရာဇဂြိုဟ်သူဌေး၏ ခမ်းနားထယ်ဝါသည့် အိမ်ဂေဟာ မြင်တော့ အရှိန်ကြောင့် တွန့်နေပြန်သည်။ ရွံ့နေပြန်သည်။

အိမ်ပေါက်တံခါးဝ ရပ်လိုက်သည် နှင့် သူဌေးသခ်၏ ကျေးကျွန်များက ပြုံးရွှင်သည့် အမူအရာဖြင့် စုံစမ်းသည်။

"သင်တို့သူဌေးရဲ့ မိတ်ဆွေပါ"

သည်စကား ဆိုလိုက်ရုံဖြင့် ဝင်းတံခါး ဖွင့်သည်။ ခရီး ဦးကြိုပြုသည်။ တာရာဏာသီသူဌေး ကြွလာတယ် ... ဟု သတင်းပေးလိုက်သည်နှင့် သူဌေးတို့ ဇနီးမောင်နှံ အပြေးအလွှား ထွက်လာသည်။

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ ... မမြင်ဖူးပေမယ့် ရင်းနှီးနေတဲ့ မိတ်ဆွေကို ခုလို ပါးတွေနားတွေ တွေ့ရတော့ ဘယ်လို ဝမ်းသာ မိမှန်း မသိဘူး"

"ကျုပ်လည်း ဒီလိုပါပဲ ။ ဒါပေမဲ့ ကျုပ်ကတော့ မိတ်ဆွေလို ဝမ်းမသာနိုင်ဘူး"

"ဟင် ..."

"ကျုပ်အဖြစ်အပျက်နဲ့ကျုပ်ဘဝက ပျော်ရွှင်ဝမ်းသာ ရမယ့် အနေအထားတွေ ပျောက်သွားပြီ"

"ဟုတ်လား ... ပြောပါဦး"

ပီဋ္ဌိယသည် သူ့အဖြစ်အပျက် အလုံးစုံကို တစ်ဖက်သား သနားလာအောင် ပုံချဲ့လျက်ပြောလိုက်သည်။ တစ်ဖက်သား





အပေါ် စာနာတတ်သော သခ်က စုတ်တသတ်သတ်၊ ခေါင်း တညိတ်ညိတ် ဖြင့် နားထောင်နေသည်။ ပီဋ္ဌိယစကား ဆုံးသော် ပခုံးကို သိုင်းဖက်လိုက်သည်။

"ဒါဝမ်းနည်းစရာလား မိတ်ဆွေရာ၊ ကျုပ်လိုမိတ်ဆွေ တစ်ယောက်ရှိနေသားနဲ့ စိတ်ဆင်းရဲခံနေသေးတယ်။ ကျုပ် ကူညီမယ်"

"ဗျာ ..."

"ကျုပ်က ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ ရာဇဂြိုဟ်သူဌေးပါ မိတ်ဆွေရဲ့"

"ဟုတ် ... ဟုတ်ကဲ့"

"မိတ်ဆွေဟာ စီးပွားရှာတတ်တဲ့လူ၊ ဘယ်လိုချမ်းသာ အောင် လုပ်ရမယ်ဆိုတာ သိတဲ့လူ။ ဒီလိုလူမျိုးကိုကူညီဖို့ ကျုပ်က နောက်တွန့်နေမယ် ထင်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်မှာက ခြူး တစ်ပြားတောင် မရှိတော့ဘူး"

"ကျုပ်ပေးမယ်။ခင်ဗျားရင်းနှီးဖို့ ကုဋေလေးဆယ်ပေးမယ်"

"ဗျာ ..."

"ပြီးတော့ ယုံကြည်စိတ်ချရတဲ့ ကျုပ်ရဲ့လက်ရုံးတပည့်တွေ ထည့်ပေးလိုက်ဦးမယ်။ ဒီငွေနဲ့ ကိုယ့်ဘဝပြန်ထူမတ်အောင်လုပ်ပါ"

"တကယ်လား သခ်"

"ရော့... ခက်ပါလား ။ ကဲ ရှင်မ။ ကျုပ်မိတ်ဆွေက မယုံဘူး ထင်တယ်။ ငွေတိုက်ထဲက ငွေကုဋေလေးဆယ် သွားယူစမ်း။ အရင်းအနှီးအဖြစ် ပေးလိုက်စမ်း။ ဒီမယ် မိတ်ဆွေ ။ ဒီငွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချမ်းသာ အောင်လုပ်။ ခင်ဗျားပြေလည်မှ ပြန်ပေး။ အရေးရှိရင် ကူညီရမှာ မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားလေ ...”

ရာဇဖြိုဟ်သူဌေးက ရုတ်ရက်ရောရော ကူညီသဖြင့် မယုံနိုင်အောင်ဖြစ်ပြီး တာဒင်မျှ ငိုင်နေလေတော့သည်။

× × ×

ကံတရားကို ကြိုမမြင်သော သူဌေးသခ်နှင့် သူဌေးပီငွီယသည် လောကဓံ၏ လှည့်စားမှုကြောင့် မျက်စိပင်လည်သွားသည်။

တစ်ဖက်သားကို ရက်ရက်ရောရောကူညီခဲ့သော သူဌေးသခ်သည် မမျှော်လင့်ဘဲ မွဲသွားသည်။ သူဌေးသခ် မ,တည်ပေးသော ကုဋေလေးဆယ်ဖြင့် စီးပွားပြန်ရှာသော ပီငွီယမှာ ကြိုကြိုတက်ချမ်းသာနေသည်။ ဒုက္ခရောက်ချိန်တွင် ရှေးကကူညီဖူးသော ပီငွီယကို သတိသွားရသည်။

သူဌေးသခ်သည် ဇနီးသည်နှင့်အတူ တာရာဏသီသို့ ထွက်ခဲ့သည်။

“သူငယ်ချင်းရေ ... ကျုပ်တော့ ခင်ဗျားတုန်းကလိုပဲ ကံဆိုးသွားရပြီ။ ရှိတဲ့ စည်းစိမ် ကုန်သွားလို့ ပြန်ရှာနိုင်အောင် ကူညီပါဦး”

ဤစကားပြောမည်ဟု စိတ်အားထက်သန်စွာ လာခဲ့သော သခ်သည် အိမ်ခြံဝအရောက်တွင် မထင်မှတ်သည့်စကား စ ကြားရသည်။

“သူဌေး အလုပ်များနေလို့ ဘယ်ဧည့်သည်မှ အတွေ့မခံနိုင်ပါဘူးတဲ့”

“ကျုပ်က ဧည့်သည်မဟုတ်ပါဘူး။ သူ့ သူငယ်ချင်း သခ်ပါ”





“ဟုတ်ကဲ့၊ ဒီက ပြောပြလို့ ရာဇဖြိုဟ်ကသူဌေးသခ်တို့ ဇနီးမောင်နှံ ရောက်လာကြောင်း ပြောပြပါတယ်။ အလုပ်မအားလို့ ညနေစောင်းလောက်မှ လာတွေ့ပါတဲ့”

သူလာလျှင် ပျာပျာသလဲထွက်ကြိုမည်။ အကျိုးအကြောင်း စုံစမ်းမည်။ သူ့သတင်းကြားလျှင် စိတ်မကောင်းခြင်း ကြီးစွာဖြစ်လျက် လိုက်လိုက်လှဲလှဲ ကူညီပေလိမ့်မည်ဟု တွက်ထားမိသည်။ သို့သော် ကြုံရသည့် ဆက်ဆံရေးကြောင့် အဝေးမှလာခဲ့ရသည့် သူဌေးသခ် အံ့ဩသွားရသည်။

“ဪ ... ဟုတ်ပါပြီ။ ဒါဆိုလဲ သူဌေးအားလောက်ချိန်မှ တစ်ခေါက်ပြန်လာပါမယ်။ လောလောဆယ်တော့ မြို့ပြင်ဇရပ်မှာ စောင့်နေပါမယ်”

သူဌေးပီငွီယ ဧည့်ထောက်ခံကြိုဆိုပုံကြောင့် စိတ် မချမ်းမသာ ဖြစ်သွားသည်။ သို့သော် ဇနီးသည်သိလျှင် ပို စိတ်ဆင်းရဲမည်စိုးသဖြင့် ဘာမျှ မဖြစ်သယောင် ဆောင်နေလိုက်သည်။

ယုတ်မာရက်စက်သည့် သူဌေးပီငွီယကမူ ရာဇဖြိုဟ်သူဌေး သတင်းကို ကြိုကြားထားပြီးဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ဒီပုံစံဖြင့် ရောက်လာမည်ကို တွေးမိသည်။ အကယ်၍ ရောက်လာလျှင် သူ့ထံမှ ချေးလာသည့် ငွေကုဋေလေးဆယ် ပြန်ပေးရမည်ကို နှမြောနေသည်။ သူ ဆင်းရဲတုန်းကလို ပြန်ကူညီဖို့မဆိုထားနှင့် ကူညီထားသည့်ငွေ ပြန်မပေးရရေးကို ကြံစည်နေမိသည်။

အဘက်ဘက်က မြင်ဆင်ပြီး အတွေ့ခံချိန်တွင် သူဌေးပီငွီယက မျက်နှာထား တင်းနိုင်သမျှ တင်းထားသည်။ ဖော်ရွေမှု



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သုဉ်းနေသော အမူအရာဖြင့် မေးလိုက်သည်။

"ဘာလာလုပ်လဲ"

"အင်း ... ပြောရရင်တော့ အရှည်ကြီးပါပဲ မိတ်ဆွေရာ"

"ရှည်ရင်တော့ မပြောနဲ့ဗျာ၊ ကျုပ်မှာ အချိန်မရှိဘူး"

"ဟင် ..."

"ဟုတ်တယ်၊ လတ်တလော ကုန်သဘော်တွေ ထွက်ဖို့ ပြင်ဆင်နေတယ် ။ ခင်ဗျားလဲ ပြောစရာရှိတာ ပြောပြီး ခပ်သုတ်သုတ်သာ ပြန်တော့"

"ဪ ... ဒါဟာ မိတ်ဆွေကောင်းရဲ့ ဧည့်ထောက်ခံမှုလား။ ကျုပ် ရာဇဂြိုဟ်က ခြေကျင်လျှောက် လာရတယ်။ ခရီးလမ်းမှာပဲ ပါလာတဲ့ရိက္ခာ ပြတ်ပြီး ထမင်းမစားရသေးတာ နှစ်နပ်ရှိပြီ။ ဒီမယ် ပီငိုယ၊ ကျုပ်ဆီ ခင်ဗျား လာတုန်းက ဒီပုံစံနဲ့ ကြိုဆိုခဲ့သလား"

"ဘာလဲ ... ရန်လာတွေ့တာလား၊ ဒါတရာဏာသီ။ ဒါဟာ ပီငိုယသူဌေးရဲ့ အိမ်ဝင်း"

"ဪ ... ကောင်းပြီလေ၊ ဒီလိုသိရတာ ကောင်းပါတယ်။ ကဲ လိုရင်း ပြောရရင် ကျုပ်ဆီကယူထားတဲ့ ငွေကုဋေလေးဆယ် ပြန်ယူချင်တယ်"

"ဘာ ကုဋေလေးဆယ်၊ ကျုပ်လိုသူဌေးက ခင်ဗျားဆီက ငွေ ယူတယ်။ အဟားဟားဟား၊ ဘေးကကြားရင် ယုံနိုင်တဲ့စကား ပြောပါ သခ်ရယ်။ ယုတ္တိမတန်တဲ့စကား၊ လူဟားစရာ ဖြစ်ပါမယ်။ ကဲ ခင်ဗျား တို့ လင်မယားထမင်းမစားရသေးဘူးဆိုရင် ချက်ပြုတ်စားဖို့ ဖွဲတစ်ဆုပ် ယူသွား... သွားတော့ ၊ သွားတော့"





ပြောပြောဆိုဆိုနှင့် ဖွဲတစ်ဆုပ် လက်ထဲထည့်ပြီး လှည့်ထွက်သွားသော ပီငိုယ၏ကျောပြင်ကို ခပ်စိမ်းစိမ်းကြည့်လိုက်သည်။ သူ့ထံ အကူအညီလာတောင်းစဉ်က မျက်နှာ၊ ပြောဆိုသည့် အသံများက ဘယ်မှာ ပျောက်ဆုံးသွားသည် မသိ။ ကျေးဇူးမဲ့သူကို မျက်ဝါးထင်ထင် မြင်ရ၍ အံ့သြမိသည်။ ဒေါသ ဖြစ်မိသည်။

သူဌေးသခ်သည် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ဇရပ်သို့ ပြန်အလာတွင် တဇည့်ဟောင်းတစ်ယောက်နှင့် တွေ့သည်။ ပီငိုယ ဆင်းရဲသွားစဉ် ငွေသာမက၊ လူပါ ထည့်ပေးလိုက်ရာ၊ ထိုသူက သူဌေးသခ်အဖြစ်ကိုမြင်ပြီး စိတ်မကောင်းဖြစ်သွားသည်။

သူဌေးသခ်၏ ကျွန်ဟောင်းများက သူဌေး၏ကိုယ်စား ဟစ်တိုင် တက်အော်ရာ တရားဏာသီမင်း သိသဖြင့် မင်းရှေ့ရောက်သည်။ မင်းကြီးက သူဌေးပီငိုယ၏ယုတ်မာမှု ကြားသိရသော် ဥစ္စာ(?)

သည်။ မင်းကြီးက သူဌေးပီငိုယ၏ယုတ်မာမှု ကြားသိရသော် ဉည်းစိမ်ကို သိမ်းလျက် သခ်၏ လက်အပ်သည်။ သခ်ကမူ သူချေးထားသော ကုဋေလေးဆယ်သာယူပြီး ရာဇဂြိုဟ်သို့ပြန်လေ၏။

× × ×

သင်ခန်းစာ

အဘိဇ္ဈာများသူသည် တစ်ပါးသူကို မှုင်ငဲ့ကွက်တတ်၏။ ထိုစိတ်သည် ကိုယ်သာလျှင် ဖျက်စီးတတ်၏။

ကျမ်းကိုး

၅၅၀၊ အသမ္ပဒါနဝဂ်၊ အသမ္ပဒါနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ဂောဓက



www.burmeseclassic.com

www.burmeseclassic.com

# ကေသာဋက

ကျုပ်တို့ဇနီးမောင်နှံကို ခေါ်ကြတာက ကေသာဋက တဲ့။

လင်ကိုယ်မယားနှစ်ယောက်မှ ခြုံလွှာတစ်ထည်သာရှိလို့ ဂုဏ်ပြုခေါ်လိုက်တာပါ။ အဟဲ ... မရှက်ပါဘူး။ မရှိလို့ ပြောတာပဲ။ ဟုတ်တော့ ဟုတ်တယ်။ ကျုပ်တို့ လင်မယား ချမ်းသာပုံက သူခိုးငိုလောက်တယ်။ ကျုပ်မှာ ပုဆိုးတစ်ထည်၊ အဘွားကြီးမှာ လုံချည်တစ်ထည်။ ပြီးတော့ ခြုံလွှာတစ်ခု။ အင်္ကျီအစား ခြုံလွှာတစ်ခုသာ ပိုင်ဆိုင်တော့ ... ကျုပ်တို့ချင်း မညီညွတ်လို့ မရတော့ဘူး။ အိမ်မှာ နေခိုက်တော့ အကြောင်းမဟုတ်ဘူး။ ခြုံလွှာလေး တစ်ယောက်တစ်လှည့် ခြုံနေတယ်။ အင်း ... ပြောမယ့်သာ ပြောတာပါ။ကိုယ်ကယောက်ျားသားဆိုတော့အင်္ကျီမပါ၊ ဗလာကိုယ်တည်း နေလို့ရတယ်။ အဘွားကြီးက မိန်းမသားဆိုတော့ မတင့်တယ်ဘူး၊ သူ့ပဲ ဦးစားပေးရတာပေါ့။ အဲ ... အပြင် ထွက်ရင်တော့ လူမြင်ကောင်းအောင် လွှမ်းသွားရတယ်။ ကျုပ်သွားရင် အဘွားကြီးက အိမ်မှာနေ ... သူသွားတော့ ကျုပ်က အိမ်ထဲမှာ ကွေး။

"ရှင်မရေ... ခင်ဗျားနဲ့ကျုပ် ညီရလိမ့်မယ် ..."

တစ်နေ့သော နံနက်ခင်းတွင် ခြုံလွှာကို ပေါက်ဆပ်ပြာဖြင့် ဖွပ်လျှော်နေသော ပုဏ္ဏားမကြီးကို စကား စလိုက်သည်။ အဘွားကြီး က ဘာများလဲဟူသော အကြည့်ဖြင့် လှည့်ကြည့်သည်။





"ဇေတဝန်ကျောင်းမှာ ဘုရားရှင် တရားဟောနေတယ်။ ကျုပ် တရားနာ သွားချင်သဗျ"

"ဒါများ တိုင်ပင်နေစရာလား တော်...တရားနာသွားတာ ကောင်းမှုလုပ်တာများ"

"ဟုတ်ပါတယ် ... တရားနာတာ တိုင်ပင်စရာမဟုတ်ပေမယ့် ခြုံလွှာ ကိစ္စက"

"ဩော် ... ဒါများ၊ ယူသွားလေ ..."

"ယူသွားတာက ဟုတ်ပါတယ်။ ရှင်မအတွက် စဉ်းစားတာ၊ ရာသီဥတုက အေးတော့ ခြုံလွှာလေးက ညရေးညတာ လိုတယ်။ မင်းမှာ ခြုံလွှာမရှိတဲ့အပြင် တရားနာခွင့် မရတော့"

"ဒါအတွက် မကြောင့်ကြပါနဲ့။ တော်က ညပိုင်း သွားရင်၊ ကျုပ်က နေ့လယ်နေ့ခင်း သွားမှာပေါ့"

"အေး ... ဒီလိုဆိုရင်တော့ မဆိုးပါဘူး။ မယ်မင်း သဘောတူတယ်နော်။ ကျုပ်က ညပိုင်း၊ မယ်မင်းက နေ့ခင်းဘက်။ တရားပွဲသွားသူက ခြုံလွှာ ယူသွားကြေး"

"ဟုတ်ပါပြီတော် ..."

× × × × ×

ဒုလ္လဘတရားငါးပါးအနက် လူ့အဖြစ်ကိုရတယ်။လူဖြစ်ပြန်တော့လည်း၊ သာသနာတော် ပွင့်လင်းခိုက် ကြုံရပြန်တယ်။ ပြီးတော့ ဘုရားရှင်ဟောကြားတဲ့တရား နာခွင့်ရကြ၊ တရားအရသာ ခံစားခွင့်ရကြတယ်။ ကိုယ့်ရှေ့မှာတင် တရားအသိရသွားတာမြင်ရတော့ အားကျတယ်။ အခွင့်သာတုန်း ရှန်းလိုက်ချင်တဲ့ကျုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝတာဝန်ကျောင်းက တရားပွဲကို အားခဲလာမိတယ်။

အဘွားကြီး ရှော့ဖွပ်ထားတဲ့ခြုံလွှာလေး ပခုံးပေါ်တင် ပြီး ဘုရားကျောင်းတော်ကို လှမ်းခဲ့တယ်။ ကျုပ် ဝမ်းသာလွန်းလို့ ရင်ထဲ တလှုပ်လှုပ်။

တရားပွဲရောက်တော့ ဘုရားရှင်ပင် ပလ္လင်ပေါ် ရောက်နေပြီ။

ကျုပ်လည်း သင့်တင့်တဲ့နေရာမှာ ဝင်နေရာယူပြီး ဦးခိုက် ပူဇော်လိုက်တယ်။ ပြီးတော့ တရားတော်ကို အာရုံစိုက် နာယူနေ မိတယ်။

ဘုရားရှင်ဟာ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ကို အစဉ်အတိုင်း တရားပြ ဟောပါတယ်။ အာရုံကို တရားအပေါ် စူးစိုက်နှစ်မြှုပ်ထားလို့ စိတ်က ငြိမ်းချမ်းမှု ရသလိုပါပဲ။

ဘုရားရှင်က ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏနဲ့ပတ်သက်လို့ အသေးစိတ် ရှင်းပြတယ်။

ဇာတိကြောင့်ဖြစ်လာတဲ့ ရုပ်နာမ်ခန္ဓာဟာ ဇရာ၊ ဗျာဓိ၊ မရဏတရားအရ မလွဲမသွေ ရင်ဆိုင်ရမယ်။ ဒီဘေးက လွတ်စရာ မရှိဘူး။ ရှောင်ပုန်းလို့ မရဘူး။

ခန္ဓာရှိရင် ဒုက္ခ ကပ်ပါလာတယ်။ ကာယိက ဒုက္ခ၊ မာန သိက ဒုက္ခ ခံစားရတယ်။ ဒီ ဒုက္ခပြသူဟာ ဘယ်လိုမှ ချမ်းသာရာ မရနိုင်ဘူး။

ကျုပ်ဟာ တရားနှုတ်နဲ့ကိုယ်နဲ့ကပ်ပြီး ဆင်ခြင်ကြည့် လိုက်တော့ "မှန်လိုက်လေခြင်း"လို့သာ ရင်ထဲက ရေရွတ်မိတယ်။ ဆင်းရဲတဲ့ဒုက္ခကို စာဖွဲ့စရာမလိုအောင် သိနေတာကိုး။





ဇာတိရဲ့နောက်က ကပ်ပါလာတဲ့ ဇရာ။ ဒါကလည်း ပြော စရာမလိုအောင် ကြုံတွေ့နေရတော့ စာသိမဟုတ်ဘူး။ ငါသိ၊ ခန္ဓာသိ၊ ဘဝသိလို့ပင် ပြောရမယ်။ ဒါဆိုရင် နောက်ထပ် ကြုံတွေ့ရမယ့် ဗျာဓိ၊ မရဏ။ ဒါတွေကို မလွဲမသွေ ကြုံရမယ်။ အင်း ဟုတ်ပါတယ် လေ ... မျက်စိအောက်မှာ နာကြ၊ သေကြ တာတွေ နည်း မှတ်လို့။ သာဝတ္ထိပြည်မှာ တစ်နေ့တစ်ယောက် အနည်းဆုံးသေနေတာ ကလား။ ဒါဆို တစ်လ သုံးဆယ်။ တစ်နှစ် သုံးရာခြောက်ဆယ်ငါး။ တရား ကျစရာပါ။

ကျုပ်က တရားသဘောကို ဆင်ခြင်နေစဉ် ဘုရားရှင် က ထပ်မိန့်တယ်။ "ဒုက္ခချုပ်ချင်ရင် တဏှာဖြတ်" တဲ့ ။ "အကြောင်းရင်း ပျက်ရင် အကျိုးလည်းပျက်မယ်"တဲ့။ ဟောသမျှ ကျုပ်မှတ်မိနေတဲ့ တရားစု ရှိပါတယ်။

"ငြိမ်းချမ်းမှုအမှန် နိဗ္ဗာန်ရဲ့အခြေခံဟာ ရာဂ ကင်းကွာမှု၊ ရာဂကင်းကွာမှုရဲ့ ကောင်းတဲ့အခြေခံဟာ မှန်ကန်တဲ့ အသိ။ အသိ ရဲ့အခြေခံဟာ သမာဓိ။ သမာဓိရဲ့အခြေခံဟာ ကာယိက သုခနဲ့ မာနသိကသုခ။ အဲဒါရဲ့အခြေခံဟာ ပီတိ။ ပီတိရဲ့အခြေခံဟာ စိတ် ရှင်လန်းမှု။ စိတ်ရှင်လန်းမှုရဲ့ အခြေခံဟာ မကောင်းမှု ကြောင့် ဖြစ်တဲ့ စိတ်ညစ်ညူးမှု။ အဲဒါရဲ့ အခြေခံဟာ စင်ကြယ်တဲ့အကျင့်။ ဒါကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ သီလကို အားထားကြ" တဲ့။

ကျုပ်ဟာ တရားစဉ်ကို ရှင်းရှင်းလင်းလင်း နားလည် လိုက်တယ်။ ဒီတော့ တွယ်တာမှုသံယောဇဉ်စိတ် လျော့နည်းသွား တယ်။ သဒ္ဓါတရားတက်လာတယ်။ ဒီအခါမှာ တစ်ထည်တည်း သော ခြုံလွှာကို ဖမ်းကိုင်လိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ထဲမှာ လှူချင်တာ အမှန်ပါ။ ဒါကြောင့် လင်ကိုယ်မယား နှစ်ယောက်မှ တစ်ထည်တည်းပိုင်တဲ့ ခြုံလွှာကို လှူဖို့ ကြံစည်မိတယ်။

ဒါပေမဲ့ မနက်ပိုင်းတုန်းက ခြုံလွှာကို ဒုကုဋ်ခံ လျှော်ဖွပ်နေတဲ့ အဘွားကြီးရုပ်သွင်က ဖျတ်ခနဲပေါ်လာတယ်။

"သွားပါတော် ... နောက်တစ်နေ့မနက်မှာတော့ ဒီခြုံလွှာရဲ့ ပိုင်ရှင်ဟာ ကျုပ်ဆိုတာတော့ မမေ့ပါနဲ့"

ပိုင်ဆိုင်ခွင့် အလှည့်ကို ငံ့မျှော် စောင့်စားနေမည့် အဘွားကြီး ၏ အသွင် ပေါ်လာ၍ ခြုံလွှာကို ပြန်လွှတ်လိုက်သည်။

"အင်း ... ငါက တော်တော်မတရားတာပဲ။ နှစ်ဦးပိုင်ပစ္စည်းကို မောင်ပိုင်စီး၊ ထင်ရာပြုဖို့ စိတ်ကူးတာဟာ မတော်ပါလား။ ငါက လှူရင် နောက်နေ့တရားပွဲ အဘွားကြီး ဘယ်လိုသွားမလဲ"

ကျွန်ုပ်၏သဒ္ဓါစိတ်ကို မစ္ဆရိယစိတ်က ထိုးနှက်ဖြိုခွဲလိုက်သဖြင့် ရုတ်ခြည်းပျက်ပြယ်သွားရသည်။ ခြုံလွှာလေးကို ပခုံး ထက် တင်ပြီး တရားဆက်နာမိပြန်သည်။

ဘုရားရှင်က မိုးသီးမိုးပေါက်ရွာသည့်အလား တရားကို ဆက်ဟောသည်။

"ငါ ... လို့ စွဲနေတာကို ဖျောက်။ ငါဟာ ငါ့ပစ္စည်း ဆိုတဲ့ အစွဲ ပယ်။ ရောဂါဘယဘေး နှိပ်စက်တဲ့ ဒီခန္ဓာကိုယ်ဟာ သူ့အလိုအတိုင်း ဘာမှမဖြစ်ဘူး။ ကာမဂုဏ် အာရုံခံစားမှုဟာ တင်းတိမ်ရောင့်ရဲမှု ဘယ်အခါမှမဖြစ်ဘူး"

အင်း ... မှန်တာပဲ။ ကာမဂုဏ်အာရုံဟာ ဘယ်မှာတင်းတိမ်ရောင့်ရဲမလဲ။ ခြုံလွှာတစ်ထည်ရှိတဲ့ ငါက နှစ်ထည်ရချင်တယ်။





ဒါမှ လင်မယားနှစ်ယောက် ပြည့်စုံမယ်လို့ တွေးတာကိုး။ အဲ ... တကယ်တမ်း နှစ်ထည်ရရင် တင်းတိမ်မလား၊ အမှန်တော့ ဒါတွေက သခါရတရားတွေပါ။ အဘွားကြီးကို ငဲ့ကွက်တဲ့စိတ်ဆိုတာကလည်း အမှန်ကတော့ ကိုယ့်ကိုယ်ကိုယ် ငဲ့နေတာပါ။

သည်အတွေးဝင်လာတော့ ခြုံလွှာကို လက်ပြန်ထိလိုက်တယ်။

ကျွန်ုပ်သည် တရားနာနေစဉ်တစ်လျှောက်လုံး ခြုံလွှာကို ဆွဲချလိုက်၊ ပြန်တင်လိုက်နှင့် ချီတုံချတုံ ဖြစ်နေတယ်။ သဒ္ဓါစိတ်နှင့် မစ္ဆရိယစိတ်က အပြန်အလှန် လွန်ဆွဲသလို တိုက်ခိုက်နေတာ ကျုပ်ခန္ဓာ တစ်ခုလုံး ယိမ်းထိုးနေတယ်။

နောက်ဆုံးတော့ တရားအသိကို ဦးနှောက်နဲ့ ပြန်ဆင်ခြင်လိုက်တယ်။ ပြီးတော့ ခြုံလွှာလေးကို ဘုရားရှင်ရဲ့ ခြေရင်းမှာ ပုံလိုက်ပါတော့တယ်။

ဇိတံမေ ... အောင်ပြီ။
ဇိတံမေ ... အောင်ပြီ။
ဇိတံမေ ... အောင်ပြီ။

× × ×

သင်ခန်းစာ

မိမိကိုယ်ကို အောင်နိုင်ခြင်းသည် အမြတ်ဆုံး အောင်မြင်ခြင်းဖြစ်သည်။

ကျမ်းကိုး

ဇိနတ္ထပကာသနီ



www.burmeseclassic.com

www.burmeseclassic.com

## မိစ္ဆာဒိဋ္ဌိ (မှားယွင်းသောအယူ)

ဒိဋ္ဌိဟူသည် အယူဝါဒဖြစ်သည်။

သမ္မာဒိဋ္ဌိကား မှန်ကန်သောအယူဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိကား မှားယွင်းသောအယူဖြစ်သည်။

အယူမှားလျှင် အသိမှားသည်။ အသိမှားလျှင် အပြုမှားသည်။ ထိုအခါ မကောင်းမှု ဒုစရိုက်မှု ကျူးလွန်ရာ ရောက်သည်။ မသိ၍သော်လည်းကောင်း၊ သိ၍သော်လည်းကောင်း ကျူးလွန်မိလျှင် အပါယ်ငရဲ နှင့် ဆင်းရဲရောက်ရာ၏။

မိစ္ဆာဒိဋ္ဌိအယူ ရှိသူသည် ကံ ကံ၏အကျိုး ပယ်သည်။ ကံ၏အကြောင်းပယ်သည်။ ကံဟူသည် အတိတ်ကံ၊ အနာဂတ်ကံ ဟူ၍ ရှိသည်။ ကံကိုပယ်သဖြင့် ဘဝကိုပယ်သည်။ ဒါနကို ပယ်သည်။ မိဘကျေးဇူးကို ပယ်သည်။ ဤသို့ ပယ်သဖြင့် ငြိမ်းချမ်းသော လောကကို ပျက်စီးစေ၏။

မိစ္ဆာဒိဋ္ဌိအယူကို လက်ခံယုံကြည်သဖြင့် ငရဲ ပြိတ္တာ ဘုံ ကျတတ်သည့် သာဓကကို "ခွေးကျင့်ခွေးကြံ" တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

မူလက မိစ္ဆာဒိဋ္ဌိအယူ ယူမိသော်လည်း အမြင်မှန်၊ အသိမှန် ရသဖြင့် အချိန်မီပြုပြင်သောကြောင့် သံသရာမှ လွန်မြောက်ရသည့်အဖြစ်ကို "အမှန်လမ်း" တွင် ဖတ်ရှု လေ့လာနိုင်ပါသည်။

အမြင်မှန်ရှင်သန်ကြစေလို့။

**မြတ်ပန်းရဂုံစာပေ**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေးကျင့်ရွှေးကြံ



www.burmeseclassic.com

# ခွေးကျင့်ခွေးကြံ

မြတ်ဘုရား ပွင့်တော်မမူမီကပင် မဇ္ဈိမဒေသ၌ ဝါဒရှင်တွေ မှိုလို ပေါက်နေသည်။

ပူရာဏကဿပက အကိရိယဝါဒ ထူထောင်သည်။ ယင်းဝါဒ၏ အယူမှာ အတ္တသည် ရုပ်မဟုတ်၊ နာမ်သက်သက်ဖြစ်သည်။ လူကိုသတ်သည်မှာ ရုပ်ကိုသာသတ်၍ နာမ်ကို မထိခိုက်။ အတ္တသည် ရုပ်နှင့်ကြောင်းကျိုးဆက်စပ်မှုမရှိ။ အတ္တက ဘာမျှ မလုပ်တတ်။ ပြုလုပ်မှုမှန်သမျှ ရုပ်ကသာလုပ်သည်။ ခိုးဝှက်ခြင်း၊ လူသတ်ခြင်းမှာ အတ္တနှင့်မဆိုင်။ ပြုလုပ်လည်း မကောင်းမှု ပြုရာမရောက်။ အကုသိုလ်ကံလည်း မဖြစ်။ ယင်းဝါဒသည် အကြောင်းကိုလည်း ပယ်၏။ အကျိုးလည်းပယ်၏။

မက္ခလိဂေါသာလက အဟေတုကဝါဒ ထူထောင်သည်။ ယင်းဝါဒအရ အဖြစ်အပျက်သည် ကြိုတင်စီစဉ်ချက်အရ ဖြစ်သည်။ နိဗ္ဗာန်ရောက်ရန် ကျင့်ဖို့မလို။ ကျင့်သူရော မကျင့်သူပါ ကပ်ကမ္ဘာရှစ်သန်းလေးသိန်းရောက်လျှင် ဒုက္ခဆုံး၍ အားလုံး သုခဘုံရောက်မည်။ ကျင့်သူရော၊ မကျင့်သူပါ အလားတူခံစားရမည်။ ယင်းဝါဒက အတိတ်ကံပယ်သည်။ အကြောင်းပယ်သော ဝါဒဖြစ်သည်။

အဇိတကေသကမ္ဗလက အနတ္ထိကဝါဒ ဟောပြောသည်။





လူသည် သေလျှင်ပြတ်၏။ နောက်ဘဝဟူ၍ မရှိ။ နောက်ဘဝရှိသည်၊ လှူလျှင် အကျိုးရှိသည်၊ မိဘကျေးဇူး ရှိသည်ဆိုခြင်းမှာ လိမ်ညာမှုသာ၊ ကောင်းတာလုပ်လည်း အကျိုးမရှိ။ မကောင်းတာလုပ်လည်း အပြစ်မရှိ။ ဤဝါဒသည် အကျိုးဆိုပယ်သည်။

ပကုဓကစ္စာယနက အကတဝါဒ ထူထောင်သည်။ အတ္တသည် မလှုပ်ရှား၊ ငြိမ်နေသည်၊ ၎င်းကို ကာယ ဟုခေါ်သည်။ ပထဝီ၊ တေဇော်၊ အာပေါ၊ ဝါယော၊ သုခ၊ ဒုက္ခ၊ ဇီဝ ဟူသော (၇)ပါး ရှိသည်။ ဤ(၇)ပါးသည် ဘာမျှမလုပ်။ မဖန်ဆင်းတတ်။ အတိုးအဆုတ်မရှိ။

ပေလဋ္ဌပုတ္တက အနိစ္ဆိတဝါဒ ထူထောင်ထားသည်။ သူသည် သူ့ဝါဒသာအကောင်းမြင်ပြီး အခြားဝါဒများ၏အပြစ်ကိုသာ ထောက်ပြတတ်သည်။ သည်လိုမယူ၊ ဟိုလိုလည်းမယူ၊ အခြားတစ်မျိုးလည်း မယူ၊ မယူဘူးဆိုတာလည်း မဟုတ်ဘူးဟု ဟောသည်။ အများနှင့် ဆန့်ကျင်ဘက်ပြုသည်မှာ သူ့ဝါဒဖြစ်သည်။

နိဂဏ္ဌတို့ကျင့်သုံးသည်က စတုယာမ သံဝရဝါဒဖြစ်သည်။ နိဂဏ္ဌတို့က ငါတို့၌ ကိလေသာ နှောင်ဖွဲ့မှုမရှိ။ သံသရာ၌ ကြောင့်ကြခြင်း မရှိ။ လယ်ယာခြံမြေ ၊ သားမယားလည်း သိမ်းဆည်းခြင်း မရှိ။ ကိလေသာအာရုံ မရှိဟုဆိုပြီး ဝတ်လစ်စလစ် နေသည်။

ထိုစဉ်က ထင်ရှားပြီး အင်အားကောင်းသော ဝါဒရှင် (၆)ဦး ရှိသည်။ သူတို့နည်းတူ ကိုယ်ပိုင်ဝါဒ၊ ကိုယ်ပိုင်ကျင့်စဉ်ဖြင့် လှုပ်ရှားနေသူများလည်း ရှိသည်။

ခွေးအကျင့် ကျင့်သည့် ကောရခတ္တိယ၊ နွားအကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သည့် ပုဏ္ဏ၊ လင်းနို့အကျင့် ကျင့်သည့် ကုဟက၊ သမင်အကျင့် ကျင့်သူ ဟူ၍ ခြိုးခြံမှုကို သူ့ထက်ငါ အလုအယက်ပြုလျက် အကြည်ညိုခံကြသည်။

နွားအကျင့်ကျင့်သူက နွားကဲ့သို့ ခေါင်းတွင် ဦးချိုတပ်သည်။ တင်ပါး၌ အမြီးတပ်သည်။ နွားကဲ့သို့ လေးဘက်ထောက်သွားသည်။ အိပ်သည့်အခါ နွားကဲ့သို့ လက်နှစ်ချောင်း ရှေ့ပစ်လျက် ခေါင်းတင် အိပ်သည်။ နွားက အဝတ်မဝတ်သကဲ့သို့ သူတို့လည်း မဝတ်။ နွားက မြက်စား၍ သူတို့လည်း မြက်စား၏။

ခွေးအကျင့် ကျင့်သူက ခွေးနှယ် အမြီးတပ်၏။ လေးဖက်ထောက်သွား၏။ အဝတ်မဝတ်။ ကျင်ငယ်စွန့်လျှင် ခွေးကဲ့သို့ ချုံပုတ်၊ ငုတ်တိုင်တွေကို ပန်းသည်။ အစားအစာကို ပန်းကန်နှင့် ထည့်ကျွေးလျှင် မစား။ မြေပေါ်ပုံကျွေးသည်ကို ပါးစပ်နှင့် ဟပ်စားသည်။ အိပ်လျှင် မြာပုံထိုးအိပ်သည်။

ဤသို့ ကျင့်သည်မှာ ကိလေသာကုန်ခန်းပြီး တွယ်တာမှုကင်းသည့်၊ မြင့်မြတ်သည့် ကျင့်စဉ်ဟု ခံယူကြသည်။ အသိမဲ့သူတို့က အထင်တကြီး ကိုးကွယ်ကြသည်။

× × ×

ကောရခတ္တိယ တက္ကတွန်းသည် ခွေးအကျင့်ကျင့်သူ ဖြစ်သည်။ ခွေးကဲ့သို့ ကျင့်ကြံနေထိုင်သဖြင့် အသိဉာဏ်မဲ့သော သူများက အထင်တကြီး ကိုးကွယ်ကြသည်။ မြတ်ဘုရားကို အလုပ်အကျွေးပြုနေသော လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ကောရခတ္တိယကို တွေ့သော် အကျင့်မြတ်ရှိသူ ဟု ထင်ခဲ့သည်။





"မြတ်ဘုရား၊ ကောရခတ္တိယလို အကျင့်မြတ်ရှိသူက ရှားပါတ

လူဖြစ်လျက် ယုတ်နိမ့်သောခွေးကို အတုယူ နေထိုင်ခြင်းမှာ မှားသည်ဟု ဘုရားရှင်က ဆုံးမသည်။ မှန်စွာဆုံးမသည်ကို အသိဉာဏ်မဲ့သော သုနက္ခတ္တကမနာယူ။ တစ်ဖက်သား လုပ်သည်ကို မလုပ်နိုင်၍ အပြစ်စကား ပြောသည်ဟု ယူဆသည်။ နောင်တွင် သာသနာတော်မှထွက်လျက် တိတ္ထိအဖြစ် ကူးပြောင်းသွားသည်

တစ်ခါသော် ခွေးအကျင့်ကျင့်သော ကောရခတ္တိယနှင့် နွားအကျင့်ကျင့်သော ပုဏ္ဏတို့ ဆုံစည်းသည်။ သူ့အကျင့်က မြတ်သည်၊ ငါ့အကျင့်က မြတ်သည်ဟု စကားနိုင်လုသည်။ သူတို့ နှစ်ဦးသည် ဘုရားရှင်ထံရောက်လာသည်။

"ရှင်တော်ဘုရား၊ ကောလိယပြည်သား သေနိယဟာ ခွေး အကျင့် ကျင့်သူပါ၊ သူဟာ သေရင် ဘယ်ဘုံကို လားမလဲ"

"ပုဏ္ဏ၊ ဒီ အမေးမျိုး မမေးနဲ့"

"လားရာအရပ်ကို ဘုရားရှင် မသိလို့လား"

"ငါသိတယ် ပုဏ္ဏ၊ ဖြေရန် မသင့်"

"ပြဿနာအမှန်ကိုသိရင် ရှင်းလင်းအောင် အဖြေပေး သင့်တယ်မဟုတ်လား ဘုရား"

"သင် မမေးပါနဲ့ ပုဏ္ဏ"

ဘုရားရှင်က ပုဏ္ဏ၏ အမေးကို သုံးကြိမ်တိုင်တိုင် ပယ်သည်။ သို့သော် ပုဏ္ဏရော၊ သေနိယပါ အဖန်တလဲလဲ လျှောက်မေးသည်။

မှန်သော်ငြားလည်း အကျိုးမရှိသောစကားကို ဘုရားရှ



www.burmeseclassic.com

www.burmeseclassic.com



တို့က ပြောလေ့ မရှိ၊ မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ နာသူလည်း နှစ်သက်သည့်စကားမျိုးကိုသာ ပြောလေ့ရှိရာ ဘုရားရှင်က ငြင်း ပယ်သည်။ သို့သော် ထပ်ပြန်တလဲလဲ မေးသဖြင့် ပုဂ္ဂလာဓိဋ္ဌာန် စကား ဖြင့် မဖြေ၊ ဓမ္မာဓိဋ္ဌာန်ကျကျ ဖြေသည်။

"အချင်းပုဏ္ဏ၊ လောက၌ အချို့သောပုဂ္ဂိုလ်သည် ခွေးအကျင့် ကျင့်၏။ ကြိမ်ဖန်များစွာ ခွေးအကျင့်အတိုင်း လုပ်၏။ ခွေး၏ စိတ်အတိုင်း ကြိမ်ဖန်များစွာ ပွားများ၏။ ခွေးအမူအရာ အတိုင်းနေ၏။ ထိုပုဂ္ဂိုလ်သေလျှင် ခွေးဖြစ်ဖို့များတယ် ..."

"ဩော် ... တပည့်တော် သဘောပေါက်ပြီ"

"ပုဏ္ဏ၊ ခွေးအကျင့်ဟာ ခြိုးခြံရာ ကျတယ်၊ မြင့်မြတ်တယ်၊ ဒီအကျင့်ကျင့်လို့ နတ်၊ ဗြဟ္မာဖြစ်နိုင်တယ်လို့ ယူဆရင်များတယ်။ ဒါဟာ မိစ္ဆာဒိဋ္ဌိအယူ ဖြစ်မေတယ်"

"ဟင် ..."

"ပုဏ္ဏ၊ အဲဒီအယူကြောင့် လားရာကား ငရဲနှင့်တိရစ္ဆာန် ဂတိနှစ်မျိုးသာ ဖြစ်ဖို့ များတယ် ..."

ထိုသို့ မိန့်ကြားသည့် စကား ကြားသော် ခွေးအကျင့် ကျင့်သူ ပုဏ္ဏ ချုံးပွဲချငိုတော့သည်၊ သူ့အမှားကို မြင်လေ၏။

× × ×

**သင်ခန်းစာ**

အကျင့်မှားက ငရဲလား၏။

**ကျမ်းကိုး**

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကုက္ကုရဝတိကသုတ်

**မြတ်ပန်းရဂုံစာပေ**

# အမှန်လမ်း



www.burmeseclassic.com

www.burmeseclassic.com

# အမှန်လမ်း

"ရာပြည့်မ၊ ဟဲ့ မိန်းကလေး ... ထတော့၊ မိုးလင်းနေပြီ"

အမေ၏အသံကို နားထဲကကြားနေသည်။ သို့သော် ချမ်းအေးသည့်ဤအချိန်တွင် စောင်ခြုံထဲ ကွေးနေချင်သဖြင့် မကြားသယောင် ဆောင်နေလိုက်သည်။

"ဟဲ့ မိရာပြည့်၊ အိပ်ပုပ် က ဒီလောက် ကြီးရသလား။ ဘယ့်နှယ့် တော် ကလေးပီပီ ဖျတ်ဖျတ်လတ်လတ် မရှိဘူး။ ခက်တယ် ... ညည်းပုံနဲ့ ရှေ့ဆက် လူလုပ်ဖို့ခက်ဦးမယ်။ ဟဲ့ ... မိရာပြည့်"

ပါးစပ်နှင့် နှိုးနေရာ တုတ်တုတ်မျှ မလှုပ်သဖြင့် အမေက တင်ပါးကိုဖျန်းခနဲရိုက်ချလိုက်သည်။ အမေ စနှိုးစဉ် ကတည်းက နိုးနေသော်လည်း အပျင်းကြော ထူသဖြင့် အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ ကြာတော့ အမေက စိတ်ရှည်ဟန်မတူ။ တင်ပါးကို ရိုက်ချ လိုက်သည်။ ထိုအခါမှ နိုးလေဟန်ဖြင့် ညည်းညူသံပြုလိုက်သည်။

"အင်း ..."

အပျင်းကြော ရှည်ရှည်ဆွဲပြီး ဘယ်ဘက် စောင်းပြီး ကွေးနေရာမှ ညာဘက် ပြောင်းသည်။ လပ်သွားသော စောင်ကို





ပြင်ခြုံလိုက်ပြီး ပိုးတုံးလုံးကောင်နှယ် ငြိမ်လျက်၊ ကွေးလျက်၊ မလှုပ်မယှက် နေလိုက်သည်။

"ရော် ... ဒီကလေးမတော့ ခက်တယ်။ ကိုယ့်ကိုယ်ကိုယ် ဘာမှန်း မသိဘူး။ ကိုယ့်အလုပ်ကို မသိဘူး။ ကိုယ်က ကျွန်။ သူများအိမ်မှာ အမှုလုပ်ရတဲ့ကျွန်။ ကျွန်က သခင်လို ဇိမ်ခံလို့ မရဘူးဆိုတာ မသိရှာသလား ... စောစောထပြီး လုပ်သင့်တာ လုပ်ရမယ်မှန်းမသိဘူး။ ခက်တယ်။ ဒီလိုနေပုံ စားပုံနဲ့တော့ ခက်ဦးမယ်၊ ဟဲ့ ရာပြည့်မ။ ထလေ ... ထတော့လေ"

"အင်းပါ အမေရယ် ..."

"ဟဲ့ ၊ အင်းပါ လုပ်မနေပါနဲ့။ မြစ်ဆိပ်သွားပြီး အိုးခွက်ပန်းကန်တွေဆေးဖို့ရှိတယ်လေ။ တော်ကြာ အလုပ်မပြီးလို့ အရိုက်အပုတ် ခံနေရမယ်"

"သိပါတယ် အမေရာ ..."

"ဘာသိတာလဲ ... ထ။ ခုချက်ချင်းထ"

ရာပြည့်မသည် အိပ်ချင်စိတ်ကဲလွန်နေသော်လည်း အမေ့ဩဝါဒကြောင့် ဆက်အိပ်၍မရတော့။ စည်းစိမ်ခံ၍ မဖြစ်တော့။ အိပ်ရာက ထရတော့မည်။

ရာပြည့်မတာဝန်က တစ်အိမ်လုံးစားပြီး ပစ်ထားသည့် ပန်းကန်ခွက်ယောက်တွေ ဆေးကြောရမည်။

ဤတာဝန်ကို သူဌေးက ပေးထားသည်၊ အနာထပိဏ် သူဌေးအိမ်တွင် လုပ်ရသော အိမ်စေကျွန်များအဖို့ ဤအလုပ်က အသက်သာဆုံး။ ထိုသက်သာသည့် အလုပ်ကို သူ့ ပေးထားသည်။

www.burmeseclassic.com



ကျွန်တစ်ရာပြည့်သည့်နေ့တွင် မွေးလာသူ၊ အတိတ်ကောင်း၊ နိမိတ်ကောင်းသူလေးဟုဆို၍ သူဌေးက အထူးအခွင့်အရေးပေးထားသည်။ သူဌေးက ပစားပေးသဖြင့်လည်း အားလုံးက ရာပြည့်မကို ခွင့်လွှတ်ကြပေသည်။

× × ×

ရာပြည့်မသည် မှောင်နှင့်မည်းမည်းတွင် ပန်းကန်ခွက်ယောက်များကို တောင်းတစ်လုံးထဲ စုထည့်လျက် မြစ်ဆိပ်ဆင်းခဲ့သည်။

အမှန်တော့ သည်အချိန်မျိုးတွင် အိပ်ရာထဲ၌ ဇိမ်ခံချင်သည်။ လဲလျောင်းလျက် စိတ်ကူးယဉ်နေချင်သည်။ သို့သော် စိတ်ကူးယဉ်ခွင့် မသာ။ တာဝန်က ရှိနေလေသည်။

"ဖျော ... ဖရှူး ဖရှူး"

ရာပြည့်မ မြစ်ဆိပ်ဆင်းပြီး ပန်းကန်ဆေးရန်ကြံစဉ် မမျှော်လင့်သော အသံကြားရ၍ တုန်လှုပ်သွားသည်။ ကြောက်စိတ်ဖြင့် "ဗုဒ္ဓေါ" ဟုပင် တမိသည်။

"အား ..."

ရုတ်တရက်အော်လိုက်သည့်အသံကြောင့် ရာပြည့်မ ကမ်းပေါ်တက်ပြေးရန်ကြံမိသည်။ သို့သော် တွေးတောဆင်ခြင်စိတ်က ချက်ချင်းဝင်လာသဖြင့် သေသေချာချာ ကြည့်လိုက်သည်။

ရာပြည့်မ ဦးဆုံးကြားရသည့်အသံက တစ်စုံတစ်ယောက်၏ ရိုက်ခတ်မှုကြောင့် ရေပြင်လှုပ်ရှားသွားသည့်အသံ။ ထိုအသံဖြစ်ပြီး





မရှေး မနှောင်းမှာပင် မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာသည်။ ရေသရဲလား၊ ရေနဂါးလား၊ ငါး တစ်မျိုးမျိုးလားဟု တွေးနေစဉ် အသံ ညှစ် အော်လိုက်သံကြောင့် ရာပြည့်မ တုန်ယင်သွားသည်။

"ဟင် ... သောတ္တိယ ဆရာကြီးပါလား"

ရာပြည့်မ နှုတ်က ရေရွတ်လိုက်သည်။

သောတ္တိယဟူသော ပုဂ္ဂိုလ်ကြီးကား သာဝတ္ထိမြို့က ထင်ရှားသော ဗြာဟ္မဏကြီး။ အမျိုးမြတ်ခြင်း၊ ဝေဒကျမ်း တတ်မြောက်ခြင်း၊ အကျင့်သိက္ခာ ပြည့်စုံခြင်းကြောင့် ထင်ရှားသည်။ ပညာရှိကြီးဟူ၍ လူအများ၏ဆည်းကပ်မှု ခံရသည်။

"ကျွန်မက ဘယ်သူများလဲလို့ လက်စသတ်တော့ ဆရာကြီးပဲ။ ဘယ်လိုဖြစ်ရတာလဲ ဆရာကြီးရယ်၊ ချမ်းချမ်းစီးစီး အချိန်မှာ ရေချိုးနေရတယ်လို့"

"ဒါ နင့်အရာလား ... ငါ ဘာလုပ်လုပ် ပေါ့"

စိတ်ဆိုးမာန်ဆိုးနှင့်ပြောဆိုပြီး ကမ်းပေါ်ခုန်တက် သွားသည့် ပညာရှိကြီးကိုကြည့်လျက် ရာပြည့်မ ကျိတ်ရယ်လိုက်မိပေသည်။

× × ×

"ဒီမှာဆရာကြီးရယ် ... ကျွန်မ မသိလို့ မေးစမ်းပါရစေ။ ဒီလောက်ချမ်းအေးတဲ့ အခါကြီးမှာ ဆရာကြီးက ဘာကြောင့် ရေလာစိမ်တာလဲ"

"ဟေ ... ဒါ တို့ ဗြာဟ္မဏတွေ ရဲ့ ကျင့်ဝတ်လေ ... မကောင်းမှု ကုသိုလ်ကံတွေ ကင်းစင်အောင် ရေချိုး၊ ရေစိမ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြုမိတဲ့ အပြစ်က ရေနဲ့ ဆေးကြောမှ သန့်စင်တယ်လေ ... တို့ ဗြဟ္မဏာမှန်သမျှ ဒီအမှုပြုကြတယ် ..."

"ရှင် ..."

သောတ္တိယဆရာကြီးထံမှ စကားကြားရသော် ရာပြည့်မ၏ကနားမလည်နိုင်အောင်ဖြစ်သွားသည်။ မျက်မှောင်ကြုတ် စဉ်းစား လိုက်သည်။ သူပေးသည့်အဖြေကို ခေါင်းနောက်အောင် စဉ်းစားနေသော ရာပြည့်မအား ကြည့်လျက် ဆရာကြီးက သိဝှက်သောအပြုံးဖြင့် ပြုံးလိုက်သည်။

"အင်း ... ဒါစဉ်းစားစရာပဲ။ မကောင်းမှုတွေကို ရေနဲ့ဆေးလို့ အပြစ်ကင်းတယ်ဆိုရင် ရေထဲ အမြဲနေတဲ့ငါး၊ လိပ်၊ မကန်း၊ မိကျောင်းတွေဟာ သူတော်ကောင်းပေါ့နော် ..."

"ဟေ ..."

သောတ္တိယသည် ရာပြည့်မ၏မှတ်ချက်ကြောင့် မျက်လုံးပြူးသွားသည်။ အံ့သြသည့်အမူအရာဖြင့် ကြည့်သည်။

"ဟုတ်တယ်လေ ... ဆရာကြီးတွေးသလို တွေးရမယ်ဆိုရင် မကောင်းမှုဒုစရိုက်အမှုကျူးလွန်တဲ့ သူခိုး၊ ဓားပြ၊ သူပုန်၊ လူသတ်သမားတွေဟာ သူတို့လုပ်ချင်တာ လုပ်လာပြီး ရေထဲခုန်ချလိုက်တာနဲ့ အပြစ်ကင်းပြီး နတ်ပြည် ရောက်ရောလား"

"ဟေ ... နင် ... နင်၊ ခွတိုက်နေတာလား"

"စိတ်မရှိပါနဲ့ ဆရာကြီးရယ်။ ကျွန်မ မြင်တာလေး ဆရာကြီးတင်ပြတာပါ။ ဆရာကြီး ခေါင်းအေးအေးနဲ့ စဉ်းစားပါ။ ဆရာကြီးဟာ မကောင်းမှုတွေကင်းစင်အောင် ရေနဲ့ဆေးကြောတယ်ဆိုရင်





တစ်သက်လုံး လုပ်ခဲ့တဲ့ ကောင်းမှုတွေရော ပါမသွားဘူးလား ..."

"အေ ..."

"တကယ်တော့ ဘာမှမသိတဲ့ရေက ကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိပါ့မလား။ အတူတူ ပါသွားမှာပေါ့။ ပမာ ပြောရရင် ကျွန်မ ဆေးကြောနေတဲ့ အိုးတွေခွက်တွေ ..., ဒီက ချေးညှော်တွေ ဆေးချလိုက်တော့ ကျွန်မလက်က အမွှေးနံ့သာ နဲ့ သနပ်ခါးတွေ ရောပါသွားတယ်။ ပါမှာပေါ့၊ ရေကိုး"

ရာပြည့်မ၏ ချက်ကျကျစကားကြောင့် သောတ္တိယ ပုဏ္ဏားကြီး တွေဝေသွားသည်၊ ရာပြည့်မအနား ချဉ်းကပ်လျက် စေ့စေ့ကြည့်သည်။

"နင်လေးက ငယ်ပေမယ့် အလာကြီး ပါလား ..."

"ကျွန်မကို ဒီလောက် မချီးကျူးပါနဲ့ ဆရာကြီး။ ကျွန်မ အသိ ပညာဟာ ဆရာကြီးဖဝါးမှာကပ်နေတဲ့ ဖုန်မှုန့်လောက်ပဲ ရှိပါတယ်။ ကျွန်မတွေးတာက ရေဟာကောင်းမှု၊ မကောင်းမှု ခွဲခြားဆုံးဖြတ်နိုင်ရိုးမှန်ရင် ကမ်းဘေးက အမှိုက်သရိုက်ပဲ သယ်ဆောင်သင့်တယ်။ ခုတော့ ကမ်းပါးမှာရှိတဲ့ စေတီပုထိုးတွေလည်း ဖျက်ဆီးပစ်တာ အထင်အရှားပဲ မို့လား"

"အာပါးပါး ပညာရှိမလေး၊ သင် ရှင်းပြလို့ကျုပ်သဘောပေါက်ပြီ။ ကြည့်စမ်း၊ ဒီအတွေးကို အစက မတွေးမိဘူး။ သူတော်ကောင်းမလေးရယ်...ရုပ်ဝတ္ထုကအညစ်အကြေးကို ရေနဲ့ဆေးက စင်ကြယ်နိုင်ပေမယ့် စိတ်အညစ်အကြေးကို ဘယ်လိုဆေးမလဲ။ ဒါလေးများ သိမလား"

"ဟုတ်ကဲ့၊ ဒါနဲ့ပတ်သက်လို့ ကျွန်မဉာဏ်နဲ့တော့ မသိပါဘူး။

www.burmeseclassic.com



ဒါပေမဲ့ ဘုရားရှင် ညွှန်ပြထားတာတော့ ရှိပါတယ် ..."

"ဟေ ... ဘုရားရှင်၊ ဂေါတမ ဗုဒ္ဓလား"

"ဘုရားရှင်ဆိုရင် ဂေါတမဗုဒ္ဓကလွဲပြီး တခြားရှိ ဦးမလား ဆရာကြီးရယ် ... ဘုရားရှင်က မိန့်ဖူးပါတယ်။ အကြင်သူဟာ မိုက်မှားသူကို မိုက်မှန်းသိက ပညာရှိဖြစ်တယ်။ မိုက်မှားသည်ကို မိုက်မဲမှန်း မသိမှသာ အကန်းအတိ ဖြစ်တဲ့ မိုက်မဲသူလို့ ဆိုသင့်တယ်တဲ့"

"ဟုတ်လား ... မင်းလေးက ဘုရားစကားတောင် သိသကိုး"

"ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီးရယ်၊ ဘုရားရှင်ရဲ့ ဥပါသကာအိမ်မှာ မွေးတဲ့သူပဲ။ ကြားဖူးတာပေါ့"

"အလိုလေးလေး၊ အရ တော်လိုက်တာ၊ မင်းလေးသာ သာသနာ့ဘောင်ဝင်ရင် ချက်ချင်းအသိဉာဏ် ရမှာပဲ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဘုရားရှင်က မိန့်ပါသေးတယ်။ ဆင်းရဲမှုကို ကြောက်သူဟာ မကောင်းမှုကို မပြုအပ်၊ အကယ်၍ ပြုဆဲဖြစ်ရင် တောင်ကြား လျှိုမြောင်ထဲ ပြေးပုန်းလည်း လွတ်လမ်းမရှိဘူး။ ဘုရား၊ တရား၊ သံဃာကိုဆည်းကပ်၊ သီလကို ဆောက်တည်ပါလို့ ကြားဖူးပါတယ် ..."

"အလိုလေးလေး၊ ကံထူးလိုက်ပါဘိ။ ကျုပ်ဒီနေ့ အိမ်က ထွက်လာမိတာ တကယ်ကံထူးတာပဲ။ ဟောဒီက သမီးငယ်နဲ့တွေ့ ရလို့ ကိုးကွယ်ဆည်းကပ်အပ်တဲ့ ပုဂ္ဂိုလ်၊ လျှောက်လှမ်းရမယ့် အမှန်လမ်းကို တွေ့ပြီ ..."

"ဒါဆို"





"ကျုပ် ခုချက်ချင်း ဇေတဝန်ကျောင်းသွားမယ်။ သရဏဂုံ [illegible]တဲ့ ဥပါသကာအဖြစ်ခံယူမယ်။ တကယ်လို့ ဘုရားရှင်က [illegible]ရင် ခွင့်ပြုတဲ့အချိန်ကျရင် သာသနာ့ဘောင် ဝင်မယ်"

"သာဓုပါရှင် ... သာဓုပါ"

သောတ္ထိယပုဏ္ဏားကြီးသည် ရာပြည့်မကို နှုတ်ဆက်လျက် သွက်လက်သောခြေလှမ်းဖြင့် ဇေတဝန်ကျောင်းသို့ ရှေးရှုလျှောက် နေပေပြီ။

မကြာမီတွင် သာဝတ္ထိမြို့၌ အုတ်အော်သောင်းနင်း သတင်း ကြီး ဖြစ်ပွားခဲ့သည်။ သပေါက်မလေး ပုဏ္ဏိကာက ပဏ္ဍိတ်ကြီး သောတ္ထိယကို တရားဟောသဖြင့် သာသနာ့ဘောင် ခိုဝင်သွား ကြောင်း၊ မကြာမီ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားကြောင်း ဖြစ်သည်။

× × ×

သင်ခန်းစာ

အမြင်မှန်၊အသိမှန်၊အကျင့်မှန်လျှင် အကျိုးရှိ၏။

ကျမ်းကိုး

ထေရီ အပဒါန်၊ ပုဏ္ဏိကာဝတ္ထု၊



BURMESE CLASSIC .com

www.burmeseclassic.com